International
Labour
Organization

# လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့် စပ်လျဉ်းသည့် နိုင်ငံတကာအလုပ်သမားရေးရာ စံချိန်စံညွှန်းများ

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၊ မြန်မာ

# လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့် စပ်လျဉ်းသည့် နိုင်ငံတကာအလုပ်သမားရေးရာ စံချိန်စံညွှန်းများ

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၊ မြန်မာ

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်စပ်လျဉ်း၍ အိုင်အယ်(လ်)အို၏ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာစံချိန်စံညွှန်းများဆိုင်ရာ လမ်းညွှန်

မူပိုင်ခွင့် © အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ ၂၀၂၀ ခုနှစ်

ဤလမ်းညွှန်စာအုပ်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံးက ထုတ်ဝေထားပြီး၊ Universal Copyright Convention ၏ Protocol အမှတ် (၂) အရ မူပိုင်ခွင့်ရထားသော စာစောင်ဖြစ်ပါသည်။ ဤစာစောင်မှ ကောက်နုတ်ချက်အချို့အား အသုံးပြုပါက၊ မူရင်းစာစောင်မှ အရင်းအမြစ်များကို ညွှန်းပြကိုးကားဖော်ပြထားလျှင် ခွင့်ပြုချက်တောင်းခံရန်မလိုပါ။ သို့သော် ပြန်လည်ထုတ်ဝေခွင့် သို့မဟုတ် ဘာသာပြန်ဆိုခွင့်အတွက်ဆိုပါမူ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့မှ ပုံနှိပ်ထုတ်ဝေသည် (ထုတ်ဝေခွင့်လိုင်စင်) ဌာန (အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၊ CH 1211, Switzerland လိပ်စာဖြင့် သော်လည်းကောင်း၊ email : rights@ilo.org သို့ လျှောက်ထားနိုင်သည်။ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ရုံးအနေဖြင့် ထိုသို့သော လျှောက်ထားခြင်းများကို လိုက်လှဲစွာကြိုဆိုပါသည်။

ဤရည်ရွယ်ချက်အလို့ငှာ ယင်းတို့ကိုထုတ်ပေးထားသည့် လိုင်စင်များနှင့်အညီ၊ ပြန်လည်ထုတ်ဝေခွင့်ရသည့် အဖွဲ့အစည်းတွင် မှတ်ပုံတင်ထားသော စာကြည့်တိုက်များ၊ အသင်းအဖွဲ့များနှင့် အခြားသော အသုံးပြုသူများအနေဖြင့် မိတ္တူပွားနိုင်ပါသည်။ သင့်နိုင်ငံရှိ ပြန်လည်ထုတ်ဝေခွင့်ရသည့်အဖွဲ့အစည်းကို ရှာဖွေရန် www.ifrro.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

---

ISBN  9789220336403 (Print)

ISBN 9789220336410 (Web PDF)

---

အိုင်အယ်(လ်)အိုက ထုတ်ဝေရာတွင် ကမ္ဘာ့ကုလသမဂ္ဂက ထုတ်ဝေသည့်ပုံစံများအတိုင်း ထုတ်ဝေခြင်းဖြစ်ပြီး၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံး၏ အယူအဆ၊ မည်သူတစ်ဦးတစ်ယောက်၏ အတွေးအခေါ်၊ မည်သည့်နိုင်ငံ၊ နယ်ပယ် သို့မဟုတ် နယ်မြေ သို့မဟုတ် နယ်စပ်ရှိအာဏာပိုင်တို့၏ အတွေးအခေါ်အယူအဆများ မပါဝင်ပါ။

အခြားစာရေးဆရာများ၏ပါဝင်ရေးသားမှု၊ ဆောင်းပါးများ၊ လေ့လချက်များသည် စာရေးသူတစ်ဦးချင်း၏ ယူဆချက်များသာဖြစ်ကြောင်းနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာရုံးအဖွဲ့က လက်မှတ်ရေးထိုးထောက်ခံထားခြင်းမရှိပါ။

အဖွဲ့အစည်းများ၏အမည်များ၊ စီးပွားဖြစ်ထုတ်ကုန်များနှင့် လုပ်ငန်းစဉ်များအားဖော်ပြရာတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံးက ထိုအဖွဲ့အစည်းအား ထောက်ခံခြင်းဖြစ်သည်ဟု မဆိုလိုသကဲ့သို့ ဖော်ပြရန်ကျန်ခဲ့ပါကလည်း အဆိုပါအဖွဲ့များအား မထောက်ခံဟုလည်း မဆိုလိုပါ။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံးက ထုတ်ဝေထားသည့်သတင်းအချက်အလက်များနှင့် ဒစ်ဂျစ်တယ်ထုတ်ကုန်များကြောင်းကို www.ilo.org/publns တွင် ကြည့်ရှုနိုင်ပါသည်။

မြန်မာပြည်တွင် ပုံနှိပ်သည်။

## ရန်ပုံငွေပံ့ပိုးမှု

ဤလမ်းညွှန်ကို ဥရောပသမဂ္ဂအဖွဲ့မှ ရန်ပုံငွေပံ့ပိုးမှုဖြင့် ရေးသားခြင်းဖြစ်ပါသည်။ ဤစာအုပ်ပါအမြင်များကို ဥရောပသမဂ္ဂ၏ တရားဝင်အမြင်သဘောထားကို ထင်ဟပ်ပြခြင်းအဖြစ် မမှတ်ယူနိုင်ပါ။

## အသိအမှတ်ပြုခြင်း

ဤလမ်းညွှန်ကို အိုင်အယ်(လ်)အို ဆက်သွယ်ညှိနှိုင်းရေးရုံး (မြန်မာနိုင်ငံ) က ရေးသားထုတ်ဝေသည်။

ဘာသာပြန်ဆိုသူ – ဇော်နိုင်ထွန်း

# မာတိကာ


အမှာစကား ၁

၁။ မိတ်ဆက် ၅

၂။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ
ပြဋ္ဌာန်းချက်၊ ၁၉၈၁ ခုနှစ် (အမှတ် – ၁၅၅) ၉

၃။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ
ပြဋ္ဌာန်းချက် (၁၉၈၁ ခုနှစ်) နှင့် စပ်လျဉ်းသည့် နောက်ဆက်တွဲစာချုပ်
(၂၀၀၂ ခုနှစ်) ၂၉

၄။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ
အကြံပြုတိုက်တွန်းချက်၊ ၁၉၈၁ ခုနှစ် (အမှတ် – ၁၆၄) ၃၉

၅။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်
စပ်လျဉ်းသည့် စည်းရုံးဆောင်ရွက်ရေး မူဘောင်ဆိုင်ရာ ပြဋ္ဌာန်းချက်၊
၂၀၀၆ ခုနှစ် (အမှတ် – ၁၈၇) ၅၉

၆။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်
စပ်လျဉ်းသည့် စည်းရုံးဆောင်ရွက်ရေး မူဘောင်ဆိုင်ရာ
အကြံပြုတိုက်တွန်းချက်၊ ၂၀၀၆ ခုနှစ် (အမှတ် – ၁၉၇) ၇၃

၇။ လုပ်ငန်းခွင် ကျန်းမာရေးဝန်ဆောင်မှုများဆိုင်ရာ
ပြဋ္ဌာန်းချက်၊ ၁၉၈၅ ခုနှစ် (အမှတ် – ၁၆၁) ၈၉

၈။ လုပ်ငန်းခွင် ကျန်းမာရေးဝန်ဆောင်မှုများဆိုင်ရာ
အကြံပြုတိုက်တွန်းချက်၊ ၁၉၈၅ ခုနှစ် (အမှတ် – ၁၇၁) ၁၀၃
၉။ အလုပ်သမားများ၏ ကျန်းမာရေးကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ
အကြံပြုတိုက်တွန်းချက်၊ ၁၉၅၃ ခုနှစ် (အမှတ် – ၉၇) ၁၂၇
၁၀။ လုပ်ငန်းခွင်ကြောင့်ဖြစ်ပေါ်သည့် ရောဂါစာရင်းဆိုင်ရာ
အကြံပြုတိုက်တွန်းချက်၊ ၂၀၀၂ ခုနှစ် (အမှတ် – ၁၉၄) ၁၄၃

# အမှာစကား

အိုင်အယ်(လ်)အိုသည် ယင်းကိုစတင်တည်ထောင်ခဲ့သော ၁၉၁၉ ခုနှစ်မှစတင်၍၊ ကမ္ဘာတစ်ဝှမ်းရှိနိုင်ငံများမှ အစိုးရများ၊ အလုပ်ရှင်များနှင့် အလုပ်သမားတို့၏ ပါဝင်မှုဖြင့် နိုင်ငံတကာအလုပ်သမားရေးရာ စံချိန်စံညွှန်းများကိုရေးဆွဲဖော်ဆောင်လျက် ရှိပါသည်။ ဤစံချိန်စံညွှန်းများသည် ကမ္ဘာတစ်ဝှမ်းရှိ အလုပ်သမားရေးရာ အုပ်ချုပ်စီမံရေးစနစ်များ မြင့်တင်ရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့အတွက် အလွန်ရေးပါပါသည်။ အိုင်အယ်(လ်)အို၏ ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များသည် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်၏ ရှုထောင့်မျိုးစုံကို လွှမ်းခြုံထားပြီး၊ ကမ္ဘာ့အလုပ်အကိုင် ဝန်းကျင်လောက၌ လူမှုတရားမျှတမှုအပေါ် အခြေပြုသည့် တစ်ကမ္ဘာလုံးနှင့် ချိတ်ဆက်ထားသည့် စီးပွားရေးကို တည်ဆောက်သည့် ကြိုးပမ်းအားထုတ်မှုများကို ကျောထောက် နောက်ခံပြုထားပါသည်။

ယင်းကို တည်ထောင်ပြီးနောက် နှစ် ၁၀၀ အချိန်ကာလဖြစ်သည့် ၂၀၁၉ ခုနှစ် တွင် ကျင်းပပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံက အိုင်အယ်(လ်)အို၏ ရာပြည့်ကြေညာချက်ကို အတည်ပြုလက်ခံခဲ့ပါသည်။ ယင်းကြေညာချက် သည် လူသားဗဟိုပြုချဉ်းကပ်မှုနည်းလမ်းကို အလေးထားပါသည်။ ယင်းလူသားဗဟိုပြုချဉ်းကပ်မှုနည်းလမ်းသည် အခွင့်အရေးများနှင့် နိုင်ငံတကာအလုပ်သမားရေးရာစံချိန်စံညွှန်းများကို အိုင်အယ်(လ်)အို၏ အဓိကအချက်အချာ ဆောင်ရွက်မှုများတွင် ထားရှိပါသည်။ ကမ္ဘာကြီးက COVID – 19 ၏ ရိုက်ခတ်မှုနှင့် အလုပ်သမားများနှင့် အလုပ်ရှင်များအတွက် အရေးပါသည့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ရိုက်ခတ်မှုများကို ကုစားနေသည့်အချိန်တွင် လူသားဗဟိုပြုချဉ်းကမ်းမှုနည်းလမ်းသည် ယခင်အချိန်ကာလများထက်ပို၍ လွန်

စွာ အရေးပါပါသည်။ ဤချဉ်းကမ်းမှုနည်းလမ်းတွင် အလုပ်သမားများအနေဖြင့် လုပ်ငန်းခွင်တွင်ဖြစ်စေ၊ လုပ်ငန်းခွင်နှင့် ဝေးကွာသည့်နေရာတွင်ဖြစ်စေ အလုပ်လုပ်ကိုင်နေသည့်အခြေအနေမျိုးတွင်ရောဂါကူးစက်ခြင်းကြောင့်ဖြစ်ပေါ်လာသည့် ရုပ်ပိုင်းဆိုင်ရာဘေးအန္တရာယ်များအတွက် တုန့်ပြန်ဆောင်ရွက်ပေးခြင်းသာမက ဘဲ၊ အလုပ်သမားများ၏ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် ကောင်းကျိုးချမ်းသာအတွက် ပံ့ပိုးပေးခြင်းလည်း ပါဝင်ပါသည်။

အချိန်ယူရေးဆွဲဖော်ဆောင်ခဲ့ပြီးဖြစ်သော နိုင်ငံတကာအလုပ်သမားရေးရာ စံချိန်စံညွှန်းများသည် အစိုးရများ၊ အလုပ်ရှင်များနှင့် အလုပ်သမားများနှင့် သက်ဆိုင်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကဏ္ဍ အများအပြားကို ကုစားပေးပါသည်။ နိုင်ငံတစ်နိုင်ငံအနေဖြင့် အိုင်အယ်(လ်)အို၏ စံချိန်စံညွှန်းများကို အတည်ပြုလက်မှတ်ရေးထိုးသည်ဖြစ်စေ၊ မရေးထိုးသည်ဖြစ်စေ၊ လုပ်ငန်းခွင်များတွင် ဖြစ်ပေါ်တည်ရှိနေသည့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများကို တုန့်ပြန်ဆောင်ရွက်လိုသည့် နိုင်ငံများအတွက် အရေးပါသည့် လမ်းညွှန်မှုအရင်းအမြစ်များအနေဖြင့် တည်ရှိနေမည်ဖြစ်ပါသည်။

ဤစာအုပ်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံက လက်ခံအတည်ပြုထားသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အရေးကြီးသော စာချုပ်စာတမ်း ၉ ခုကို စုစည်းထားခြင်း ဖြစ်ပါသည်။ ဥပဒေ၊ မူဝါဒများနှင့် အလေ့အကျင့်များကို ရေးဆွဲဖော်ဆောင်ခြင်းအားဖြင့် COVID – 19 ကို တုန့်ပြန်ဆောင်ရွက်ရာ၌ ယခုအချိန်တွင် ဤစံချိန်စံညွှန်းများသည် နိုင်ငံများကို အထောက်အကူပြုရာတွင် ယခင်အချိန်ကာလများထက် ပို၍အရေးပါသည့် အခန်းကဏ္ဍတွင်ရှိနေပါသည်။ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်ပတ်သက်ပြီး ရေရှည်တည်မြဲသည့် တိုးတက်မှုရရှိစေရေးအတွက် အဓိကဖြစ်သော ကြိုတင်ကာကွယ်သည့် ချဉ်းကပ်မှုနည်းလမ်းနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ယဉ်ကျေးမှုကို မြှင့်တင်ဆောင်ရွက်ရာတွင် ထိရောက်သည့် ဆောင်ရွက်မှုက နိုင်ငံအဆင့် သုံးပွင့်ဆိုင်ကတိကဝတ်ပြုမှုနှင့် နိုင်ငံအဆင့်ဆောင်ရွက်မှုတို့ကို တောင်း

ဆိုလျက် ရှိပါသည်။

COVID – 19 ကို တုန့်ပြန်ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်မှုများနှင့် အလေ့အကျင့်များကို ရေရှည်ထိန်းသိမ်းရန်အတွက် ယခုအချိန်တွင် ဤစံချိန်စံညွှန်းများသည် မြန်မာနိုင်ငံကိုအထောက်အကူပြုရာတွင် ယခင်အချိန်ကာလများထက် အရေးပါသည့်အခန်းကဏ္ဍတွင် ရှိနေပါသည်။

**Donglin Li**

**ဆက်သွယ်ညှိနှိုင်းရေးအရာရှိ/ကိုယ်စားလှယ်၊ အိုင်အယ်(လ်)အို၊ မြန်မာ။**

# ၁။ မိတ်ဆက်

## နိုင်ငံတကာ အလုပ်သမားရေးရာ စံချိန်စံညွှန်းများဆိုသည်မှာအဘယ်နည်း။

နိုင်ငံတကာအလုပ်သမားရေးရာ စံချိန်စံညွှန်းများဆိုသည်မှာ လုပ်ငန်းခွင်ဆိုင်ရာ အခြေခံမူများနှင့် အခွင့်အရေးများကို စီစဉ်ဖော်ပြထားသည့် ဥပဒေဆိုင်ရာ စာချုပ်စာတမ်းများ ဖြစ်ပါသည်။ ယင်းတို့သည် အောက်ပါတို့အနက် တစ်ခုခုဖြစ်ပါသည်။

- **အိုင်အယ်(လ်)အိုပြဋ္ဌာန်းချက်များ(သို့မဟုတ်နောက်ဆက်တွဲစာချုပ်များ)** –ယင်းတို့သည် ဥပဒေအရ လိုက်နာရန်တာဝန်ရှိသည့် နိုင်ငံတကာဆိုင်ရာ သဘောတူစာချုပ်များဖြစ်ပြီး၊ ယင်းတို့ကို အဖွဲ့ဝင်နိုင်ငံများက အတည်ပြုလက်မှတ်ရေးထိုးနိုင်သည်။ အိုင်အယ်(လ်)အိုအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံသည် ပြဋ္ဌာန်းချက်တစ်ခု သို့မဟုတ် နောက်ဆက်တွဲ စာချုပ်တစ်ခုကို အတည်ပြုလက်မှတ်ရေးထိုးသောအခါ၊ ယင်းနိုင်ငံသည် ထိုစာချုပ်ပါ သတ်မှတ်ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရန် ကတိကဝတ်ပြုသည်ဟု အဓိပ္ပါယ်ရပါသည်။
- **အိုင်အယ်(လ်)အို အကြံပြုတိုက်တွန်းချက်များ** – ယင်းတို့သည် လိုက်နာရန် တာဝန်မရှိသော လမ်းညွှန်မှုများဖြစ်ပါသည်။ ဤအကြံပြုတိုက်တွန်းချက်များသည် သီးခြားပြဋ္ဌာန်းချက်တစ်ခု သို့မဟုတ် ပိုမိုကျယ်ပြန့်သော အကြောင်းအရာတစ်ခုအား မည်သို့လက်တွေ့အသုံးချရမည်ဖြစ်ကြောင်း အဖွဲ့ဝင်နိုင်ငံများအား အရေးပါသည့် လမ်းညွှန်မှုများပေးပါသည်။

## လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့် သက်ဆိုင်သည့် အိုင် အယ်(လ်)အို၏ စံချိန်စံညွှန်းများမှာ မည်သည်တို့ ဖြစ်ပါသနည်း။

၁၉၄၄ ခုနှစ်တွင် ဖီလာဒဲလ်ဖီးယားကြေညာချက်နှင့် မျှတသည့်ဂလိုက်ဘယ်လိုက်ဇေးရှင်းအတွက် လူမှုတရားမျှတမှုဆိုင်ရာ အိုင်အယ်(လ်)အိုကြေညာချက်တို့တွင် ပြန်လည်၍ အခိုင်အမာအတည်ပြုထားပြီးဖြစ်သောကြောင့် သင့်လျော်ကောင်းမွန်ပြီး၊ ဘေးအန္တရာယ်ကင်းရှင်းလျက် ကျန်းမာရေးနှင့် ညီညွတ်သော အလုပ်အကိုင်အခြေအနေများသည် စတင်ဖွဲ့စည်းခဲ့သည့် အချိန်ကစပြီး အိုင်အယ်(လ်)အို၏ အလေးထားရာဇဟိုချက်ဖြစ်ခဲ့ပြီး ဖြစ်ပါသည်။

အိုင်အယ်(လ်)အိုပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များ၏ တစ်ဝက်ခန့်သည် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် လုံးလုံးလျားလျား သို့မဟုတ် တစ်စိတ်တစ်ပိုင်း သက်ဆိုင်ပါသည်။ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာနယ်ပယ်များစွာနှင့် အကျုံးဝင်သည့် နိုင်ငံအဆင့် ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများနှင့်ဆိုင်သည့် အရေးပါသောအဖွဲ့ဖြစ်ပေါ်ရေးကို ကုန်လွန်ခဲ့သည့် နှစ် ၉၀ အချိန်ကာလများက သက်သေထူခဲ့ပြီးဖြစ်ပါသည်။ နိုင်ငံများစွာတွင် တိုးတက်အောင်မြင်မှု များစွာရရှိခဲ့ပြီး၊ ကမ္ဘာ့နိုင်ငံအများအပြားတွင် အလုပ်အကိုင်အခြေအနေများ သိသိသာသာတိုးတက်ကောင်းမွန် ခဲ့ပြီဖြစ်ပါသည်။ သို့သော်လည်း၊ အခက်အခဲပြဿနာ များစွာရှိနေဆဲဖြစ်ပြီး၊ နိုင်ငံအဆင့်တွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာစနစ်များ ဆက်လက်တိုးတက်ကောင်းမွန်စေရေးအတွက် ယန္တရားများတောင့်တင်းခိုင်မာစေရန် နိုင်ငံတကာအဆင့်နှင့် နိုင်ငံအဆင့်တို့တွင် ရေရှည်ခိုင်မြဲသည့် ညှိနှိုင်းဆောင်ရွက်မှုများ ဆက်လက်လိုအပ်နေသေးကြောင်း ယေဘုယျသဘောတူညီချက်တစ်ရပ်ရှိပါသည်။

ဤလမ်းညွှန်စာအုပ်သည် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အဓိကစာချုပ်စာတမ်း ၉ ခုတွင်ပါရှိသည့် စာသားများကို ပြန်လည်ထုတ်ဝေထားခြင်းဖြစ်ပါသည်။

- လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၁၉၈၁ ခုနှစ် (အမှတ် – ၁၅၅)
- လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက် (၁၉၈၁ ခုနှစ်) နှင့် စပ်လျဉ်းသည့် နောက်ဆက်တွဲစာချုပ် (၂၀၀၂ ခုနှစ်)
- လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၁၉၈၁ ခုနှစ် (အမှတ် – ၁၆၄)
- လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့် စပ်လျဉ်းသည့် စည်းရုံးဆောင်ရွက်ရေး မူဘောင်ဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၂၀၀၆ ခုနှစ် (အမှတ် – ၁၈၇)
- လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်စပ်လျဉ်းသည့် စည်းရုံးဆောင်ရွက်ရေး မူဘောင်ဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၂၀၀၆ ခုနှစ် (အမှတ် – ၁၉၇)
- လုပ်ငန်းခွင်ကျန်းမာရေး ဝန်ဆောင်မှုများဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၁၉၈၅ ခုနှစ် (အမှတ် – ၁၆၁)
- လုပ်ငန်းခွင်ကျန်းမာရေး ဝန်ဆောင်မှုများဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၁၉၈၅ ခုနှစ် (အမှတ် – ၁၇၁)
- အလုပ်သမားများ၏ ကျန်းမာရေးကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၁၉၅၃ ခုနှစ် (အမှတ် – ၉၇)
- လုပ်ငန်းခွင်ကြောင့်ဖြစ်ပေါ်သည့် ရောဂါစာရင်းဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၂၀၀၂ ခုနှစ် (အမှတ် – ၁၉၄)

စံချိန်စံညွှန်းများဆိုင်ရာမူဘောင်အပြင်၊လုပ်ငန်းကဏ္ဍများနှင့်စပ်လျဉ်းသည့်ကျွမ်းကျင်ပညာရှင်များ၏ ဖြည့်စည်းမှုများနှင့်အတူ၊ အိုင်အယ်(လ်)အိုသည် တိကျသည့် လုပ်ငန်းကဏ္ဍများအတွက် ကျင့်ဝတ်စည်းကမ်းများပါဝင်သော လမ်းညွှန်ချက်အ

မျိုးမျိုးကို ရေးဆွဲဖော်ဆောင်ပြီး ဖြစ်ပါသည်။ အိုင်အယ်(လ်)အို၏ အပြည်ပြည်ဆိုင်ရာ လေ့ကျင့်သင်ကြားရေး ဗဟိုသင်တန်းကျောင်းသည်လည်း မူဝါဒရေးဆွဲသူများ၊ လုပ်ငန်းကဏ္ဍများနှင့် စပ်လျဉ်းသည့် ကျွမ်းကျင်ပညာရှင်များ၊ အလုပ်ရှင်များနှင့် အလုပ်သမားများအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သင်ခန်းစာများကို လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစပ်လျဉ်းသည့် အိုင်အယ်(လ်)အို၏ ဆောင်ရွက်မှုများနှင့် သက်ဆိုင်သော သတင်းအချက်အလက်များနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို အိုင်အယ်(လ်)အို ဝက်(ဘ်)ဆိုက်ဖြစ်သော www.ilo.org တွင် တွေ့ရှိနိုင်ပါသည်။

# ၂။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၁၉၈၁ ခုနှစ် (အမှတ် - ၁၅၅)

## နိဒါန်း

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၏ အုပ်ချုပ်ရေးအဖွဲ့ကကြီးမှူးလျက်၊ ၁၉၈၁ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့တွင် ဂျီနီဗာမြို့တွင် ၆၇ ကြိမ်မြောက် ကျင်းပပြုလုပ်ရာ၊

အစည်းအဝေး၏ အစီအစဉ် (၆) တွင်ပါရှိသော ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင်ဝန်းကျင်အခြေအနေများနှင့်စပ်လျဉ်းသည့် အဆိုပြုချက်အချို့တို့ကို လက်ခံအတည်ပြုရန် ဆုံးဖြတ်ချက်ချမှတ်၍လည်းကောင်း၊

ဤအဆိုပြုချက်များကို အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်တစ်ရပ်ပုံစံအဖြစ် လက်ခံအတည်ပြုရန် ဆုံးဖြတ်ချက်ချမှတ်လျက်၊ ၁၉၈၁ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် လုပ်ငန်းခွင်ဘေး အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်အဖြစ်ညွှန်းဆိုနိုင်သည့် အောက်ပါပြဋ္ဌာန်းချက်ကို လက်ခံအတည်ပြုလိုက်သည်။

# အပိုင်း (၁) – နယ်ပယ်အကျယ်အဝန်းနှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်များ

**အပိုဒ် (၁)**

၁။ ဤပြဋ္ဌာန်းချက်သည် စီးပွားရေးလုပ်ငန်းကဏ္ဍအားလုံးနှင့် အကျုံးဝင်သည်။

၂။ ဤပြဋ္ဌာန်းချက်ကိုအတည်ပြုလက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် သက်ဆိုင်ရာအလုပ်ရှင်၊ အလုပ်သမားများကို ကိုယ်စားပြုသည့် အဖွဲ့အစည်းများနှင့် အစောဆုံးအဆင့်အနေအထားတွင် တိုင်ပင်ဆွေးနွေးပြီးနောက် အထူးအခက်အခဲပြဿနာများ အများအပြားဖြစ်ပေါ်ခြင်းနှင့် ပတ်သက်ပြီး၊ပင်လယ်ကူးသင်္ဘောလုပ်ငန်းသို့မဟုတ်ငါးဖမ်းလုပ်ငန်းကဲ့သို့သော သီးခြားလုပ်ငန်းခွဲများကို ဤပြဋ္ဌာန်းချက်တစ်စိတ်တစ်ဒေသ သို့မဟုတ် ပြဋ္ဌာန်းချက်တစ်ခုလုံးကို ကျင့်သုံးခြင်းမှ ထုတ်ပယ်ထားနိုင်သည်။

၃။ ဤပြဋ္ဌာန်းချက်ကိုအတည်ပြုလက်မှတ်ရေးထိုးထားသည့်အဖွဲ့ဝင်နိုင်ငံတိုင်းသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါအပိုဒ် ၂၂ အရ၊ပြဋ္ဌာန်းချက်ကို ကျင့်သုံးခြင်းနှင့်ပတ်သက်သည့် ကနဦးအစီရင်ခံစာတွင် ဤအပိုဒ်၏ စာပိုဒ် ၂ အရ ထုတ်ပယ်ထားပြီး ဖြစ်နိုင်သည့် လုပ်ငန်းခွဲများ၊ ထုတ်ပယ်ထားရခြင်း အကြောင်းရင်းများနှင့် ထိုသို့ထုတ်ပယ်ထားသည့် လုပ်ငန်းခွဲများစာရင်းနှင့် ထိုသို့ထုတ်ပယ်ထားသည့် လုပ်ငန်းခွဲများရှိ အလုပ်သမားများအတွက် လုံလောက်သည့် အကာအကွယ်ပေးသည့် ဆောင်ရွက်မှုများကို ရှင်းလင်းဖော်ပြချက်ကို တင်ပြရမည်ဖြစ်ပြီး၊ နောက်ဆက်တွဲ အစီရင်ခံစာများတွင်လည်း ပြဋ္ဌာန်းချက်ကို ကျယ်ကျယ်ပြန့်ပြန့်အသုံးချနိုင်မည့် အနေအထားဆီသို့ ဦးတည်သည့် တိုးတက်မှုမှန်သမျှကို ရည်ညွှန်းဖော်ပြရမည်။

**အပိုဒ် (၂)**

၁။ ဤပြဋ္ဌာန်းချက်သည် အကျုံးဝင်သည့် စီးပွားရေးလုပ်ငန်းခွဲများရှိ အလုပ်သမားအားလုံးနှင့် အကျုံးဝင်သည်။

၂။ ဤပြဋ္ဌာန်းချက်ကို အတည်ပြုလက်မှတ် ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် သက်ဆိုင်ရာ အလုပ်ရှင်၊ အလုပ်သမားများကို ကိုယ်စားပြုသည့် အဖွဲ့အစည်းများနှင့် အစောဆုံးအဆင့်အနေအထားတွင် တိုင်ပင်ဆွေးနွေးပြီးနောက် သီးခြားအခက်အခဲဖြစ်ပေါ်ခြင်းနှင့်ပတ်သက်ပြီး ကန့်သတ်ထားသည့် အလုပ်သမားအမျိုးအစားတို့ကို ဤပြဋ္ဌာန်းချက်တစ်စိတ်တစ်ဒေသ သို့မဟုတ် ပြဋ္ဌာန်းချက်တစ်ခုလုံးကို ကျင့်သုံးခြင်းမှ ထုတ်ပယ်ထားနိုင်သည်။

၃။ ဤပြဋ္ဌာန်းချက်ကို အတည်ပြုလက်မှတ် ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံတိုင်းသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေး ရာအဖွဲ့၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ အပိုဒ် ၂၂ အရ ပြဋ္ဌာန်းချက်ကို ကျင့်သုံးခြင်းနှင့်ပတ်သက်သည့် ကနဦးအစီရင်ခံစာတွင် ဤအပိုဒ်၏ စာပိုဒ် ၂ အရ၊ ထုတ်ပယ်ထားပြီးဖြစ်နိုင်သည့် ကန့်သတ်ထားသည့် အလုပ်သမားအမျိုးအစားများနှင့် ထုတ်ပယ်ထားရခြင်း အကြောင်းရင်းတို့ကို စာရင်းပြုစုဖော်ပြရမည်ဖြစ်ပြီး၊ နောက်ဆက်တွဲ အစီရင်ခံစာများတွင်လည်း ပြဋ္ဌန်းချက်ကို ကျယ်ကျယ်ပြန့်ပြန့်အသုံးချနိုင်မည့် အနေအထားဆီသို့ဦးတည်သည့် တိုးတက်မှုမှန်သမျှကို ရည်ညွှန်းဖော်ပြရမည်။

**အပိုဒ် (၃)** ဤပြဋ္ဌာန်းချက်၏ ရည်ရွယ်ချက်အလို့ငှာ –

(က) စီးပွားရေးလုပ်ငန်းခွဲများဟူသော ဝေါဟာရသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းအပါအဝင် အလုပ်သမားများ အလုပ်လုပ်ကိုင်လျက်ရှိသည့် လုပ်ငန်းခွဲများအားလုံးနှင့် အကျုံးဝင်သည်။

(ခ) အလုပ်သမားဟူသောဝေါဟာရသည် ပြည်သူ့ဝန်ထမ်းများအပါအဝင် အလုပ်လုပ်ကိုင်လျက်ရှိသည့် လူပုဂ္ဂိုလ်အားလုံးနှင့် အကျုံးဝင်သည်။

(ဂ) လုပ်ငန်းခွင်ဟူသောဝေါဟာရသည် အလုပ်ရှင်၏ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိန်းချုပ်မှုအောက်တွင် အလုပ်သမားများရှိနေရန် လိုအပ်သည့်နေရာများ သို့မဟုတ် အလုပ်အကိုင်ကြောင့် အလုပ်သမားများ သွားရောက်ရန်လိုအပ်သည့် နေရာများအားလုံးနှင့် အကျုံးဝင်သည်။

(ဃ) စည်းမျဉ်းဟူသော ဝေါဟာရသည် အခွင့်ရအာဏာပိုင် သို့မဟုတ် အာဏာပိုင်များအားဖြင့် ဥပဒေအာဏာသက်ဝင်သည့် သတ်မှတ်မှတ်ပြဋ္ဌာန်းချက်အားလုံးနှင့် အကျုံးဝင်သည်။

(င) အလုပ်အကိုင်နှင့်စပ်လျဉ်း၍ ကျန်းမာရေးဟူသော ဝေါဟာရသည် ရောဂါ သို့မဟုတ် အင်အားချိနဲ့မှုမရှိခြင်းဟူသော အနေအထားကို ရည်ညွှန်းခြင်းမျှသာမဟုတ်ဘဲ၊ လုပ်ငန်းခွင်တွင် ကျန်းမာရေးကို ထိခိုက်စေသည့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများလည်းပါဝင်ကာ၊ အဆိုပါထိခိုက်မှုများသည် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့နှင့် တိုက်ရိုက်ဆက်စပ်နေပါသည်။

## အပိုင်း (၂) – အမျိုးသားမူဝါဒဆိုင်ရာ မူသဘောတရားများ

**အပိုဒ် (၄)** ၁။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် နိုင်ငံ၏ အခြေအနေများနှင့် ကျင့်ထုံးများအရနှင့်၊ အလုပ်ရှင်၊ အလုပ်သမားတို့ကို ကိုယ်စားပြုသည့် အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးလျက်၊ လုပ်ငန်းခွင်ဘေး

အန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဝန်းကျင် အခြေအနေများနှင့်ပတ်သက်ပြီး၊ ကြောင်းကျိုးဆီလျော်သည့် အမျိုးသားမူဝါဒတစ်ရပ်ကို စနစ်တကျ ပုံဖော်ချမှတ်ခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် အခါအားလျော်စွာ ပြန်လည်ဆန်းစစ်ခြင်းများကို လုပ်ဆောင်ရမည်။

၂။ မူဝါဒ၏ဦးတည်ချက်သည် လက်ရှိအချိန်အထိ ကြောင်းကျိုးလျော်ကန်စွာအသုံးချနိုင်သည့်နည်းလမ်းများဖြင့်လုပ်ငန်းခွင်တွင် အန္တရာယ်ဖြစ်စေနိုင်သည့် အကြောင်းရင်းများကို လျော့နည်းစေခြင်းအားဖြင့် အလုပ်လုပ်ကိုင်နေစဉ် သို့မဟုတ် အလုပ်နှင့် ချိတ်ဆက်နေသည့် အရာများကြောင့် ကျန်းမာရေးကို ထိခိုက်စေသည့် မတော်တဆမှုများနှင့် ထိခိုက်ဒဏ်ရာရရှိခြင်းတို့ကို တတ်နိုင်သမျှ ကြိုတင်ကာကွယ်ရန် ဖြစ်ရမည်။

**အပိုဒ် (၅)** အောက်ဖော်ပြပါ ဆောင်ရွက်မှုအဓိကနယ်ပယ်များသည် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင်ဝန်းကျင်တို့ကို ထိခိုက်မှုများဖြစ်ပေါ်နေသ၍၊ ဤပြဋ္ဌာန်းချက်ပါ အပိုဒ် ၄ တွင် ရည်ညွှန်းဖော်ပြထားသည့် မူဝါဒသည် ထိုနယ်ပယ်များကို ထည့်သွင်းစဉ်းစားရမည်။

(က) ဒီဇိုင်းပုံစံ၊ စမ်းသပ်မှု၊ ရွေးချယ်မှု၊ အစားထိုးမှု၊ စက်ကိရိယာပစ္စည်းတပ်ဆင်မှုနှင့်ပတ်သက်ပြီး စီစဉ်ဆောင်ရွက်မှု၊ လုပ်ငန်းခွင်သုံးပစ္စည်းများအား အသုံးပြုခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း (အလုပ်ခွင်နေရာများ၊ အလုပ်အကိုင်ဝန်းကျင် အခြေအနေ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စက်ယန္တရားနှင့် ဓာတုပစ္စည်းများကို ကိုင်တွယ်အသုံးပြုရာတွင် အသုံးပြုသည့် ကိရိယာတန်ဆာပလာများ၊ ရုပ်ပိုင်းဆိုင်ရာနှင့် ဇီဝအရာဝတ္ထုပစ္စည်းများနှင့် အလုပ်လုပ်ကိုင် ဆောင်ရွက်မှုလုပ်ငန်းစဉ်အဆင့်ဆင့်)၊

(ခ) လုပ်ငန်းခွင်သုံးကိရိယာများနှင့် အလုပ်လုပ်ကိုင်သူ သို့မဟုတ် လုပ်ငန်းခွင် ကြီးကြပ်သူတို့အကြား ဆက်နွယ်မှုများ၊ စက်ယန္တရား၊ ကိရိယာတန်ဆာပလာများ၊ အလုပ်ချိန်၊ အလုပ်အကိုင် စီစဉ်ဆောင်ရွက်မှုနှင့် အလုပ်သမားများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာစွမ်းဆောင်ရည်များနှင့် ကိုက်ညီသည့် အလုပ်လုပ်ကိုင်ဆောင်ရွက်မှု လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လိုက်လျောညီထွေဖြစ်စေရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဂ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတို့နှင့်ပတ်သက်ပြီး၊လုံလောက်သည့်အဆင့်များ အောင်မြင်မှုရရှိစေရန် စွမ်းဆောင်ရည်တစ်ခု သို့မဟုတ် အခြားစွမ်းဆောင်ရည်တစ်ခုခုနှင့်စပ်လျဉ်း၍၊ ပါဝင်ဆောင်ရွက်သူများ၏ အရည်ချင်းများတိုးတက်စေရန်နှင့် ၎င်းတို့အား လှုံ့ဆော်မှုများပြုရန်အတွက် နောက်ထပ်လိုအပ်သည့် လေ့ကျင့်သင်ကြားခြင်းများ အပါအဝင် သင်တန်းများ ပြုလုပ်သင်ကြားပေးခြင်း၊

(ဃ) အမျိုးသားအဆင့်အပါအဝင်၊ အလုပ်လုပ်ကိုင်ဆောင်ရွက်သည့် အဖွဲ့အဆင့်များနှင့် လုပ်ငန်းအဆင့်နှင့် အခြားလျော်ကန်သည့် အဆင့်များအားလုံးတွင် ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) ဤပြဋ္ဌာန်းချက်ပါ အပိုဒ် ၄ တွင် ရည်ညွှန်းဖော်ပြထားသည့် မူဝါဒနှင့် ကိုက်ညီစွာဆောင်ရွက်ခြင်းများ၏ ရလဒ်အနေဖြင့် အလုပ်သမားများနှင့် အလုပ်သမားကိုယ်စားလှယ်များအား စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်မှုများမှ အကာအကွယ်ပေးခြင်း။

**အပိုဒ် (၆)** ဤပြဋ္ဌာန်းချက်ပါ အပိုဒ် ၄ တွင် ရည်ညွှန်းဖော်ပြထားသည့် မူဝါဒအား စနစ်တကျစီစဉ်ဆောင်ရွက်ခြင်းသည် ပြည်သူ့အာဏာပိုင်များ၊ အလုပ်ရှင်များ၊ အလုပ်သမားများနှင့် အခြားသောသူများနှင့် သက်ဆိုင်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင်ဝန်းကျင်အခြေအနေများ စပ်လျဉ်းသည့် သက်ဆိုင်ရာဆောင်ရွက်မှုများနှင့် တာဝန်ဝတ္တရားများကို ညွှန်ပြရမည်။ ထိုကဲ့သို့သော တာဝန်ဝတ္တရားများ၏ လိုက်ဖက်သည့် လက္ခဏာများနှင့် နိုင်ငံ၏ အခြေအနေများနှင့် အလေ့အကျင့်တို့၏ လိုက်ဖက်သည့် လက္ခဏာရပ်များကို ထည့်သွင်းစဉ်းစားရမည်။

**အပိုဒ် (၇)** အဓိကအခက်အခဲပြဿနာများအား သတ်မှတ်ဖော်ထုတ်ခြင်း၊ ထိုအခက်အခဲပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် ထိရောက်သည့် နည်းစနစ်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် အရာများကို ပြောင်းလဲ လုပ်ဆောင်ခြင်းနှင့် ထွက်ပေါ်လာသည့်ရလဒ်များကို ပြန်လည်သုံးသပ်ခြင်းများ ပြုလုပ်ရန်ရည်ရွယ်လျက်၊ နယ်ပယ်ကဏ္ဍအားလုံး သို့မဟုတ် သီးခြားနယ်ပယ်ကဏ္ဍများနှင့်ပတ်သက်ပြီး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင်ဝန်းကျင်တို့နှင့် စပ်လျဉ်းသည့် အခြေအနေကို လျော်ကန်သည့် ကြားကာလအချိန်များတွင် ပြန်လည်ဆန်းစစ်ရမည်။

## အပိုင်း (၃) – အမျိုးသားအဆင့်တွင်ဆောင်ရွက်ခြင်း

**အပိုဒ် (၈)** အဖွဲ့ဝင်နိုင်ငံတိုင်းသည် နိုင်ငံ၏အခြေအနေများ၊ အလေ့အကျင့်များနှင့် ကိုက်ညီသည့် ဥပဒေများ သို့မဟုတ် စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် အခြားသောနည်းစနစ်အားဖြင့်သော်လည်းကောင်း၊ သက်ဆိုင်ရာ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားပြု အဖွဲ့အစည်းများနှင့်

တိုင်ပင်ဆွေးနွေးခြင်းအားဖြင့်သော်လည်းကောင်း၊ ဤပြဌာန်းချက်ပါ အပိုဒ် ၄ အား အာဏာသက်ဝင်စေရန်အတွက် လိုအပ်နိုင်သည့် ထိုကဲ့သို့သော အဆင့်များကို ဆောင်ရွက်ရမည်။

**အပိုဒ် (၉)** ၁။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင်ဝန်းကျင်တို့နှင့်စပ်လျဉ်းသည့်ဥပဒေများနှင့်စည်းမျဉ်းစည်းကမ်းများ အာဏာသက်ဝင်မှုရှိခြင်းကို လုံလောက်ပြီးလျော်ကန်သည့် စစ်ဆေးမှုစနစ်တစ်ရပ်အားဖြင့် အာမခံချက်ရှိစေရမည်။

၂။ အာဏာသက်ဝင်မှုစနစ်သည် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအား ချိုးဖောက်ခြင်းများအတွက် လုံလောက်သည့် ပြစ်ဒဏ်များကို သတ်မှတ်ပြဌာန်းပေးရမည်။

**အပိုဒ် (၁၀)** ဥပဒေအရ သတ်မှတ်ထားသည့် တာဝန်ဝတ္တရားများကို လေးစားလိုက်နာဆောင်ရွက်စေရန် အလုပ်သမားများနှင့် အလုပ်ရှင်များအတွက် အထောက်အကူဖြစ်စေမည့် လမ်းညွှန်မှုဆိုင်ရာ ဆောင်ရွက်မှုများကို လုပ်ဆောင်ရမည်။

**အပိုဒ် (၁၁)** ဤပြဌာန်းချက်ပါ အပိုဒ် ၄ တွင် ရည်ညွှန်းဖော်ပြထားသည့် မူဝါဒအကျိုးသက်ရောက်မှုရှိစေရန် အခွင့်ရအာဏာပိုင် သို့မဟုတ် အာဏာပိုင်များသည် အောက်ဖော်ပြပါဆောင်ရွက်မှုများကို တိုးတက်အောင်မြင်စွာဆောင်ရွက်ကြောင်း သေချာစေရမည်။

(က) အန္တရာယ်များ၏ သဘောသဘာဝ၊ ၎င်းအန္တရာယ်များ၏ ပြင်းထန်မှုအနေအထားနှင့်စပ်လျဉ်း၍၊ လုပ်ငန်းများ၏ဒီဇိုင်းပုံစံ၊ ဆောက်လုပ်မှုနှင့် ပုံစံချထားမှုအနေအထား၊ ယင်းတို့၏

ကနဦးလုပ်ငန်းလည်ပတ်ဆောင်ရွက်မှု၊ ယင်းတို့ကို ထိခိုက်စေသည့် ပြင်ဆင်မှုများနှင့် ရည်ရွယ်ချက်ပြောင်းလဲမှုများ၊ လုပ်ငန်းခွင်တွင် အသုံးပြုသည့် နည်းပညာဆိုင်ရာ ပစ္စည်းကိရိယာတန်ဆာပလာများနှင့်အတူ၊ အခွင့်ရအာဏာပိုင်က ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများအား အသုံးချခြင်းတို့အပေါ် လွှမ်းမိုးမှုရှိသည့် အခြေအနေများကို ဆုံးဖြတ်သတ်မှတ်ခြင်း၊

(ခ) လုပ်ငန်းဆောင်ရွက်မှုလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် အခွင့်ရအာဏာပိုင် သို့မဟုတ် အာဏာပိုင်များက တားမြစ်၊ ကန့်သတ်ထိန်းချုပ်ထားရမည်ဖြစ်သော ရောဂါသယ်ဆောင်ပေးသည့် အကာအကွယ်မဲ့ အရာဝတ္ထုများနှင့် ပတ်သက်ပြီး ဆုံးဖြတ်သတ်မှတ်ခြင်း၊ စဉ်ဆက်မပြတ် အကာအကွယ်မဲ့ ထိတွေ့စေနိုင်သည့် အရာဝတ္ထုများနှင့် ရောဂါသယ်ဆောင်ပေးသည့် အရာများကြောင့် ကျန်းမာရေးဆိုင်ရာဘေး အန္တရာယ်များကို ထည့်သွင်းစဉ်းစားရမည်။

(ဂ) လျော်ကန်သည့်အချိန်တွင် အလုပ်ရှင်များ၊ အာမခံအသင်းအဖွဲ့များနှင့် တိုက်ရိုက်သက်ဆိုင်သည့် အခြားသောအဖွဲ့အစည်းများအားဖြင့် လုပ်ငန်းခွင် မတော်တဆဖြစ်မှုများနှင့် ရောဂါဘယနှင့်ပတ်သက်ပြီး ကြိုတင်အသိပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ချမှတ်ခြင်းနှင့် ကျင့်သုံးခြင်းနှင့်၊ လုပ်ငန်းခွင် မတော်တဆဖြစ်မှုများနှင့် ရောဂါများနှင့် ပတ်သက်သည့် ကိန်းဂဏန်းများကို နှစ်စဉ်ထုတ်ပြန်ခြင်း၊

(ဃ) အလုပ်လုပ်ကိုင်နေစဉ်သို့မဟုတ်အလုပ်နှင့်ဆက်စပ်နေသည့် ပြင်းထန်ဆိုးရွားသော အခြေအနေများကို ထင်ဟပ်ပေါ်လွင်စေသော လုပ်ငန်းခွင်ဆိုင်ရာ မတော်တဆဖြစ်မှုများ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများ သို့မဟုတ် ကျန်းမာရေးကို ထိခိုက်စေ

သည့် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်သည့်ကိစ္စရပ်များကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခြင်း၊

(င) အလုပ်လုပ်ကိုင်နေစဉ် သို့မဟုတ် အလုပ်အကိုင်နှင့်ဆက်စပ်ပြီးဖြစ်ပေါ်သည့် လုပ်ငန်းခွင်ဆိုင်ရာ မတော်တဆဖြစ်မှုများ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများနှင့် ကျန်းမာရေးကို ထိခိုက်စေသည့် အခြားသောထိခိုက်ဒဏ်ရာရရှိမှုများနှင့် ပတ်သက်ပြီး၊ ဤပြဋ္ဌာန်းချက်ပါ အပိုဒ် ၄ တွင် ရည်ညွှန်းဖော်ပြထားသည့် မူဝါဒအရ၊ လုပ်ဆောင်သည့်ဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို နှစ်စဉ်ပုံနှိပ် ထုတ်ဝေခြင်း၊

(စ) အလုပ်သမားများ၏ ကျန်းမာရေးကို အန္တရာယ်ဖြစ်ပေါ်စေနိုင်ခြင်းနှင့် ပတ်သက်ပြီး၊ ဓါတုဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့် ဇီဝဆိုင်ရာ ရောဂါသယ်ဆောင်ပေးနိုင်သည့်အရာများကို စစ်ဆေးရန်အတွက် နိုင်ငံ၏ အခြေအနေများနှင့် ဖြစ်နိုင်ခြေများကို ထည့်သွင်း စဉ်းစားလျက်စနစ်များကို အစပျိုးဆောင်ရွက်ခြင်းနှင့် တိုးချဲ့ဆောင်ရွက်ခြင်း၊

**အပိုဒ် (၁၂)** နိုင်ငံ၏ဥပဒေနှင့်အလေ့အကျင့်များနှင့်အညီ၊ လုပ်ငန်းခွင်တွင်အသုံးပြုရန်အတွက် စက်ယန္တရားများ၊ ပစ္စည်းကိရိယာတန်ဆာပလာများ သို့မဟုတ် အရာဝတ္ထုများကို ဒီဇိုင်းပုံဖော်ခြင်း၊ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြည့်ဆည်းပံ့ပိုးပေးခြင်း သို့မဟုတ် ရွှေ့ပြောင်းခြင်းများ လုပ်ဆောင်သည့်သူများအနေဖြင့် အောက်ပါအချင်းအရာများနှင့် ပတ်သက်ပြီး သေချာမှုရှိစေရန်ရည်ရွယ်လျက်၊ လိုအပ်သည့် ဆောင်ရွက်မှုများကို လုပ်ဆောင်ရမည်။

(က) စက်ယန္တရားများနှင့် လုပ်ငန်းခွင်သုံးပစ္စည်းကိရိယာတန်ဆာပလာများကို သင့်လျော်မှန်ကန်စွာ အသုံးပြုနေသ၍၊ ယင်းကိရိယာတန်ဆာပလာများသည် အသုံးပြုသူများအတွက်

အန္တရာယ်မဖြစ်ပေါ်စေကြောင်းကို ကိုယ်တိုင်ကျေနပ်မှုရှိစေခြင်း

(ခ) စက်ယန္တရားများ၊ လုပ်ငန်းခွင်သုံး ကိရိယာတန်ဆာပလာများကို မှန်ကန်စွာတပ်ဆင်အသုံးပြုခြင်း၊ အရာဝတ္ထုများကို မှန်ကန်စွာအသုံးပြုခြင်းနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ၊ စက်ယန္တရားနှင့် ကိရိယာတန်ဆာပလာများ၏ အန္တရာယ်၊ ဓါတုပစ္စည်းများ၊ ရုပ်ပိုင်းဆိုင်ရာနှင့် ဇီဝဆိုင်ရာရောဂါသယ်ဆောင်ပေးသည့်အရာများ သို့မဟုတ် ထုတ်ကုန်ပစ္စည်းများ၏ အန္တရာယ်ရှိသည့် ဂုဏ်သတ္တိများနှင့်ဆိုင်သည့် သတင်းအချက်အလက်များနှင့်အတူ၊ သိရှိထားသည့် ဘေးအန္တရာယ်များကို ရှောင်ရှားရမည့်နည်းလမ်းများနှင့် စပ်လျဉ်းသည့် ညွှန်ကြားချက်များကို အဆင်သင့်ရရှိအောင်လုပ်ဆောင်ခြင်း၊

(ဂ) ဤအပိုဒ်ပါ စာပိုဒ် (က) နှင့် (ခ) တို့ကို လေးစားလိုက်နာစေရန်လိုအပ်သည့်လေ့လာမှုများနှင့် သုတေသနပြုခြင်းတို့ကို တာဝန်ယူဆောင်ရွက်ခြင်း သို့မဟုတ် သိပ္ပံနှင့်နည်းပညာရပ်ဆိုင်ရာ အသိပညာဗဟုသုတများတို့နှင့် ရင်ဘောင်တန်းလိုက်နိုင်စေရန်လုပ်ဆောင်ခြင်း

**အပိုဒ် (၁၃)** မိမိအသက် သို့မဟုတ် ကျန်းမာရေးကိုထိခိုက်စေမည့် ကျရောက်အံ့ဆဲဆဲ သို့မဟုတ် ဆိုးရွားပြင်းထန်သည့် ဘေးအန္တရာယ်ရှိသည့် လုပ်ငန်းခွင်အခြေအနေမှ ရွှေ့ပြောင်းထွက်ခွာပြီး၊ ယင်းအခြေအနေနှင့်ပတ်သက်ပြီး ယုံကြည်နိုင်လောက်သည့် ကြောင်းကျိုးဖော်ပြချက်ဖြင့် တင်ပြသည့် အလုပ်သမားကို နိုင်ငံ၏ အခြေအနေများနှင့် အလေ့အကျင့်များနှင့်အညီ လွန်ကဲသည့်နောက်ဆက်တွဲ အကျိုးဆက်များမှ အကာအကွယ်ပေးရမည်။

**အပိုဒ် (၁၄)** လေ့ကျင့်သင်ကြားမှုသည် အလုပ်သမားအားလုံး၏ လိုအပ်မှုများနှင့် ကိုက်ညီသည့်အနေအထားဖြင့် အဆင့်မြင့်နည်းပညာဆိုင်ရာ၊ ဆေးဝါးဆိုင်ရာကျွမ်းကျင်မှုဆိုင်ရာ အသိပညာပေးခြင်းတို့ အပါအဝင်၊ အသိပညာပေးခြင်းနှင့် လေ့ကျင့်သင်ကြားမှုအဆင့်တိုင်းတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကိုထည့်သွင်းလျက် နိုင်ငံ၏ အခြေအနေများနှင့် အလေ့အကျင့်များနှင့် ဆီလျော်မှုရှိစေမည့် အနေအထားဖြင့် တိုးမြှင့်ရန်ရည်ရွယ်လျက်၊ ဆောင်ရွက်ရမည့်အရာများကို လုပ်ဆောင်ရမည်။

**အပိုဒ် (၁၅)** ၁။ ဤပြဋ္ဌာန်းချက်ပါ အပိုဒ် ၄ တွင် ရည်ညွှန်းဖော်ပြထားသည့် မူဝါဒကိုကျင့်သုံးဖို့အတွက် လုပ်ဆောင်သည့်ဆောင်ရွက်ချက်များနှင့် ကိုက်ညီမှုသေချာစေရန် အဖွဲ့ဝင်နိုင်ငံတိုင်းသည် အလုပ်ရှင်၊ အလုပ်သမားကိုယ်စားပြုအဖွဲ့အစည်းများ၊ အခြားသင့်လျော်သော အဖွဲ့အစည်းများနှင့် အစောပိုင်းကာလတွင် တိုင်ပင်ဆွေးနွေးပြီးနောက်တွင် ဤပြဋ္ဌာန်းချက်ပါ အပိုင်း (၂) နှင့် အပိုင်း (၃) တို့အား အာဏာသက်ဝင်မှုရှိစေရေးအတွက် အာဏာပိုင်အဖွဲ့အစည်းအမျိုးမျိုးနှင့် အခြားအဖွဲ့အစည်းများအကြား လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများ သေချာစွာရှိစေရန် နိုင်ငံ၏ အခြေအနေများနှင့် အလေ့အကျင့်များနှင့် ဆီလျော်မှုရှိသည့် စီစဉ်ဆောင်ရွက်မှုများကို လုပ်ဆောင်ရမည်။

၂။ အခြေအနေများက တောင်းဆိုနေပြီး၊ နိုင်ငံ၏ အခြေအနေများနှင့် အလေ့အကျင့်များက ခွင့်ပြုသည့်အချိန်တိုင်း၌ ဤစီစဉ်ဆောင်ရွက်မှုများတွင်ဗဟိုအဖွဲ့ဖွဲ့စည်းခြင်းပါဝင်ရမည်။

# အပိုင်း (၄) – လုပ်ငန်းအဆင့်တွင် ဆောင်ရွက်ခြင်း

**အပိုဒ် (၁၆)** ၁။ အလုပ်ရှင်များအနေဖြင့် ကြောင်းကျိုးလျော်ကန်စွာ လက်တွေ့ဆောင်ရွက်နေသမျှ၊ မိမိတို့၏ ထိန်းချုပ်မှုအောက်တွင်ရှိသည့် လုပ်ငန်းခွင်နေရာများ၊ စက်ယန္တရားများ၊ လုပ်ငန်းသုံးပစ္စည်းကိရိယာတန်ဆာပလာများနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့သည် ဘေးအန္တရာယ်ကင်းရှင်းပြီး၊ ကျန်းမာရေးကို ထိခိုက်စေခြင်းမရှိကြောင်း သေချာစေရမည်။

၂။ အလုပ်ရှင်များအနေဖြင့် ကြောင်းကျိုးလျော်ကန်စွာ အသုံးချလျက်၊ သင့်လျော်သော ကာကွယ်စောင့်ရှောက်မှုများကို လုပ်ဆောင်သောအခါတွင်၊ ၎င်းတို့ထိန်းချုပ်မှုအောက်တွင်ရှိသည့် ဓာတုပစ္စည်းများ၊ ရုပ်ပိုင်းဆိုင်ရာနှင့် ဇီဝဆိုင်ရာ အရာဝတ္ထုများနှင့် ရောဂါသယ်ဆောင်သည့်အရာများသည် ကျန်းမာရေးကို ထိခိုက်စေခြင်းမရှိကြောင်း သေချာစေရမည်။

၃။ အလုပ်ရှင်များအနေဖြင့် လိုအပ်သည့်အခြေအနေတွင် မတော်တဆမှုများ သို့မဟုတ် ကျန်းမာရေးကို ထိခိုက်စေသည့် ဆိုးကျိုးများမှ ကာကွယ်ရန်အတွက် ကာကွယ်ရေးဝတ်စုံများနှင့် ကာကွယ်ရေးကိရိယာ တန်ဆာပလာများကို လုံလောက်စွာ ဖြည့်ဆည်းပေးရမည်။

**အပိုဒ် (၁၇)** လုပ်ငန်းနှစ်ခု သို့မဟုတ် ယင်းထက်ပိုသော လုပ်ငန်းများသည် လုပ်ငန်းခွင်နေရာတစ်ခုတွင် လုပ်ဆောင်မှုများကို တစ်ပြိုင်နက်လုပ်ဆောင်သည့်အခါတိုင်း ဤပြဋ္ဌာန်းချက်ပါသတ်မှတ်ပြဋ္ဌာန်းချက်များကို ကျင့်သုံးရာတွင် ၎င်းတို့အနေဖြင့် အတူတကွပူးပေါင်းဆောင်ရွက်ရမည်။

**အပိုဒ် (၁၈)** အလုပ်ရှင်များသည် လိုအပ်သည့်အခြေအနေတွင် လုံလောက်သည့် ရှေးဦးသူနာပြုစုခြင်းဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများ အပါအဝင်၊ မတော်တဆမှုများနှင့် အရေးပေါ်အခြေအနေများကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည့်ဆောင်ရွက်မှုများကိုဖြည့်ဆည်းဆောင်ရွက်ပေးရမည်။

**အပိုဒ် (၁၉)** လုပ်ငန်းအဆင့်တွင် အောက်ဖော်ပြပါအချင်းအရာများအတွက် စီစဉ်ဆောင်ရွက်မှုများကို လုပ်ဆောင်ပေးရမည်။ ယင်းလုပ်ငန်းအောက်တွင် –

(က) အလုပ်သမားများသည် လုပ်ငန်းတာဝန်များကို လုပ်ဆောင်နေစဉ်အချိန်တွင် အလုပ်ရှင်က ၎င်းတို့အား အပ်နှင်းထားသည့် လုပ်ငန်းတာဝန်များ ပြီးမြောက်စေရန် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) လုပ်ငန်းတွင်ရှိသည့် အလုပ်သမားကိုယ်စားလှယ်များသည် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး အလုပ်ရှင်နှင့် ပူးပေါင်းလုပ်ဆောင်ခြင်း၊

(ဂ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အခြေအနေများ သေချာစေရေးအတွက် အလုပ်ရှင်၏ ဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် သတင်းချက်အလက်များကို လုပ်ငန်းတွင်ရှိသည့် အလုပ်သမားများအား လုံလောက်စွာ ပေးထားခြင်းဖြင့် ၎င်းတို့အနေဖြင့် ထိုသတင်းအချက်အလက်များနှင့်ပတ်သက်ပြီး၊ ၎င်းတို့အား ကိုယ်စားပြုသည့် အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးခြင်းများ ပြုလုပ်နိုင်မည်။ ထိုသို့ဆိုရာတွင် စီးပွားရေးဆိုင်ရာ လျှို့ဝှက်ချက်များကို ပေါက်ကြားစေခြင်း မရှိစေရ။

(ဃ) လုပ်ငန်းတွင်ရှိသည့်အလုပ်သမားများနှင့်အလုပ်သမားကိုယ်စားလှယ်များအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်ပတ်သက်ပြီး၊ သင့်လျော်သည့် လေ့ကျင့်သင်ကြားမှုများကို ပြင်ဆင်ဆောင်ရွက်ပေးခြင်း၊

(င) နိုင်ငံ၏ ဥပဒေနှင့် အလေ့အကျင့်များနှင့်အညီ လုပ်ငန်းတစ်ခုတွင်ရှိသည့် အလုပ်သမားများ သို့မဟုတ် ၎င်းတို့၏ ကိုယ်စားလှယ်များ၊ ၎င်းတို့၏ ကိုယ်စားပြုအဖွဲ့အစည်းများကို ၎င်းတို့၏ အလုပ်အကိုင်နှင့်ဆက်စပ်နေသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကဏ္ဍ အားလုံးနှင့်ပတ်သက်ပြီး စုံစမ်းမှုပြုလုပ်နိုင်စွမ်းရှိသူများဖြစ်စေကာ၊ အလုပ်ရှင်နှင့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ပါသည်။ ထိုရည်ရွယ်ချက်အလို့ငှာ အလုပ်ရှင်၊ အလုပ်သမားနှစ်ဦးနှစ်ဖက် သဘောတူညီမှုဖြင့် နည်းပညာဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များကို လုပ်ငန်းပြင်ပမှ ခေါ်ယူနိုင်ပါသည်။

(စ) အလုပ်သမားတစ်ဦးသည် မိမိအသက် သို့မဟုတ် ကျန်းမာရေးကို ဆိုးရွားစွာအန္တရာယ်ကျရောက်နိုင်သည့် အခြေအနေနှင့်ပတ်သက်ပြီး ယုံကြည်နိုင်လောက်သည့်ကြောင်းကျိုးဖော်ပြချက်များဖြင့် ၎င်း၏ ကြီးကြပ်ရေးမှူးထံသို့ ချက်ခြင်းတင်ပြနိုင်သည်။ လိုအပ်ပါက၊ အလုပ်ရှင်သည် ဖြစ်ပေါ်နေသည့် အခြေအနေများအတွက် လိုအပ်သည့် ဆောင်ရွက်မှုမပြီးမချင်း၊ အလုပ်သမားအား အသက် သို့မဟုတ် ကျန်းမာရေးကို ဆိုးရွားစွာ အန္တရာယ်ကျရောက်နိုင်သည့် အနေအထားတွင်ရှိသည့် လုပ်ငန်းခွင်အခြေအနေသို့ ပြန်လည်ဝင်ရောက် လုပ်ကိုင်စေခြင်းမျိုး လုပ်ဆောင်၍မရပါ။

**အပိုဒ် (၂၀)** လုပ်ငန်းတစ်ခုတွင်ရှိသည့် လုပ်ငန်းအုပ်ချုပ်စီမံသူများနှင့် အလုပ်သမားများနှင့်/သို့မဟုတ် ၎င်းတို့၏ ကိုယ်စားလှယ်များအကြား ပူးပေါင်းဆောင်ရွက်ခြင်းသည် ဤပြဋ္ဌာန်းချက်ပါ အပိုဒ် ၁၆ – ၁၉ အရ၊ အဖွဲ့အစည်းဆိုင်ရာနှင့် အခြားသောဆောင်ရွက်မှုများ၏ မရှိမဖြစ်လိုအပ်သည့် အစိတ်အပိုင်းတစ်ခုဖြစ်စေရမည်။

**အပိုဒ် (၂၁)** လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ခြင်းအတွက် ကုန်ကျငွေသည် အလုပ်သမားများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

## အပိုင်း (၅) – အပြီးသတ် သတ်မှတ်ပြဋ္ဌာန်းချက်များ

**အပိုဒ် (၂၂)** ဤပြဋ္ဌာန်းချက်သည် မည်သည့်အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာပြဋ္ဌာန်းချက် သို့မဟုတ် အကြံပြုတိုက်တွန်းချက်ကိုမျှ ပြင်ဆင်တည်းဖြတ်ခြင်းမပြုပါ။

**အပိုဒ် (၂၃)** ဤပြဋ္ဌာန်းချက်အားအတည်ပြုလက်မှတ်ရေးထိုးခြင်းကိုမှတ်ပုံတင်ရန်အလို့ငှာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၏ ညွှန်ကြားရေးမှူးချုပ်ထံသို့ ဆက်သွယ်ပေးပို့ရမည်။

**အပိုဒ် (၂၄)** ၁။ ဤပြဋ္ဌာန်းချက်ကို လိုက်နာရန်တာဝန်သည် မိမိတို့၏ အတည်ပြုလက်မှတ်ရေးထိုးမှုများကို အပြည်ပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၏ ညွှန်ကြားရေးမှူးချုပ်ထံ၌ မှတ်ပုံတင်ပြီးသော အဖွဲ့ဝင်နိုင်ငံများ၌သာလျှင် ရှိစေရမည်။

၂။ ယင်းသည် အဖွဲ့ဝင်နိုင်ငံ နှစ်နိုင်ငံ၏ အတည်ပြုလက်မှတ်ရေးထိုးမှုများအား ညွှန်ကြားရေးမှူးချုပ်ထံ၌ မှတ်ပုံတင်သည့်နေ့

ရက်မှ နောက် (၁၂) လ လွန်မြောက်သောအခါ အာဏာသက်ဝင်စေရမည်။

၃။ ထိုမှနောက်တွင် အဖွဲ့ဝင်နိုင်ငံတစ်ခုခုအတွက် ယင်း၏ အတည်ပြုလက်မှတ်ရေးထိုးမှုကို မှတ်ပုံတင်သည့်နေ့ရက်မှ နောက် (၁၂) လလွန်မြောက်သောအခါ အာဏာသက်ဝင်စေရမည်။

**အပိုဒ် (၂၅)** ၁။ ဤပြဋ္ဌာန်းချက်ကို အတည်ပြုလက်မှတ်ရေးထိုးသော အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံသည် ဤပြဋ္ဌာန်းချက် ဦးစွာအာဏာသက်ဝင်သည့် နေ့ရက်မှ (၁၀) တာ ကာလလွန်မြောက်သောအခါ၊ ဤပြဋ္ဌာန်းချက်ကို ပယ်ဖျက်စွန့်လွှတ်ရန် အလို့ငှာ မှတ်ပုံတင်ခြင်းအတွက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၏ ညွှန်ကြားရေးမှူးချုပ်ထံသို့ ဆက်သွယ်ပေးပို့နိုင်သည်။ ယင်းကဲ့သို့ပယ်ဖျက်စွန့်လွှတ်ခြင်းသည် ယင်းအားမှတ်ပုံတင်သည့်နေ့ရက်မှ နောက်တစ်နှစ်မလွန်မြောက်မီ အကျိုးသက်ရောက်မှုမရှိစေရ။

၂။ ဤပြဋ္ဌာန်းချက်ကို အတည်ပြုလက်မှတ်ရေးထိုးသော အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပိုဒ်၏ အထက်ပါ စာပိုဒ်တွင် ဖော်ပြထားသည့်အတိုင်း (၁၀) နှစ်တာကာလကျော်လွန်ပြီး နောက်တစ်နှစ်အတွင်း ဤအပိုဒ်တွင် ထည့်သွင်းဖော်ပြထားသည့် လက်ခံကျင့်သုံးမှုအား ပယ်ဖျက်စွန့်လွှတ်ခြင်းကို မကျင့်သုံးသော်၊ နောက်ထပ် (၁၀) နှစ်တာကာလအတွက် ဤပြဋ္ဌာန်းချက်ကို လိုက်နာရန် တာဝန်ရှိစေရမည့်အပြင်၊ ထိုမှနောက်တွင် ဤအပိုဒ်တွင် ထည့်သွင်းပေးထားသည့် စည်းကမ်းချက်များအရ၊ (၁၀) တာ ကာလတစ်ခုစီ လွန်မြောက်သည့်အခါတိုင်း၌ ဤပြဋ္ဌာန်းချက်ကို ပယ်ဖျက် စွန့်လွှတ်နိုင်သည်။

**အပိုဒ် (၂၆)** ၁။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၏ ညွှန်ကြားရေးမှူးချုပ်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ အဖွဲ့ဝင်နိုင်ငံများ၏ အတည်ပြုလက်မှတ်ရေးထိုးခြင်းများ၊ ကြေညာချက်များနှင့် ပယ်ဖျက်စွန့်လွှတ်ခြင်းများ အားလုံးနှင့် စပ်လျဉ်းသည့် မှတ်ပုံတင်ခြင်းများအတွက် ၎င်းထံဆက်သွယ် အကြောင်းကြားမှု အားလုံးကို အဖွဲ့ဝင်နိုင်ငံများအားလုံးထံ အသိပေး အကြောင်းကြားရမည်။

၂။ ၎င်းထံသို့ ဆက်သွယ်ပေးပို့သည့် ဒုတိယအကြိမ် အတည်ပြုလက်မှတ်ရေးထိုးမှုအား မှတ်ပုံတင်ခြင်းကို အဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများထံ အကြောင်းကြားသောအခါ ညွှန်ကြားရေးမှူးချုပ်သည် ယင်းအဖွဲ့၏ အဖွဲ့ဝင်များအား ဤပြဋ္ဌာန်းချက် အာဏာသက်ဝင်မည့် နေ့ရက်ကို သတိမူမိကြစေရန် ဆောင်ရွက်ရမည်။

**အပိုဒ် (၂၇)** အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၏ ညွှန်ကြားရေးမှူးချုပ်သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အပိုဒ် ၁၀၂ နှင့်အညီ မှတ်ပုံတင်သွင်းရန်အလို့ငှာအထက်ဖော်ပြပါအပိုဒ်များတွင်ပါရှိသည့်စည်းကမ်းချက်များနှင့်အညီ ၎င်းမှတ်ပုံတင်ထားသည့် အားလုံးသော အတည်ပြုလက်မှတ်ရေးထိုးမှုများ၊ ကြေညာချက်များနှင့် ပယ်ဖျက်စွန့်လွှတ်ခြင်းဆိုင်ရာ ကိစ္စဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့် အချက်အလက် အပြည့်အစုံကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံသို့ ဆက်သွယ်ပေးပို့ရမည်။

**အပိုဒ် (၂၈)** ယင်းကလိုအပ်သည်ဟု ယူဆသည့်အချိန်အခါများ၌ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၏ အုပ်ချုပ်မှုအဖွဲ့သည် ဤပြဋ္ဌာန်းချက်နှင့်စပ်လျဉ်းသည့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အစီရင်ခံစာတစ်စောင်ကို အထွေထွေညီလာခံသို့ တင်ပြရမည်ဖြစ်သည့်အပြင်၊

ဤပြဋ္ဌာန်းချက်အလုံးစုံကိုဖြစ်စေ သို့မဟုတ် တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ ပြင်တည်းဖြတ်ဆောင်ရွက်ရေးကိစ္စအား ညီလာခံအစည်းအဝေးအစီအစဉ်၌ ထည့်သွင်းလိုခြင်းရှိ မရှိ စိစစ်ရမည်။

**အပိုဒ် (၂၉)** ၁။ ညီလာခံက ဤပြဋ္ဌာန်းချက်တစ်ခုလုံးကိုဖြစ်စေ သို့မဟုတ် ပြင်ဆင်တည်းဖြတ်ကာ ပြဋ္ဌာန်းချက်အသစ်တစ်ခုကို ချမှတ်အတည်ပြုလျှင် ပြဋ္ဌာန်းချက်အသစ်က အခြားမည်သို့မျှ မဆိုပါက –

(က) ဤပြဋ္ဌာန်းချက်၏အထက်အပိုဒ်၂၅တွင်မည်သို့သတ်မှတ်ပြဋ္ဌာန်းထားစေကာမူ အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံက ပြင်ဆင်တည်းဖြတ်ထားသော ပြဋ္ဌာန်းချက်အသစ်ကို အတည်ပြုလက်မှတ်ရေးထိုးခြင်းသည် ပြဋ္ဌာန်းချက်အသစ် အာဏာသက်ဝင်လာလျှင်ဖြစ်စေ၊ အာဏာသက်ဝင်လာသောအခါ၌ဖြစ်စေ၊ဤပြဋ္ဌာန်းချက်အား ယင်းတရားဥပဒေသဘောကြောင့်ပင်လျှင် ချက်ချင်းပယ်ဖျက်စွန့်လွှတ်ရာရောက်စေရမည်။

(ခ) ပြင်ဆင်တည်းဖြတ်ထားသော ပြဋ္ဌာန်းချက်အသစ်အာဏာသက်ဝင်သည့်နေ့ရက်မှ အစပြု၍ ဤပြဋ္ဌာန်းချက်ကို အဖွဲ့ဝင်များအတည်ပြုလက်မှတ်ရေးထိုးရန် ဖွင့်လှစ်ထားသည့်အဖြစ်မှ ရပ်ဆိုင်းစေရမည်။

၂။ ဤပြဋ္ဌာန်းချက်ကို အတည်ပြုလက်မှတ် ရေးထိုးပြီးဖြစ်သော်လည်း ပြင်ဆင်တည်းဖြတ်ထားသော ပြဋ္ဌာန်းချက်အား အတည်ပြုလက်မှတ်မရေးထိုးရသေးသော အဖွဲ့ဝင်နိုင်ငံများအတွက် ဤပြဋ္ဌာန်းချက်သည် ပကတိရှိရင်းစွဲပါဝင်သည့် သတ်မှတ်ချက်များအတိုင်း အာဏာတည်လျက်ရှိစေရမည်။

**အပိုဒ် (၃၀)** အင်္ဂလိပ်နှင့် ပြင်သစ်ဘာသာစကားတို့ဖြင့် ရေးသားထားသည့် ဤပြဋ္ဌာန်းချက်ပါ အကြောင်းအရာများသည် တူညီသောအာဏာသက်ရောက်မှုရှိကြသည်။

# ၃။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာပြဋ္ဌာန်းချက် (၁၉၈၁ ခုနှစ်) နှင့် စပ်လျဉ်းသည့် နောက်ဆက်တွဲစာချုပ် (၂၀၀၂ ခုနှစ်)

## နိဒါန်း

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ အထွေထွေညီလာခံကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ အုပ်ချုပ်ရေးအဖွဲ့က ၂၀၀၂ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့တွင် အကြိမ် ၉၀ မြောက် ကျင်းပပြုလုပ်ရာ၊

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက် (၁၉၈၁ ခုနှစ်) ၏ အပိုဒ် ၁၁ ပါ သတ်မှတ်ပြဋ္ဌာန်းချက်များကို မှတ်သား၍သော်လည်းကောင်း (ဤမှနောင်တွင် "ပြဋ္ဌာန်းချက်" ဟူ၍ ရည်ညွှန်းပါမည်။ ယင်းအပိုဒ်က –

"ဤပြဋ္ဌာန်းချက်ပါ အပိုဒ် ၄ တွင် ရည်ညွှန်းဖော်ပြထားသည့် မူဝါဒအကျိုးသက်ရောက်မှုရှိစေရန် အခွင့်ရအာဏာပိုင် သို့မဟုတ် အာဏာပိုင်များသည် အောက်ဖော်ပြပါဆောင်ရွက်မှုများကို တိုးတက်အောင်မြင်စွာဆောင်ရွက်ကြောင်း သေချာစေရမည်" ဟု သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

… (ဂ) လျော်ကန်သည့်အချိန်တွင် အလုပ်ရှင်များ၊ အာမခံအသင်းအဖွဲ့များနှင့် တိုက်ရိုက်သက်ဆိုင်သည့် အခြားသောအဖွဲ့အစည်းများအားဖြင့် လုပ်ငန်းခွင်မတော်တဆဖြစ်မှုများနှင့် ရောဂါနှင့် ပတ်သက်ပြီး ကြိုတင်အသိပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ချမှတ်ခြင်းနှင့် ကျင့်သုံးခြင်းနှင့်၊ လုပ်ငန်းခွင် မတော်တဆဖြစ်မှုများနှင့် ရောဂါများနှင့်ပတ်သက်သည့် ကိန်းဂဏန်းများကို နှစ်စဉ်ထုတ်ပြန်ခြင်း၊

... (င) အလုပ်လုပ်ကိုင်နေစဉ် သို့မဟုတ် အလုပ်အကိုင်နှင့်ဆက်စပ်ပြီးဖြစ်ပေါ်သည့် လုပ်ငန်းခွင်မတော်တဆဖြစ်မှုများ၊ လုပ်ငန်းခွင်ရောဂါရရှိမှုများနှင့် ကျန်းမာရေးကိုထိခိုက်စေသည့် အခြားသောထိခိုက်ဒဏ်ရာရရှိမှုများနှင့်ပတ်သက်ပြီး၊ ဤပြဋ္ဌာန်းချက်ပါ အပိုဒ် ၄ တွင် ရည်ညွှန်းဖော်ပြထားသည့် မူဝါဒအရ၊ လုပ်ဆောင်သည့်ဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို နှစ်စဉ်ပုံနှိပ်ထုတ်ဝေခြင်း၊

လုပ်ငန်းခွင်မတော်တဆဖြစ်မှုများနှင့် ရောဂါဖြစ်ပွားမှုများအတွက် မှတ်တမ်းတင်ခြင်းနှင့်အသိပေးအကြောင်းကြားခြင်းအားကောင်းစေရန်နှင့်ဖြစ်ပေါ်သည့်အကြောင်းရင်းများကို ခွဲခြားသတ်မှတ်ဖော်ထုတ်ရန်နှင့် ကြိုတင်တားဆီးကာကွယ်ခြင်းကို ချမှတ်ရန်ရည်ရွယ်လျက် ညီညွတ်မျှတသည့် မှတ်တမ်းတင်ခြင်းနှင့် အသိပေးအကြောင်းကြားခြင်းစနစ်များကို မြှင့်တင်ရန်လိုအပ်ကြောင်းကို အမှတ်ရလျက် သေချာစွာ စဉ်းစားသုံးသပ်၍လည်းကောင်း၊

အစည်းအဝေး၏အစီအစဉ်(၅)တွင်ပါရှိသောလုပ်ငန်းခွင်မတော်တဆဖြစ်မှုများနှင့်ရောဂါဖြစ်ပွားမှု များနှင့်ပတ်သက်ပြီး မှတ်တမ်းတင်ခြင်းနှင့် အသိပေးအကြောင်းကြားခြင်းတို့နှင့်စပ်လျဉ်းသည့် အချို့သောအဆိုပြုချက်များကို လက်ခံအတည်ပြုရန် ဆုံးဖြတ်ချက်ချမှတ်၍လည်းကောင်း၊

ထိုအဆိုပြုချက်များကို လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာပြဋ္ဌာန်းချက် (၁၉၈၁ ခုနှစ်) နှင့်စပ်လျဉ်းသည့် နောက်ဆက်တွဲစာချုပ်အဖြစ် ဆုံးဖြတ်ချမှတ်လျက်၊

၂၀၀၂ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာပြဋ္ဌာန်းချက် (၁၉၈၁ ခုနှစ်) နှင့်စပ်လျဉ်းသည့် နောက်ဆက်တွဲစာချုပ်အဖြစ် ရည်ညွှန်းနိုင်သည့် အောက်ပါနောက်ဆက်တွဲစာချုပ်ကို လက်ခံအတည်ပြုလိုက်သည်။

# အပိုင်း (၁) – အဓိပ္ပါယ်ဖွင့်ဆိုချက်များ

**အပိုဒ် (၁)** ဤနောက်ဆက်တွဲစာချုပ်၏ ရည်ရွယ်အလို့ငှာ –

(က) "လုပ်ငန်းခွင်ဆိုင်ရာ မတော်တဆဖြစ်မှု" ဟူသော ဝေါဟာရသည် လုပ်ငန်းခွင်မှ သို့မဟုတ် အလုပ်လုပ်ကိုင်နေစဉ်ဖြစ်ပေါ်လာသည့် အဖြစ်အပျက်ကြောင့် သေစေနိုင်သော သို့မဟုတ် မသေစေနိုင်သော ထိခိုက်ဒဏ်ရာရရှိမှုနှင့် အကျုံးဝင်သည်။

(ခ) "လုပ်ငန်းခွင်ဆိုင်ရာရောဂါ" ဟူသော ဝေါဟာရသည် အလုပ်လုပ်ဆောင်မှုမှ ထွက်ပေါ်လာသည့် အန္တရာယ်ရှိနိုင်သော အကြောင်းရင်းများနှင့် ထိတွေ့ခြင်းမှ ကူးစက်ဖြစ်ပေါ်သည့် ရောဂါမှန်သမျှနှင့် အကျုံးဝင်သည်။

(ဂ) "အန္တရာယ်ရှိသော အဖြစ်အပျက်" ဟူသည် နိုင်ငံ၏ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင် အဓိပ္ပါယ်သတ်မှတ်ထားသည့်အတိုင်း လုပ်ငန်းခွင်ရှိသူများ သို့မဟုတ် အများပြည်သူကို ထိခိုက်ဒဏ်ရာရရှိစေနိုင်သော သို့မဟုတ် ရောဂါဖြစ်ပွားစေနိုင်သော အလားအလာရှိပြီး၊ အလွယ်တကူခွဲခြားသတ်မှတ်ဖော်ထုတ်နိုင်သော ဖြစ်ရပ်နှင့် အကျုံးဝင်သည်။

(ဃ) "လုပ်ငန်းခွင်အသွားအပြန် မတော်တဆဖြစ်မှု" ဟူသော ဝေါဟာရသည် သေဆုံးမှု သို့မဟုတ် တစ်ကိုယ်ရေဒဏ်ရာရရှိမှုဖြစ်ပေါ်စေသည့် မတော်တဆမှုနှင့် အကျုံးဝင်သည်။ ယင်းမတော်တဆမှုသည် လုပ်ငန်းခွင်နှင့် အောက်ဖော်ပြပါနေရာများအကြား လမ်းခရီးတွင် ဖြစ်ပေါ်ခြင်းဖြစ်သည်။

(၁) အလုပ်သမား၏ အတည်တကျနေထိုင်ရာ သို့မဟုတ် ယာယီနေထိုင်ရာ နေအိမ်၊ သို့မဟုတ်

(၂) အလုပ်သမားအစားအစာ အမြဲစားသုံးသည့် နေရာ၊ သို့မဟုတ်

(၃) အလုပ်သမားက လုပ်အားခကို အမြဲတမ်းလက်ခံရယူသည့် နေရာ

## အပိုင်း (၂) – မှတ်တမ်းတင်ခြင်းနှင့် ကြိုတင်အသိပေးအကြောင်းကြားခြင်းဆိုင်ရာ စနစ်များ

**အပိုဒ် (၂)** အခွင့်ရအာဏာပိုင်သည် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် နိုင်ငံ၏ အခြေအနေများ၊ အလေ့အကျင့်များနှင့် ကိုက်ညီသည့် အခြားသော နည်းစနစ်များအားဖြင့် ကိုယ်စားပြုမှုအများဆုံးဖြစ်သည့် အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးလျက်၊ အောက်ပါတို့နှင့်စပ်လျဉ်းသည့် သတ်မှတ်ချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ချမှတ်လျက် အခါအားလျော်စွာ ပြန်လည်ဆန်းစစ်ရမည်။

(က) လုပ်ငန်းခွင်ဆိုင်ရာ မတော်တဆဖြစ်မှုများ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများ၊ အန္တရာယ်ရှိသော အဖြစ်အပျက်များ၊ လုပ်ငန်းခွင်အသွားအပြန် မတော်တဆဖြစ်မှုများနှင့် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများနှင့်ပတ်သက်ပြီး သံသယဖြစ်ဖွယ်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး လျော်ကန်သလို မှတ်တမ်းတင်ခြင်းနှင့်

(ခ) လုပ်ငန်းခွင်ဆိုင်ရာ မတော်တဆဖြစ်မှုများ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများ၊ အန္တရာယ်ရှိသော အဖြစ်အပျက်များ၊ လုပ်ငန်းခွင်အသွားအပြန် မတော်တဆဖြစ်မှုများနှင့် လုပ်ငန်းခွင်ရောဂါများနှင့်ပတ်သက်ပြီး သံသယဖြစ်ဖွယ်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး လျော်ကန်သလိုအသိပေးအကြောင်းကြားခြင်း၊

**အပိုဒ် (၃)** မှတ်တမ်းတင်ခြင်းနှင့်ဆိုင်သည့် သတ်မှတ်ချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် အောက်ပါတို့ကို ဆုံးဖြတ်သတ်မှတ်ရမည်။

(က) အလုပ်ရှင်များ၏ တာဝန်ဝတ္တရား –

(၁) လုပ်ငန်းခွင်ဆိုင်ရာ မတော်တဆဖြစ်မှုများ၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါများ၊အန္တရာယ်ရှိသောအဖြစ်အပျက်များ၊ လုပ်ငန်းခွင်အသွားအပြန် မတော်တဆဖြစ်မှုများနှင့် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများနှင့် ပတ်သက်ပြီး သံသယဖြစ်ဖွယ်ရာ ကိစ္စရပ်များကို လျော်ကန်သလို မှတ်တမ်းတင်ထားရှိရန်၊

(၂) မှတ်တမ်းတင်သည့် စနစ်နှင့်ပတ်သက်ပြီး အလုပ်သမားများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များအား လျော်ကန်သည့် သတင်းအချက်အလက်များ ဖြည့်ဆည်းပံ့ပိုးပေးရန်၊

(၃) ဤမှတ်တမ်းများကို လျော်ကန်စွာထိန်းသိမ်းထားရှိရန်နှင့် ကြိုတင်တားဆီးကာကွယ်ရေး ဆောင်ရွက်မှုများ ချမှတ်ရန်အတွက် ယင်းမှတ်တမ်းများကို သေချာစွာ အသုံးပြုရန်၊

(၄) လုပ်ငန်းခွင်ဆိုင်ရာ မတော်တဆဖြစ်မှု၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါ၊ အန္တရာယ်ရှိသော အဖြစ်အပျက်၊ လုပ်ငန်းခွင်အသွားအပြန် မတော်တဆဖြစ်မှု သို့မဟုတ် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါနှင့် ပတ်သက်ပြီး သံသယဖြစ်ဖွယ်ရာကိစ္စရပ်ကို အစီရင်ခံတင်ပြခြင်းကြောင့် အလုပ်သမားအား လက်တုန့်ပြန်ခြင်းဆိုင်ရာ သို့မဟုတ် စည်း ကမ်းထိန်းသိမ်းရေးဆိုင်ရာ အရေးယူဆောင်ရွက်သည့် သဘောသက်ရောက်သည့် လုပ်ဆောင်မှုများကို ရှောင်ကြဉ်ရန်၊

(ခ) သတင်းအချက်အလက်များကို မှတ်တမ်းတင်ထားရှိရန်၊

(ဂ) ဤမှတ်တမ်းများကို ထိန်းသိမ်းထားရှိသည့် အချိန်ကာလ၊

(ဃ) နိုင်ငံ၏ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ၊ အခြေအနေများနှင့် အလေ့အကျင့်များနှင့်အညီ၊ အလုပ်ရှင်၏ ပိုင်ဆိုင်မှုတွင် ကိုယ်ပိုင်အချက်အလက်များနှင့် ကျန်းမာရေးဆိုင်ရာ အချက်အလက်များ သေချာစွာလျှို့ဝှက်ထားရှိရန် ဆောင်ရွက်မှုများ၊

**အပိုဒ် (၄)** အသိပေးအကြောင်းကြားခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် အောက်ပါတို့ကို ဆုံးဖြတ်သတ်မှတ်ရမည်။

(က) အလုပ်ရှင်များ၏ တာဝန်ဝတ္တရား

(၁) အခွင့်ရအာဏာပိုင်များ သို့မဟုတ် လုပ်ငန်းခွင်ဆိုင်ရာ မတော်တဆဖြစ်မှုများ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများ၊ အန္တရာယ်ရှိသော အဖြစ်အပျက်များ၊ လုပ်ငန်းခွင် အသွားအပြန် မတော်တဆဖြစ်မှုများနှင့် လုပ်ငန်းခွင်ရောဂါများနှင့်ပတ်သက်ပြီး သံသယဖြစ်ဖွယ်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော အခြားအဖွဲ့အစည်းများထံ လျော်ကန်သလို အသိပေးအကြောင်းကြားရန်၊

(၂) အသိပေးအကြောင်းကြားထားသည့် ကိစ္စရပ်များနှင့်သက်ဆိုင်သည့် လျော်ကန်သော သတင်းအချက်အလက်များကို အလုပ်သမားများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များအား ဖြည့်ဆည်းပံ့ပိုးပေးရန်၊

(ခ) လျော်ကန်သည့် အနေအထားတွင် အာမခံအသင်းအဖွဲ့များ၊ လုပ်ငန်းခွင်ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ၊ ဆရာဝန်များနှင့် တိုက်ရိုက်သက်ဆိုင်သည့် အခြားအဖွဲ့အစည်းများ

အားဖြင့် လုပ်ငန်းခွင်ဆိုင်ရာ မတော်တဆဖြစ်မှုများနှင့် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများနှင့်ပတ်သက်ပြီး အသိပေးအကြောင်းကြားခြင်းအတွက် စီစဉ်ဆောင်ရွက်မှုများ

(ဂ) လုပ်ငန်းခွင်ဆိုင်ရာ မတော်တဆဖြစ်မှုများ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများ၊ အန္တရာယ်ရှိသော အဖြစ်အပျက်များ၊ လုပ်ငန်းခွင်အသွားအပြန် မတော်တဆဖြစ်မှုများနှင့်၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများနှင့်ပတ်သက်ပြီး သံသယဖြစ်ဖွယ်ရာ ကိစ္စရပ်များကို လျော်ကန်သလို အသိပေးအကြောင်းကြားခြင်းနှင့် ဆိုင်သည့် စံချိန်စံညွှန်းများ၊

(ဃ) အသိပေးအကြောင်းကြားခြင်းအတွက် အချိန်ကန့်သတ်ချက်များ

**အပိုဒ် (၅)** အသိပေးအကြောင်းကြားခြင်းတွင် အောက်ပါတို့နှင့်စပ်လျဉ်းသည့် အချက်အလက်များပါဝင်ရမည်။

(က) လုပ်ငန်း၊ အလုပ်ဌာနနှင့် အလုပ်ရှင်

(ခ) သက်ဆိုင်မှုရှိပါက၊ထိခိုက်ဒဏ်ရာရရှိသည့်အလုပ်သမားများ၊ ထိခိုက်ဒဏ်ရာများ သို့မဟုတ် ရောဂါများ၏ သဘောသဘာဝ

(ဂ) လုပ်ငန်းခွင်နေရာ၊ မတော်တဆဖြစ်မှု သို့မဟုတ် အန္တရာယ်ရှိသော အဖြစ်အပျက်၏ အခြေအနေများ၊ လုပ်ငန်းခွင်ရောဂါဘယဖြစ်ပွားသည့် ကိစ္စရပ်မျိုးတွင် ကျန်းမာရေးဆိုင်ရာ အန္တရာယ်များနှင့် ထိတွေ့မှု အခြေအနေများ

# အပိုင်း (၃) – အမျိုးသားအဆင့်ကိန်းဂဏန်း အချက်အလက်များ

**အပိုဒ် (၆)** ဤနောက်ဆက်တွဲစာချုပ်ကိုအတည်ပြုလက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံတိုင်းသည် အသိပေးအကြောင်းကြားခြင်းနှင့် အခြား ရရှိနိုင်သည့် သတင်းအချက်အလက်များကို အခြေခံလျက် လုပ်ငန်း ခွင်ဆိုင်ရာ မတော်တဆဖြစ်မှုများ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများ၊ အန္တရာယ်ရှိသော အဖြစ်အပျက်များ၊ လုပ်ငန်းခွင်အသွားအပြန် မတော်တဆဖြစ်မှုများနှင့်အတူ၊ ယင်းတို့နှင့် သက်ဆိုင်သည့် စိစစ် ချက်များနှင့်ပတ်သက်ပြီး၊ တစ်နိုင်ငံလုံး အခြေအနေကို ကိုယ်စားပြု သည့် ကိန်းဂဏန်းအချက်အလက်များကို နှစ်စဉ်ထုတ်ဝေရမည်။

**အပိုဒ် (၇)** အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ သို့မဟုတ် အခြားအ ခွင့်ရ နိုင်ငံတကာအဖွဲ့အစည်းက ကမကထပြုကာ ချမှတ်ထားသည့် နောက်ဆုံးအပေါ် အနေအထားတွင်ရှိသည့် သက်ဆိုင်ရာနိုင်ငံတ ကာ အစီအစဉ်များနှင့် ကိုက်ညီသည့် အမျိုးအစားခွဲခြားသည့် အစီအ စဉ်များအတိုင်းလိုက်နာသည့် ကိန်းဂဏန်းအချက်အလက်များကို ချမှတ်ရမည်။

# အပိုင်း (၄) – အပြီးသတ် သတ်မှတ်ပြဋ္ဌာန်းချက်များ

**အပိုဒ် (၈)** ၁။ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် အတည်ပြုလက်မှတ် ရေးထိုးခြင်း ကို မှတ်ပုံတင်ရန်အလို့ငှာ အပြည်ပြည်ဆိုင်ရာ အလုပ်သမား ရေးရာရုံး၏ညွှန်ကြားရေးကြားရေးမှူးချုပ်ထံဆက်သွယ်ပေး ပို့ခြင်းအားဖြင့် ပြဋ္ဌာန်းချက်ကို အတည်ပြုလက်မှတ်ရေးထိုး သည့်အချိန်တွင်သော်လည်းကောင်းသို့မဟုတ်အတည်ပြုလက် မှတ်ရေးထိုးပြီးနောက်တွင်သော်လည်းကောင်း ဤနောက် ဆက်တွဲစာချုပ်ကို အတည်ပြုလက်မှတ်ရေးထိုးနိုင်သည်။

၂။ နောက်ဆက်တွဲစာချုပ်သည် အဖွဲ့ဝင်နိုင်ငံ နှစ်နိုင်ငံ၏ အတည်ပြုလက်မှတ်ရေးထိုးခြင်းများကို ညွှန်ကြားရေးမှူးချုပ်က မှတ်ပုံတင်သည့် နေ့ရက်မှ နောက် (၁၂) လ ကြာပြီးနောက်တွင် အာဏာသက်ဝင်စေရမည်။

**အပိုဒ် (၉)** ၁။ ပြဋ္ဌာန်းချက်ပါ အပိုဒ် ၂၅ နှင့်အညီ၊ ပြဋ္ဌာန်းချက်ကို ပယ်ဖျက်စွန့်လွှတ်ရန် ဖွင့်လှစ်ပေးထားသည့် အချိန်အခါတိုင်း၊ ဤနောက်ဆက်တွဲစာချုပ်ကိုအတည်ပြုလက်မှတ်ရေးထိုးပြီးသည့် အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံသည် မှတ်ပုံတင်ခြင်းအတွက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၏ ညွှန်ကြားရေးမှူးချုပ်ထံ ဆက်သွယ်ပေးပို့ခြင်းဖြင့် ယင်းကို ပယ်ဖျက်စွန့်လွှတ်နိုင်သည်။

၂။ ပြဋ္ဌာန်းချက်ပါ အပိုဒ် ၂၅ နှင့်အညီ၊ ဤနောက်ဆက်တွဲစာချုပ်ကို အတည်ပြုလက်မှတ်ရေး ထိုးပြီးသော အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက ပြဋ္ဌာန်းချက်အား ပယ်ဖျက်စွန့်လွှတ်ခြင်းတွင် ယင်းဥပဒေကြောင့်ပင်လျှင် ဤနောက်ဆက်တွဲစာချုပ်အား ပယ်ဖျက်စွန့်လွှတ်ခြင်း ပါဝင်ရမည်။

၃။ ဤအပိုဒ်၏ စာပိုဒ် (၁) သို့မဟုတ် စာပိုဒ် (၂) နှင့်အညီ ဤနောက်ဆက်တွဲစာချုပ်အား ပယ်ဖျက်စွန့်လွှတ်ခြင်းမှန်သမျှသည် ပယ်ဖျက်စွန့်လွှန်ကြောင်း မှတ်ပုံတင်သည့်နေ့ရက်မှ နောက်တစ်နှစ်အထိ အကျိုးသက်ရောက်မှုမရှိစေရ။

**အပိုဒ် (၁၀)** ၁။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၏ ညွှန်ကြားရေးမှူးချုပ်သည် အဖွဲ့ဝင်နိုင်ငံများက ဆက်သွယ်ပေးပို့လာသည့် အတည်ပြုလက်မှတ် ရေးထိုးခြင်းများအားလုံးနှင့် ပယ်ဖျက်

စွန့်လွှတ်ခြင်းများအားလုံးနှင့်ဆိုင်သည့် မှတ်ပုံတင်ခြင်းများကို အဖွဲ့ဝင်နိုင်ငံများအားလုံးထံ အသိပေးအကြောင်းကြားရမည်။

၂။ ဒုတိယအကြိမ် အတည်ပြုလက်မှတ်ရေးထိုးခြင်းကို မှတ်ပုံတင်ခြင်းနှင့်ပတ်သက်ပြီး အဖွဲ့ဝင်နိုင်ငံများအား အသိပေးအကြောင်းကြားသောအခါတွင် ညွှန်ကြားရေးမှူးချုပ်သည် ယင်းအဖွဲ့၏ အဖွဲ့ဝင်များအား နောက်ဆက်တွဲစာချုပ် အာဏာသက်ဝင်မည့် နေ့ရက်ကို သတိမူမိကြစေရန် ဆောင်ရွက်ရမည်။

**အပိုဒ် (၁၁)** အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၏ ညွှန်ကြားရေးမှူးချုပ်သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အပိုဒ် ၁၀၂ နှင့်အညီ၊ မှတ်ပုံတင်သွင်းရန်အလို့ငှာ အထက်ဖော်ပြပါအပိုဒ်များတွင် ပါရှိသည့် စည်းကမ်းချက်များနှင့်အညီ၊ ၎င်းတို့မှတ်ပုံတင်ထားသည့် အားလုံးသော အတည်ပြုလက်မှတ်ရေးထိုးမှုများနှင့် ပယ်ဖျက်စွန့်လွှတ်ခြင်းဆိုင်ရာ ကိစ္စဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့် အချက်အလက်အပြည့်အစုံကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံသို့ ဆက်သွယ်ပေးပို့ရမည်။

**အပိုဒ် (၁၂)** အင်္ဂလိပ်နှင့် ပြင်သစ်ဘာသာစကားတို့ဖြင့် ရေးသားထားသည့် ဤနောက်ဆက်တွဲစာချုပ်ပါ အကြောင်းအရာများသည် တူညီသော အာဏာသက်ရောက်မှု ရှိကြသည်။

# ၄။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၁၉၈၁ ခုနှစ် (အမှတ် - ၁၆၄)

## နိဒါန်း

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ အထွေထွေညီလာခံကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၏ အုပ်ချုပ်မှုအဖွဲ့ကကြီးမှူးလျက်၊ ၁၉၈၁ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့တွင် ဂျီနီဗာမြို့တွင် ၆၇ ကြိမ်မြောက် ကျင်းပပြုလုပ်ရာ၊

အစည်းအဝေး၏ အစီအစဉ် (၆) တွင်ပါရှိသော လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင်ဝန်းကျင်တို့နှင့်စပ်လျဉ်းသည့် အဆိုပြုချက်အချို့တို့ကို လက်ခံအတည်ပြုရန် ဆုံးဖြတ်ချက်ချမှတ်၍သော်လည်းကောင်း၊

ယင်းအဆိုပြုချက်များကို လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက် (၁၉၈၁ ခုနှစ်) ကို ဖြည့်စွက်သည့် အကြံပြုတိုက်တွန်းချက်ပုံစံတစ်ရပ်အနေဖြင့် လက်ခံအတည်ပြုရန် ဆုံးဖြတ်ချက်ချမှတ်လျက်၊

၁၉၈၁ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အကြံပြုတိုက်တွန်းချက် (၁၉၈၁ ခုနှစ်) အဖြစ်ညွှန်းဆိုနိုင်သည့် အောက်ပါ အကြံပြုတိုက်တွန်းချက်ကို လက်ခံအတည်ပြုလိုက်သည်။

# အပိုင်း (၁) – နယ်ပယ်အကျယ်အဝန်းနှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်များ

၁။ (၁) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၁၉၈၁ ခုနှစ် (ဤမှနောင်တွင် ပြဋ္ဌာန်းချက်ဟု ရည်ညွှန်းပါမည်) ပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အကြံပြုတိုက်တွန်းချက်ပါ သတ်မှတ်ပြဋ္ဌာန်းချက်များကို စီးပွားရေးလုပ်ငန်းခွဲများ အားလုံးနှင့် အလုပ်သမား အမျိုးအစားအားလုံးအတွက် အကောင်းဆုံးသော အတိုင်းအတာပမာဏအထိ ကျင့်သုံးသင့်သည်။

(၂) ပြဋ္ဌာန်းချက်နှင့် ဤအကြံပြုတိုက်တွန်းချက်တွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် အလားတူ ကာကွယ်စောင့်စောင့်ရှောက်မှုကို ကိုယ်ပိုင်အလုပ်လုပ်ကိုင်သူများအား ဆောင်ကြဉ်းပေးရန်လိုအပ်ပြီး လက်တွေ့ကျသည့် အနေအထားတွင်ရှိသောကြောင့် ထိုကဲ့သို့သော ဆောင်ရွက်မှုများအတွက် ဖြည့်ဆည်းဆောင်ရွက်သင့်သည်။

၂။ ဤအကြံပြုတိုက်တွန်းချက်၏ ရည်ရွယ်ချက်အလို့ငှာ –

(က) စီးပွားရေးလုပ်ငန်းခွဲများဟူသောဝေါဟာရသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင်၊ အလုပ်သမားများ အလုပ်လုပ်ကိုင်လျက်ရှိသည့် လုပ်ငန်းခွဲများအားလုံးနှင့်အကျုံးဝင်သည်။

(ခ) အလုပ်သမားဟူသော ဝေါဟာရသည် ပြည်သူ့ဝန်ထမ်းများအပါအဝင်၊ အလုပ်လုပ်ကိုင်လျက်ရှိသည့် လူပုဂ္ဂိုလ်အားလုံးနှင့် အကျုံးဝင်သည်။

(ဂ) လုပ်ငန်းခွင်ဟူသောဝေါဟာရသည် အလုပ်ရှင်က တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိန်းချုပ်ကာ၊ အလုပ်သမားများရှိရန် လိုအပ်သည့်နေရာများ သို့မဟုတ် အလုပ်အကိုင်ကြောင့် အလုပ်သမားများ သွားရောက်ရန် လိုအပ်သည့် နေရာများအားလုံးနှင့်အကျုံးဝင်သည်။

(ဃ) စည်းမျဉ်းစည်းဟူသော ဝေါဟာရသည် အခွင့်ရအာဏာပိုင် သို့မဟုတ် အာဏာပိုင်များအားဖြင့် ဥပဒေအာဏာသက်ဝင်သည့် သတ်မှတ်ပြဋ္ဌာန်းချက်အားလုံးနှင့် အကျုံးဝင်သည်။

(င) ကျန်းမာရေးဟူသော ဝေါဟာရသည် အလုပ်အကိုင်နှင့်စပ်လျဉ်း၍၊ ရောဂါ သို့မဟုတ် အင်အားချိနဲ့မှုမရှိခြင်းဟူသော အနေအထားကို ရည်ညွှန်းခြင်းမျှသာမဟုတ်ဘဲ၊ လုပ်ငန်းခွင်တွင် ကျန်းမာရေးကို ထိခိုက်စေသည့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများလည်းပါဝင်ကာ၊ အဆိုပါထိခိုက်မှုများသည် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့နှင့် တိုက်ရိုက်ဆက်စပ်နေသည်။

## အပိုင်း (၂) – ဆောင်ရွက်မှုဆိုင်ရာ နည်းပညာနယ်ပယ်များ

၃။ မတူညီသောစီးပွားရေးလုပ်ငန်းခွဲများနှင့် မတူညီသောအလုပ်အမျိုးအစားများအတွက် လျော်ကန်သင့်မြတ်ပြီး၊ ယင်းတို့၏ အရင်းအမြစ်တွင် ဘေးအန္တရာယ်များကို သုတ်သင်ဖယ်ရှားရေးအတွက် ဦးစားပေးဆောင်ရွက်ခြင်းဆိုင်ရာ မူသဘောတရားကို ထည့်သွင်းစဉ်းစားသောကြောင့်၊ ပြဋ္ဌာန်းချက်ပါ အပိုဒ် ၄ တွင် ရည်ညွှန်းဖော်ပြပါရှိသည့် မူဝါဒအရ၊ ဆောင်ရွက်မှုတို့ကို လုပ်ဆောင်သင့်သည်။ အထူးသဖြင့် အောက်ဖော်ပြပါ နယ်ပယ်များတွင်ဖြစ်သည်။

(က) ဒီဇိုင်း၊ ပုံစံ၊ ထိုင်သည့်အနေအထား၊ ဖွဲ့စည်းတည်ဆောက်မှုအနေအထား၊ တပ်ဆင်ခြင်း၊ ထိန်းသိမ်းခြင်း၊ လုပ်ငန်းခွင်များအား ပြင်ဆင်ပြောင်းလဲမှု၊ လုပ်ငန်းခွင်သို့ဝင်ရောက်သည့်နည်းလမ်းနှင့် ယင်းနေရာမှ ပြန်လည်ထွက်ခွာမှုနည်းလမ်း၊

(ခ) အလင်းရောင်ရရှိမှု၊ လေဝင်လေထွက်၊ လုပ်ငန်းခွင်များ စီစဉ်တကျထားရှိမှုနှင့် သန့်ရှင်းသပ်ရပ်မှု၊

(ဂ) လုပ်ငန်းခွင်ရှိ အပူချိန်၊ စိုထိုင်းဆနှင့် လေဝင်လေထွက်

(ဃ) အန္တရာယ်များကို ဖြစ်ပေါ်စေနိုင်သော စက်ယန္တရားနှင့် ပစ္စည်းကိရိယာတန်ဆာပလာများ၏ ဒီဇိုင်းပုံစံ၊ တည်ဆောက်မှု၊ အသုံးပြုမှု၊ ထိန်းသိမ်းခြင်း၊ စမ်းသပ်ခြင်းနှင့် စစ်ဆေးခြင်းနှင့် လျော်ကန်သလိုယင်းတို့ကို အတည်ပြုထောက်ခံမှုနှင့် ရွှေ့ပြောင်းခြင်း၊

(င) အလုပ်အကိုင်အခြေအနေများကြောင့် အန္တရာယ်ရှိသည့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ စိတ်ဖိစီးမှုများမှာ ကာကွယ်ခြင်း၊

(စ) ကာယအားပိုင်းဆိုင်ရာ သို့မဟုတ် စက်ပိုင်းဆိုင်ရာ ဝန်စည်များနှင့် အရာဝတ္ထုပစ္စည်းများကို ကိုင်တွယ်ခြင်း၊ အစီအရီဆင့်ပုံထားခြင်းနှင့် သိုလှောင်ထားခြင်း၊

(ဆ) လျှပ်စစ်စီးအသုံးပြုမှု

(ဇ) ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း၊ အညွှန်းတပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် အန္တရာယ်ရှိသော အရာဝတ္ထုပစ္စည်းများနှင့် ရောဂါ သယ်ဆောင်သည့်အရာများကို အသုံးပြုမှု၊ ယင်းတို့၏ စွန့်ပစ်ပစ္စည်းများနှင့် အကျွင်းအကျန်များကို ဖယ်ရှားရှင်းလင်းပစ်ခြင်းနှင့် ယင်းတို့နေရာတွင် အန္တရာယ်မရှိသော သို့မဟုတ် အန္တရာယ်နည်းသော အခြားအရာဝတ္ထုပစ္စည်းများနှင့် ရောဂါသယ်ဆောင်မှုနည်းပါးသည့်အရာများကို လိုအပ်သလို အစားထိုးခြင်း၊

(ဈ) ရေဒီယိုသတ္တုကြွအန္တရာယ်မှ ကာကွယ်ခြင်း

(ည) ဆူညံသံများနှင့် တုန်ခါမှုများကြောင့်ဖြစ်ပေါ်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်များမှ ကြိုတင်တားဆီးကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း၊

(ဋ) လုပ်ငန်းခွင်များ၏ဝန်းကျင်အခြေအနေနှင့် ဝန်းကျင်ဓလေ့စရိုက်အကြောင်းခြင်းရာများကို ထိန်းချုပ်ခြင်း

(ဌ) လေဖိအားအနိမ့်အမြင့်ကြောင့်ဖြစ်ပေါ်လာသည့်အန္တရာယ်များကို ကြိုတင်တားဆီးကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်း၊

(ဎ) မီးလောင်ခြင်း သို့မဟုတ် ပေါက်ကွဲမှုဖြစ်ပေါ်ခြင်းတို့ကို ကြိုတင်တားဆီးကာကွယ်ခြင်းနှင့် မီးလောင်ခြင်း သို့မဟုတ် ပေါက်ကွဲမှုဖြစ်ပေါ်သည့် ကိစ္စရပ်မျိုးတွင် ဆောင်ရွက်ရမည့်အရာများ၊

(ဏ) တစ်ကိုယ်ရေ ကာကွယ်ရေးပစ္စည်းကိရိယာများနှင့် ကာကွယ်ရေးဝတ်စုံများ၏ ဒီဇိုင်းပုံစံ၊ ထုတ်လုပ်ခြင်း၊ ဖြည့်ဆည်းပံ့ပိုးခြင်း၊ အသုံးပြုခြင်းနှင့် ထိန်းသိမ်းခြင်း၊

(တ) ရေဆိုးထုတ်ပယ်သည့် သန့်ရှင်းရေးပစ္စည်းကိရိယာများ တပ်ဆင်ခြင်းများ၊ လျှော်ဖွပ်သည့် အထောက်အပံ့ပစ္စည်းများ၊ အဝတ်အစားလဲလှယ်ခြင်းနှင့် သိမ်းဆည်းထားရှိမည့် အထောက်အပံ့ပစ္စည်းများ၊ သောက်ရေ ဖြည့်ဆည်းပံ့ပိုးခြင်းနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့် ဆက်စပ်နေသည့် အခြားသောသက်သာချောင်ချိရေးဆိုင်ရာ အထောက်အပံ့ပစ္စည်းများ၊

(ထ) ရှေးဦးသူနာပြုစုကုသမှု

(ဒ) အရေးပေါ်အစီအမံများချမှတ်ထားရှိခြင်း

(ဓ) အလုပ်သမားများ၏ကျန်းမာရေးကို ကြီးကြပ်ဆောင်ရွက်ခြင်း။

## အပိုင်း (၃) – အမျိုးသားအဆင့်တွင်ဆောင်ရွက်ခြင်း

၄။ ပြဋ္ဌာန်းချက်၏ အပိုဒ် ၄ တွင် ရည်ညွှန်းထားသည့် မူဝါဒအာဏာသက်ဝင်ရန် ရည်ရွယ်လျက်၊ ဤအကြံပြုတိုက်တွန်းချက်၏ စာပိုဒ် ၃ တွင် စာရင်းပြုစုဖော်ပြထားသည့် ဆောင်ရွက်မှုဆိုင်ရာ နည်းပညာနယ်ပယ်များကို ထည့်သွင်းစဉ်းစားကာ၊ နိုင်ငံတိုင်းရှိ အခွင့်ရအာဏာပိုင် သို့မဟုတ် အာဏာပိုင်များသည် အောက်ဖော်ပြပါတို့ကို ဆောင်ရွက်သင့်သည်။

(က) တစ်ဖက်တွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့် အခြားတစ်ဖက်တွင် အလုပ်ချိန်နှင့် နားချိန်များအကြားရှိ တည်ရှိနေသည့် ချိတ်ဆက်မှုများကို ထည့်သွင်းစဉ်းစားလျက်၊ လုပ်ငန်းခွင်

ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင်ဝန်းကျင်တို့နှင့် သက်ဆိုင်သည့် စည်းမျဉ်းများ၊ ကျင့်ဝတ်စည်းကမ်းများ သို့မဟုတ် အခြားသင့်လျော်သည့် သတ်မှတ်ပြဋ္ဌာန်းချက်များကို ထုတ်ပြန်ခြင်း သို့မဟုတ် ထောက်ခံအတည်ပြုခြင်း၊

(ခ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်ဆိုင်သည့် ဥပဒေပြဋ္ဌာန်းချက်များ၊ ဤစာပိုဒ်၏ အပိုဒ်ခွဲငယ် (က) အရနှင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာနှင့်ပတ်သက်သည့် အတွေ့အကြုံနှင့် တိုးတက်ပြောင်းလဲလာမှုများအရ ထုတ်ပြန်ထားသော သို့မဟုတ် ထောက်ခံအတည်ပြုထားသော သတ်မှတ်ပြဋ္ဌာန်းချက်များကို အခါအားလျော်စွာ ပြန်လည်ဆန်းစစ်ခြင်း၊

(ဂ) ဘေးအန္တရာယ်များကိုခွဲခြားသတ်မှတ်ရန်အတွက်လေ့လာမှုများနှင့် သုတေသနပြုလုပ်ခြင်းတို့ကို တာဝန်ယူဆောင်ရွက်ခြင်း သို့မဟုတ် မြှင့်တင်ဆောင်ရွက်ခြင်း၊

(ဃ) ဘေးအန္တရာယ်များကို လက်တွေ့ကျကျဆောင်ရွက်နိုင်သမျှ သုတ်သင်ဖယ်ရှားခြင်း၊ လျော့နည်းအောင်ပြုလုပ်ရန် ရည်ရွယ်လျက်၊ လျော်ကန်သည့် အနေအထားဖြင့် အလုပ်ရှင်များနှင့် အလုပ်သမားများအား သတင်းအချက်အလက်များနှင့် အကြံအဉာဏ်များ ဖြည့်ဆည်းပံ့ပိုးခြင်းနှင့် ၎င်းတို့အကြားနှင့် ၎င်းတို့အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးခြင်းနှင့် အဆင်ပြေစေချောမွေ့စေရန် ပံ့ပိုးဆောင်ရွက်ခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများအတွက် အထူးသင်တန်းအစီအစဉ်များကို ယင်းတို့၏ မိခင်ဘာသာစကားဖြင့် သင့်လျော်သလို စီမံဆောင်ရွက်ပေးခြင်း

(င) ရုတ်တရက်ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ရန် တိကျသည့် အစီအမံများဆောင်ရွက်ရန်နှင့် မတူညီသည့် အဆင့်များတွင်ဆောင်ရွက်ရမည့် ဆောင်ရွက်မှုများကို လိုက်လျောညီထွေ ရှေ့နောက်ကိုက်ညီမှုရှိစွာ ညှိနှိုင်းဆောင်ရွက်ရန်၊ အထူးသ

ဖြင့် အလုပ်သမားများနှင့် ပတ်ဝန်းကျင်ရှိ ပြည်သူများအတွက် အန္တရာယ်မြင့်မားသည့် အနေအထားတွင်ရှိသော စက်မှုဇုန်နေရာများတွင် ဆောင်ရွက်ခြင်း၊

(စ) အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ မူဘောင်အတွင်း ချမှတ်ထားသည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ် သတိပေးစနစ်နှင့် ကောင်းမွန်စွာသေချာစွာ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဆ) မသန်စွမ်းသည့် အလုပ်သမားများအတွက် လျော်ကန်သည့် ဆောင်ရွက်မှုများ ဖြည့်ဆည်းပံ့ပိုးပေးခြင်း။

၅။ ပြဋ္ဌာန်းချက်၏ အပိုဒ် ၉၊ စာပိုဒ် (၁) တွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် စစ်ဆေးရေးစနစ်ကို အလုပ်သမားရေးရာ စစ်ဆေးရေးဆိုင်ရာ ပြဋ္ဌာန်းချက် (၁၉၄၇ ခုနှစ်) နှင့် အလုပ်သမားရေးရာ စစ်ဆေးရေး (လယ်ယာစိုက်ပျိုးရေး) ဆိုင်ရာပြဋ္ဌာန်းချက် (၁၉၆၉) တို့တွင် ပါရှိသည့် သတ်မှတ်ပြဋ္ဌာန်းချက်များအားဖြင့် လမ်းညွှန်မှုပေးသင့်ပါသည်။ ထိုသို့လမ်းညွှန်မှုပြုရာတွင်၊ ဤစာချုပ်စာတမ်းများကို အတည်ပြုလက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံများ၏ ယင်းစာချုပ်စာတမ်းများပါ တာဝန်ဝတ္တရားများကို ယုတ်လျော့ထိခိုက်စေခြင်း မရှိပါ။

၆။ အခွင့်ရအာဏာပိုင် သို့မဟုတ် အာဏာပိုင်များသည် သက်ဆိုင်ရာ အလုပ်ရှင်၊ အလုပ်သမားများ၏ ကိုယ်စားပြုအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးလျက်၊ ပြဋ္ဌာန်းချက်၏ အပိုဒ် ၄ တွင် ရည်ညွှန်းထားသည့် မူဝါဒနှင့်ကိုက်ညီသည့် အလုပ်အကိုင်အခြေအနေ နယ်ပယ်များတွင် ဆောင်ရွက်မှုများကို လျော်ကန်သလို မြှင့်တင်ဆောင်ရွက်သင့်ပါသည်။

၇။ ပြဋ္ဌာန်းချက်၏ အပိုဒ် ၄ တွင် ရည်ညွှန်းဖော်ပြထားသည့် စီစဉ်ဆောင်ရွက်မှုများ၏ အဓိကရည်ရွယ်ချက်များသည် အောက်ပါတို့ကို ဆောင်ရွက်ရန်ဖြစ်သင့်ပါသည်။

(က) ပြဋ္ဌာန်းချက်၏ အပိုဒ် ၄ နှင့် အပိုဒ် ၇ တို့တွင်ပါရှိသည့် သတ်မှတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) ပြဋ္ဌာန်းချက်၏ အပိုဒ် ၁၁ နှင့် ဤအကြံပြုတိုက်တွန်းချက်၏ စာပိုဒ် ၄ တို့အရ၊ အခွင့်ရအာဏာပိုင် သို့မဟုတ် အာဏာပိုင်များအား တာဝန်ပေးအပ်ထားသည့် ဆောင်ရွက်မှုများအား အကောင်အထည်ဖော်ခြင်းကို ညှိနှိုင်းဆောင်ရွက်ရန်၊

(ဂ) အမျိုးသားအဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ဒေသအလိုက် ပြည်သူ့အာဏာပိုင်များ၊ အလုပ်ရှင်များနှင့် ၎င်းတို့၏ အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများနှင့် ယင်းတို့၏ ကိုယ်စားလှယ်များနှင့် အခြားသက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများက လေ့ကျင့်ဆောင်ရွက်သည့် အလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဝန်းကျင်နယ်ပယ်တို့ရှိ လုပ်ဆောင်မှုများကို ညှိနှိုင်းဆောင်ရွက်ရန်၊

(ဃ) အမျိုးသားအဆင့်၊ လုပ်ငန်းအဆင့် သို့မဟုတ် စီးပွားရေးလုပ်ငန်းခွဲအဆင့်တို့တွင် ရှုထောင့်အမြင်များ၊ သတင်းအချက်အလက်များနှင့် အတွေ့အကြုံများဖလှယ်ခြင်းကို တိုးမြှင့်လုပ်ဆောင်ရန်။

၈။ ပြဋ္ဌာန်းချက်၏ အပိုဒ် ၄ တွင် ရည်ညွှန်းဖော်ပြထားသည့် မူဝါဒကို ပုံဖော်ချမှတ်ခြင်းနှင့် ကျင့်သုံးခြင်းတို့အတွက် တာဝန်အပ်နှင့်ထားသည့် အစိုးရအာဏာပိုင်များ၊ အလုပ်ရှင်များနှင့် အလုပ်သမားများ၏ ကိုယ်စားပြုအဖွဲ့အစည်းများနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများအကြားလက်ပွန်းတတီးပူးပေါင်းလုပ်ဆောင်သင့်ပါသည်။

၉။ ပြဋ္ဌာန်းချက် အပိုဒ် ၇ တွင် ရည်ညွှန်းဖော်ပြထားသည့် ပြန်လည်ဆန်းစစ်ခြင်းသည် အထူးသဖြင့် ထိခိုက်လွယ်သည့် အလုပ်သမားများနှင့် အကျုံးဝင်သင့်ပါသည်။ ဥပမာ၊ မသန်စွမ်းသည့် အလုပ်သမားများ။

# အပိုင်း (၄) – လုပ်ငန်းအဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

၁၀။ မတူညီသည့် စီးပွားရေးလုပ်ငန်းခွဲများနှင့် မတူညီသည့်အလုပ်သမားအမျိုးအစားများအတွက် လျော်ကန်သည်ဖြစ်သောကြောင့် ပြဋ္ဌာန်းချက်၏ အပိုဒ် ၁၆ တွင် အသေးစိတ်ဖော်ပြထားသည့် ရည်မှန်းချက် အောင်မြင်ရန်ရည်ရွယ်လျက်၊ အလုပ်ရှင်များအတွက် သတ်မှတ်ထားသည့် တာဝန်ဝတ္တရားများတွင် အောက်ဖော်ပြပါတို့ ပါဝင်သင့်ပါသည်။

(က) လုပ်ငန်းခွင်များ၊ စက်ယန္တရားများနှင့် ပစ္စည်းကိရိယာတန်ဆာပလာများကို ဖြည့်ဆည်းပေးရန်နှင့် ထိန်းသိမ်းရန်နှင့် ကြောင်းကျိုးလျော်ညီစွာ လက်တွေ့ကျသည်ဖြစ်သောကြောင့် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးအတွက် အန္တရာယ်မဖြစ်စေသည့် အလုပ်အကိုင်နည်းစနစ်များကို အသုံးပြုရန်၊

(ခ) မတူညီသောအလုပ်သမားအမျိုးအစားများ၏ ဆောင်ရွက်မှုများနှင့် စွမ်းဆောင်ရည်တို့ကို ထည့်သွင်းစဉ်းစားလျက်၊ လိုအပ်သောညွှန်ကြားချက်များနှင့် လေ့ကျင့်သင်ကြားမှုများဆောင်ရွက်ပေးရန်

(ဂ) အလုပ်အကိုင်၊ အလုပ်အကိုင်အလေ့အကျင့်များနှင့် ကျင့်သုံးမှုတို့ကို လုံလောက်စွာကြီးကြပ်ဆောင်ရွက်ရန်နှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်မှုများကို အသုံးပြုရန်၊

(ဃ) လုပ်ငန်းအရွယ်အစားနှင့် ယင်းလုပ်ငန်း၏ လုပ်ဆောင်မှုသဘောသဘာဝနှင့် လျော်ညီအောင်ပြုလုပ်ထားသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဝန်းကျင်တို့နှင့် သက်ဆိုင်သည့် အဖွဲ့အစည်းဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများကို စတင်လုပ်ဆောင်ရန်၊

(င) ဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ခြင်းမရှိသည့် အချိန်မျိုးတွင် ကြောင်းကျိုးညီညွတ်စွာ လိုအပ်သည့် လုံလောက်

သော တစ်ကိုယ်ရေကာကွယ်ရေး ဝတ်စုံများနှင့် ပစ္စည်းကိရိယာတန်ဆာပလာများကို အလုပ်သမားများက ကျခံရန်မလိုဘဲ၊ ဖြည့်ဆည်းပံ့ပိုးပေးရန်၊

(စ) အလုပ်ချိန်များ၊ နားချိန်များနှင့်ပတ်သက်ပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်ခြင်း မရှိစေရန် အလုပ်အဖွဲ့အစည်းအနေဖြင့် သေချာစွာဆောင်ရွက်ရန်၊

(ဆ) ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အလွန်အကျူးပင်ပန်းနွမ်းနယ်မှုဖြစ်ခြင်းကို ဖယ်ရှားပစ် ရန်ရည်ရွယ်လျက်၊ ကြောင်းကျိုးညီညွတ်ပြီး လက်တွေ့ကျသည့် ဆောင်ရွက်မှုအားလုံးကို လုပ်ဆောင်ရန်၊

(ဇ) လေ့လာမှုများနှင့် သုတေသနပြုလုပ်ခြင်းများကို တာဝန်ယူဆောင်ရွက်ရန် သို့မဟုတ်ပါက၊ အထက်တွင်ဖော်ပြခဲ့သည့် အပိုဒ်ခွဲများကို လေးစားလိုက်နာရန်လိုအပ်သည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ အသိပညာဗဟုသုတများကို ကျယ်ကျယ်ပြန့်ပြန့် သိမြီးထားရှိရန်။

၁၁။ လုပ်ငန်းနှစ်ခု သို့မဟုတ် ယင်းထက်ပိုသောလုပ်ငန်းများသည် လုပ်ငန်းခွင်တစ်ခုတွင် လုပ်ဆောင်မှုများကို တစ်ပြိုင်နက်လုပ်ဆောင်ကြသည့်အခါတိုင်း၊ ယင်းလုပ်ငန်းများအနေဖြင့် မိမိတို့နှင့်သက်ဆိုင်သည့် အလုပ်သမားများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို ယုတ်လျော့ထိခိုက်စေခြင်း မရှိဘဲလျက်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဝန်းကျင်တို့နှင့်ဆိုင်သည့် သတ်မှတ်ပြဋ္ဌာန်းချက်များကို ကျင့်သုံးရာတွင် ပူးပေါင်းလုပ်ဆောင်သင့်သည်။ လျော်ကန်သည့် ကိစ္စရပ်များတွင်၊ အခွင့်ရအာဏာပိုင် သို့မဟုတ် အာဏာပိုင်များသည် ဤပူးပေါင်းဆောင်ရွက်မှုအတွက် ယေဘုယျလုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပြဋ္ဌာန်း ထားသင့်သည်။

၁၂။ (၁) လျော်ကန်ပြီး လိုအပ်သည့်အခြေအနေမျိုး၌ ပြဋ္ဌာန်းချက်၏ အပိုဒ် ၂၀ တွင် ရည်ညွှန်းဖော်ပြထားသည့် ပူးပေါင်းဆောင်ရွက်မှုကို အဆင်ပြေချောမွေ့စေရန် လုပ်ဆောင်ရမည့် ဆောင်ရွက်မှုများတွင် နိုင်ငံ၏ အလေ့အကျင့်များနှင့်အညီ၊ အလုပ်သမားများ၏ ဘေးအန္တ

ရာယ်ကင်းရှင်းရေးကိုယ်စားလှယ် ခန့်အပ်ခြင်း၊ အလုပ်သမားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မတီများနှင့်/သို့မဟုတ် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပူးတွဲကော်မတီများခန့်အပ်ခြင်းတို့ ပါဝင်သင့်ပါသည်။ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပူးတွဲကော်မတီများတွင် အလုပ်သမားများ၏ ကိုယ်စားလှယ်အရေအတွက်သည်အလုပ်ရှင်၏ကိုယ်စားလှယ်အရေအတွက်နှင့် တန်းတူညီမျှပါဝင်သင့်ပါသည်။

(၂) အလုပ်သမားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး ကိုယ်စားလှယ်များ၊ အလုပ်သမားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မတီများနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပူးတွဲကော်မတီများ သို့မဟုတ် အခြားသော အလုပ်သမားကိုယ်စားလှယ်များအား အောက်ပါတို့ကို လျော်ကန်သလို ဖြည့်ဆည်းဆောင်ရွက်ပေးသင့်ပါသည်။

(က) ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ လုံလောက်စွာ ဖြည့်ဆည်းပံ့ပိုးပေးခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို ထိခိုက်စေသည့် အကြောင်းခြင်းရာများကို စစ်ဆေးနိုင်စွမ်းရှိစေခြင်းနှင့် အကြောင်းအရာနှင့် ပတ်သက်သည့် ဆောင်ရွက်မှုများကို အဆိုပြုရန် အားပေးခြင်း၊

(ခ) ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးနှင့်ပတ်သက်ပြီး အဓိကကျသည့်ဆောင်ရွက်မှုများကို မျှော်မှန်းသောအခါနှင့် ယင်းတို့ကို မဆောင်ရွက်မီနှင့် ထိုဆောင်ရွက်မှုများအတွက် အလုပ်သမားများ၏ ပံ့ပိုးကူညီမှုကို ရရှိရန်ကြိုးပမ်းဆောင်ရွက်သောအခါတွင် တိုင်ပင်ဆွေးနွေးခြင်း၊

(ဂ) အလုပ်သမားများအတွက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများရှိသည့် အလုပ်အကိုင် လုပ်ငန်းစဉ်၊ အလုပ်လုပ်ရာတွင် လုပ်ဆောင်ရမည့်အရာများ သို့မဟုတ် အလုပ်အကိုင် အဖွဲ့အစည်းပြင်ဆင်ပြောင်းလဲမှုများ အတွက် အစီအစဉ်များချမှတ်ရာတွင် တိုင်ပင်ဆွေးနွေးခြင်း၊

(ဃ) အလုပ်သမားကိုယ်စားလှယ်များ သို့မဟုတ် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ ဖြစ်သောကြောင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်မှုများကို လုပ်ဆောင်နေစဉ် တွင် အလုပ်မှထုတ်ပယ်ခြင်း သို့မဟုတ် ၎င်းတို့အား ထိခိုက်စေ သည့် အခြားသောဆောင်ရွက်မှုများမှ အကာအကွယ်ပေးခြင်း၊

(င) ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ် များနှင့်ပတ်သက်ပြီး၊ လုပ်ငန်းအဆင့် ဆုံးဖြတ်ချက်ချမှတ် သည့် လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နိုင်စွမ်းရှိစေခြင်း၊

(စ) လုပ်ငန်းခွင်ရှိနေရာအားလုံးသို့ သွားရောက်နိုင်ခွင့်ရှိစေခြင်း နှင့်၊ လုပ်ငန်းခွင်တွင် အလုပ်ချိန်များအတွင်း ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ် သက်ပြီး အလုပ်သမားများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်စွမ်း ရှိစေခြင်း၊

(ဆ) အလုပ်သမားရေးရာ စစ်ဆေးရေးအရာရှိများနှင့် လွတ်လပ် စွာ ဆက်သွယ်နိုင်ခြင်း၊

(ဇ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင် ရာကိစ္စရပ်များနှင့်ပတ်သက်ပြီးလုပ်ငန်းအဆင့်စေ့စပ်ညှိနှိုင်း မှုများတွင် ပါဝင်ဖြည့်ဆည်းဆောင်ရွက်စေနိုင်ခြင်း၊

(ဈ) လုပ်ခလစာဖြင့် အလုပ်လုပ်ကိုင်သည့် အလုပ်ချိန်များအတွင်း တွင် ၎င်းတို့၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး

ဆိုင်ရာ ဆောင်ရွက်မှုများကို လုပ်ဆောင်ရန်နှင့် ဤဆောင်ရွက်မှုများနှင့် ဆက်စပ်သည့် လေ့ကျင့်သင်ကြားမှုများ ခံယူရန်အတွက် အချိန်ကာလကို ကြောင်းကျိုးလျော်ညီစွာရရှိစေခြင်း၊

(ည) ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့် စပ်လျဉ်းသည့် သီးခြားအခက်အခဲပြဿနာများနှင့်ပတ်သက်ပြီး အကြံဉာဏ်များရရှိရန် ကျွမ်းကျင်ပညာရှင်များကို အားကိုးအားထားပြုနိုင်ခြင်း။

၁၃။ လုပ်ငန်း၏ လုပ်ဆောင်မှုများနှင့်စပ်လျဉ်း၍ လိုအပ်မှုရှိပြီး၊ လက်တွေ့ကျကျ လုပ်ငန်းအရွယ်အစားနှင့်စပ်လျဉ်း၍ အောက်ပါတို့အတွက် ဖြည့်ဆည်းပံ့ပိုးမှုကို လုပ်ဆောင်သင့်ပါသည်။

(က) လုပ်ငန်းအတွင်း၌သော်လည်းကောင်း၊ အခြားလုပ်ငန်းများနှင့် ပူးတွဲဆောင်ရွက်၍သော်လည်းကောင်း သို့မဟုတ် ပြင်ပအဖွဲ့အစည်းတစ်ခုနှင့် စီစဉ်ဆောင်ရွက်မှုများအရသော်လည်းကောင်း၊ လုပ်ငန်းခွင်ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဝန်ဆောင်မှုများ ရရှိနိုင်မှု၊

(ခ) လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သီးခြားအခက်အခဲပြဿနာများနှင့် ပတ်သက်ပြီး အကြံဉာဏ်များရယူရန် သို့မဟုတ် ယင်းအခက်အခဲ ပြဿနာများနှင့် ကိုက်ညီသည့် ဆောင်ရွက်မှုများကို ကျင့်သုံးခြင်းအတွက် ကြီးကြပ်မှုခံယူရန်အတွက် ကျွမ်းကျင်ပညာရှင်များကို အားကိုးအားထားပြုနိုင်မှု။

၁၄။ ၎င်းတို့၏ လုပ်ငန်းများတွင် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုသဘောသဘာဝက အကြောင်းအရာခိုင်လုံစေသည့်အနေအထားမျိုးတွင် အလုပ်ရှင်များသည် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာနယ်ပယ်တွင် ၎င်းတို့၏ မူဝါဒနှင့် စီစဉ်ဆောင်ရွက်မှုများနှင့် ဤစီစဉ်ဆောင်ရွက်မှုများအရ လုပ်ဆောင်သည့် တာဝန်ဝတ္တရားအမျိုးမျိုးတို့ကို ရေးသားစီစဉ်ထားရှိရန်နှင့် ဤသတင်းအချက်အလက်ကို အလုပ်သမားအလွယ်တကူနားလည်နိုင်သည့် ဘာသာ

စကား သို့မဟုတ် နည်းလမ်းဖြင့် အလုပ်သမားတစ်ဦးချင်းစီ သတိပြုမိစေရေး အတွက် လုပ်ဆောင်ရန်လိုအပ်သည်။

၁၅။ (၁) အလုပ်ရှင်များအနေဖြင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး နှင့် ကျန်းမာရေးနှင့်စပ်လျဉ်းသည့် သက်ဆိုင်ရာ စံချိန်စံညွှန်းများ အား အကောင်အထည်ဖော်ဆောင်ရွက်မှု (ဥပမာ၊ ပတ်ဝန်းကျင် ဆိုင်ရာ စောင့်ကြည့်လေ့လာမှုအားဖြင့်) မှာ မှန်ကန်ကြောင်းအ တည်ပြုချက်ကို ပုံမှန်လုပ်ဆောင်သင့်ပြီး၊ အခါအားလျော်စွာ ဘေး အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စနစ်ကျသည့် စစ်ဆေးမှုများကို တာဝန်ယူလုပ်ဆောင်သင့်ပါသည်။

(၂) အခွင့်ရအာဏာပိုင် သို့မဟုတ် အာဏာပိုင်များက လိုအပ်သည်ဟု စဉ်းစားသုံးသပ်ခြင်းကြောင့် အလုပ်ရှင်များအနေဖြင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဝန်းကျင် တို့နှင့်သက်ဆိုင်သည့် ထိုကဲ့သို့သော မှတ်တမ်းများကို ထိန်းသိမ်း ထားရှိရန် လိုအပ်ပါသည်။ ဤမှတ်တမ်းများတွင် အလုပ်လုပ်ကိုင်နေ စဉ် သို့မဟုတ် အလုပ်နှင့်ဆက်စပ်ပြီး ဖြစ်ပေါ်လာနိုင်ပြီး ကျန်းမာ ရေးကိုထိခိုက်စေသည့် ကြိုတင်အသိပေးအကြောင်းကြားနိုင်သော လုပ်ငန်းခွင်ဆိုင်ရာ မတော်တဆဖြစ်မှုများနှင့် လုပ်ငန်းခွင်ဆိုင်ရာ ထိခိုက်ဒဏ်ရာရရှိမှုများအားလုံးနှင့် သက်ဆိုင်သည့် မှတ်တမ်းများ၊ လုပ်ငန်းတွင်လုပ်ကိုင်နေသည့် အလုပ်သမားများ၏ ကျန်းမာရေးကို ကြီးကြပ်ဆောင်ရွက်ခြင်းနှင့်သက်ဆိုင်သည့် ဥပဒေများ သို့မဟုတ် စည်းမျဉ်းများအရ၊ ခွင့်ပြုချက်အထောက်အထားနှင့် ကင်းလွတ်ခွင့် နှင့်ဆိုင်သည့် မှတ်တမ်းများနှင့် သတ်မှတ်ထားသည့် အရာဝတ္ထု ပစ္စည်းများနှင့် ရောဂါသယ်ဆောင်သည့်အရာများအား ထိတွေ့မှုနှင့် ဆိုင်သည့် အချက်အလက်များ ပါဝင်နိုင်ပါသည်။

၁၆။ ပြဋ္ဌာန်းချက်၏ အပိုဒ် ၁၉ တွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် စီစဉ်ဆောင်ရွက် မှုများသည် အလုပ်သမားများအနေဖြင့် အောက်ဖော်ပြပါတို့နှင့်ပတ်သက်ပြီး သေချာမှုရှိစေရေးကို မျှော်မှန်းသင့်ပါသည်။

(က) ၎င်းတို့၏ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းခွင်တွင် ၎င်းတို့၏ လုပ်ဆောင်မှု သို့မဟုတ် ချန်လှပ်ထားမှုကြောင့် ထိခိုက်ခံစားနိုင်သည့် အခြားသောလူများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကြောင်းကျိုးလျော်ညီသည့် ဂရုစိုက်မှုကို လုပ်ဆောင်ခြင်း၊

(ခ) ၎င်းတို့နှင့် အခြားသောသူများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် ညွှန်ကြားထားသည့် ညွှန်ကြားချက်များနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာခြင်း၊

(ဂ) ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ပစ္စည်းများနှင့် ကာကွယ်ရေးပစ္စည်းကိရိယာများကို မှန်ကန်စွာအသုံးချခြင်းနှင့် ယင်းပစ္စည်းကိရိယာများ ပျက်စီးယိုယွင်းနေပါက၊ မပေးအပ်၊ အသုံးမပြုစေခြင်း။

(ဃ) ဘေးအန္တရာယ်တစ်ခုဖြစ်ပေါ်နိုင်ကြောင်း ယုံကြည်နိုင်လောက်သည့် အကြောင်းပြချက်ရှိပြီး ၎င်းတို့အနေဖြင့် ပြုပြင်ဟန့်တားနိုင်ခြင်း မရှိသည့် မည်သည့်အခြေအနေမျိုးတွင်မဆို ၎င်းတို့၏ အနီးကပ်ကြီးကြပ်ရေးမှူးထံအစီရင်ခံတင်ပြခြင်း၊

(င) အလုပ်လုပ်ကိုင်နေစဉ် သို့မဟုတ် အလုပ်နှင့်ဆက်စပ်ပြီး ကျန်းမာရေးကို ထိခိုက်စေသည့် မတော်တဆဖြစ်မှု သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိမှုကို အစီရင်ခံတင်ပြခြင်း။

၁၇။ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဝန်းကျင်နှင့်စပ်လျဉ်း၍၊ ပြဋ္ဌာန်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များကို အလုပ်ရှင်က ချိုးဖောက်ခြင်း သို့မဟုတ် အလုပ်ရှင်၏ ဆောင်ရွက်မှုများသည် ဆိုးရွားစွာလုံလောက်မှုမရှိသည့် အနေအထားတွင်ရှိသည်ဟု စဉ်းစားသုံးသပ်ကာ စိတ်ရင်းစေတနာမှန်ဖြင့် တိုင်ကြားချက်ကို ရည်ညွှန်းလျက်၊ အလုပ်သမားအား မည်သည့်ထိခိုက်မှုမျိုးမျှ မလုပ်ဆောင်ခြင်း။

# အပိုင်း (၅) – အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များနှင့် စပ်လျဉ်း၍

၁၈။ ဤအကြံပြုတိုက်တွန်းချက်သည် မည်သည့်အပြည်ပြည်ဆိုင်ရာ အကြံပြု တိုက်တွန်းချက်ကိုမျှ ပြင်ဆင်တည်းဖြတ်ခြင်း မပြုပါ။

၁၉။ (၁) အတည်ပြုလက်မှတ်ရေးထိုးပြီးသည့် ပြဋ္ဌာန်းချက်အရာ မိမိတို့လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများကို ဘက်လိုက်ငဲ့ကွက်ခြင်းမရှိဘဲ၊ ပြဋ္ဌာန်းချက်၏ အပိုဒ် ၄ တွင် ရည်ညွှန်းဖော်ပြထားသည့် မူဝါဒကို ရေးဆွဲဖော်ဆောင်ခြင်းနှင့် ကျင့်သုံးခြင်းတို့တွင်၊ အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် နောက်ဆက်တွဲတွင် ဖော်ပြထားသည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ပြဋ္ဌာန်းချက်များနှင့် အကြံပြု တိုက်တွန်းချက်များကို ရည်ညွှန်းသင့်ပါသည်။

(၂) နောက်ဆက်တွဲပါ အကြောင်းအရာများကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံတွင် ၃ ပုံ ၂ ပုံ အများစုထောက်ခံမှုဖြင့် ပြင်ဆင်တည်းဖြတ်နိုင်ပြီး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဝန်းကျင်နယ်ပယ်နှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်မှန်သမျှ သို့မဟုတ် အကြံပြုတိုက်တွန်းချက်မှန်သမျှနှင့် ပတ်သက်ပြီး နောင်အနာဂါတ်တွင် ပြုလုပ်မည့် လက်ခံအတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်တည်းဖြတ်ခြင်းတို့နှင့်စပ်ဆိုင်မှုရှိမည်ဖြစ်သည်။

# နောက်ဆက်တွဲ

# ၁၉၁၉ ခုနှစ်မှစ၍ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံက လက်ခံအတည်ပြုလာခဲ့သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဝန်းကျင်တို့နှင့်စပ်လျဉ်းသည့် စာချုပ်စာတမ်းများ

| ခုနှစ် | ပြဋ္ဌာန်းချက် | အကြံပြုတိုက်တွန်းချက် |
|---|---|---|
| ၁၉၂၁ | ၁၃။ ခဲရောင်ဆေးသုတ်ခြင်း | |
| ၁၉၂၉ | ၂၇။ အလေးချိန်မှတ်ခြင်း (ရေယာဉ်များဖြင့် သယ်ယူပို့ဆောင်သည့် ဝန်စည်စလွယ်များ) | |
| ၁၉၃၇ | ၆၂။ ဘေးအန္တရာယ်ကင်းရှင်းရေး ဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များ (အဆောက်အဦ) | ၅၃။ ဘေးအန္တရာယ်ကင်းရှင်းရေး ဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များ (အဆောက်အဦ) |
| ၁၉၄၆ | ၇၃။ ကျန်းမာရေးစစ်ဆေးခြင်း (ပင်လယ်ကူးသင်္ဘောသားများ)<br>၇၇။ ငယ်ရွယ်သူများအား ကျန်းမာရေးစစ်ဆေးခြင်း (စက်မှုလုပ်ငန်း)<br>၇၈။ ငယ်ရွယ်သူများအား ကျန်းမာရေး စစ်ဆေးခြင်း (စက်မှုလုပ်ငန်း မဟုတ်သည့် အသက်မွေးဝမ်းကျောင်းအလုပ်) | ၇၉။ ငယ်ရွယ်သူများအား ကျန်းမာရေး စစ်ဆေးခြင်း |

| ခုနှစ် | ပြဋ္ဌာန်းချက် | အကြံပြုတိုက်တွန်းချက် |
|---|---|---|
| ၁၉၄၇ | ၈၁။ အလုပ်သမားရေးရာစစ်ဆေးခြင်း | ၈၁။ အလုပ်သမားရေးရာစစ်ဆေးခြင်း<br>၈၂။ အလုပ်သမားရေးရာစစ်ဆေးခြင်း (သတ္တုတွင်းလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း) |
| ၁၉၄၉ | ၉၂။ သင်္ဘော၊ လေယာဉ်အမှုထမ်းများအတွက် နေရာထိုင်ခင်း (ပြင်ဆင်တည်းဖြတ်ထားသော) | |
| ၁၉၅၃ | | ၉၇။ အလုပ်သမားများ၏ ကျန်းမာရေး ကာကွယ်စောင့်ရှောက်ရေး |
| ၁၉၅၈ | | ၁၀၅။ သင်္ဘောများ၏ ဆေးဘီရိုများ<br>၁၀၆။ ပင်လယ်ပြင်တွင် ဆေးကုသမှု ဆိုင်ရာ အကြံဉာဏ် |
| ၁၉၅၉ | ၁၁၃။ ကျန်းမာရေးစစ်ဆေးခြင်း (ငါးဖမ်းသမားများ) | ၁၁၂။ လုပ်ငန်းခွင်ကျန်းမာရေး ဝန်ဆောင်မှုများ |
| ၁၉၆၀ | ၁၁၅။ ရေဒီယိုသတ္တုကြွအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ခြင်း | ၁၁၄။ ရေဒီယိုသတ္တုကြွအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ခြင်း |
| ၁၉၆၃ | ၁၁၉။ စက်ယန္တရားအကာအကွယ် ကာရံခြင်း | ၁၁၈။ စက်ယန္တရားအကာအကွယ် ကာရံခြင်း |
| ၁၉၆၄ | ၁၂၀။ တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး (ကုန်သွယ်မှုနှင့် ရုံးများ)<br>၁၂၁။ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုနှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့်များ | ၁၂၀။ တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး (ကုန်သွယ်မှုနှင့် ရုံးများ)<br>၁၂၁။ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုနှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့်များ |

| ခုနှစ် | ပြဋ္ဌာန်းချက် | အကြံပြုတိုက်တွန်းချက် |
|---|---|---|
| ၁၉၆၅ | ၁၂၄။ ငယ်ရွယ်သူများအား ကျန်းမာရေး စစ်ဆေးခြင်း (မြေအောက်အလုပ်အကိုင်) | |
| ၁၉၆၇ | ၁၂၇။ အများဆုံးအလေးချိန် | ၁၂၈။ အများဆုံးအလေးချိန် |
| ၁၉၆၉ | ၁၂၉။ အလုပ်သမားရေးရာစစ်ဆေးခြင်း (လယ်ယာစိုက်ပျိုးရေး) | ၁၃၃။ အလုပ်သမားရေးရာ စစ်ဆေးခြင်း (လယ်ယာစိုက်ပျိုးရေး) |
| ၁၉၇၀ | ၁၃၃။ သင်္ဘော၊ လေယာဉ်အမှုထမ်းများအတွက် နေရာထိုင်ခင်း (ဖြည့်စွက်သတ်မှတ်ပြဋ္ဌာန်းချက်များ)<br>၁၃၄။ မတော်တဆဖြစ်မှုများမှ ကြိုတင်တားဆီးကာကွယ်ခြင်း (ပင်လယ်ကူးသင်္ဘောသားများ) | ၁၄၀။ သင်္ဘော၊ လေယာဉ်အမှုထမ်းများအ တွက် နေရာထိုင်ခင်း (လေအေးပေးစက်)<br>၁၄၁။ သင်္ဘော၊ လေယာဉ်အမှုထမ်းများအတွက် နေရာထိုင်ခင်း (ဆူညံသံများ ထိန်းချုပ်ခြင်း)<br>၁၄၂။ မတော်တဆဖြစ်မှုများ ကြိုတင်ကာကွယ်ခြင်း (ပင်လယ်ကူးသင်္ဘောသားများ) |
| ၁၉၇၁ | ၁၃၆။ ဘင်ဇင်း | ၁၄၄။ ဘင်ဇင်း |
| ၁၉၇၄ | ၁၃၉။ လုပ်ငန်းခွင့်ကြောင့်ဖြစ်ပေါ်သည့် ကင်ဆာရောဂါ | ၁၄၇။ လုပ်ငန်းခွင်ကြောင့်ဖြစ်ပေါ်သည့် ကင်ဆာရောဂါ |
| ၁၉၇၇ | ၁၄၈။ လုပ်ငန်းခွင်ဝန်းကျင် (လေထု ညစ်ညမ်းမှု၊ ဆူညံသံများနှင့် တုန်ခါမှု) | ၁၅၆။ လုပ်ငန်းခွင်ဝန်းကျင် (လေထု ညစ်ညမ်းမှု၊ ဆူညံသံများနှင့် တုန်ခါမှု) |
| ၁၉၇၉ | ၁၅၂။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး (ဆိပ်ကမ်းကုန်တင်ကုန်ချအလုပ်) | ၁၆၀။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး (ဆိပ်ကမ်းကုန်တင်ကုန်ချအလုပ်) |

# ၅။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်စပ်လျဉ်းသည့် စည်းရုံးဆောင်ရွက်ရေး မူဘောင်ဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၂၀၀၆ ခုနှစ် (အမှတ် – ၁၈၇)

## နိဒါန်း

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ အထွေထွေညီလာခံကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၏ အုပ်ချုပ်မှုအဖွဲ့က ကြီးမှူးလျက်၊ ဂျီနီဗာမြို့တွင် ၂၀၀၆ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် ၉၅ ကြိမ်မြောက် ကျင်းပပြုလုပ်ရာ၊

တစ်ကမ္ဘာလုံးအတိုင်းအတာအရ ဖြစ်ပေါ်သည့် လုပ်ငန်းခွင်ဆိုင်ရာ ထိခိုက်ဒဏ်ရာရရှိမှုများ၊ ရောဂါများနှင့် သေဆုံးမှုများ၏ ပမာဏနှင့် ယင်းပမာဏကို လျှော့ချရန်အတွက် နောက်ထပ်လုပ်ဆောင်ရမည့် ဆောင်ရွက်မှုအတွက် လိုအပ်မှုကို အသိအမှတ်ပြုလျက်လည်းကောင်း၊

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် စီစဉ်ဖော်ပြထားသည့်အတိုင်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ မျှော်မှန်းချက်များအနက် အလုပ်သမားများအား အလုပ်အကိုင်ကြောင့်ဖြစ်ပေါ်သည့် နာမကျန်းဖြစ်ခြင်း၊ ရောဂါနှင့် ထိခိုက်ဒဏ်ရာရရှိခြင်းတို့မှ ကာကွယ်စောင့်ရှောက်ရေးကို ပြန်လည်အမှတ်ရလျက်လည်းကောင်း၊

လုပ်ငန်းခွင်ဆိုင်ရာ ထိခိုက်ဒဏ်ရာရရှိမှုများ၊ ရောဂါများနှင့် သေဆုံးမှုများ သည် ကုန်ထုတ်စွမ်းအား၊ စီးပွားရေးဆိုင်ရာနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်ပြီး အပျက်သဘောဆောင်သည့် သက်ရောက်မှုရှိကြောင်းကို အသိအမှတ်ပြုလျက်လည်းကောင်း၊

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အနေဖြင့် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အားလုံးရှိ အလုပ်သမားများ၏ အသက်နှင့် ကျန်းမာရေးအတွက် လုံလောက်သည့် အကာအကွယ်ပေးမှု အောင်မြင်မှုရရှိစေမည့် ကမ္ဘာ့အစီအစဉ်များနှင့်ဆိုင်သည့် နိုင်ငံများအတွက် နောက်ထပ်လေးနက်သည့် တာဝန်ဝတ္တရားရှိကြောင်း သတ်မှတ်ပြဋ္ဌာန်းသည့် ဖီလာဒဲလ်ဖီးယားကြေညာစာတမ်း၏ စာပိုဒ် ၃ (ဆ) ကို မှတ်သား၍လည်းကောင်း၊

လုပ်ငန်းခွင်ဆိုင်ရာ အခြေခံမူသဘောတရားများနှင့် အခွင့်အရေးများနှင့်စပ်လျဉ်းသည့် အိုင်အယ်(လ်)အို ကြေညာစာတမ်းနှင့် ယင်း၏ နောက်ဆက်တွဲ အစီအစဉ် (၁၉၉၈ ခုနှစ်) ကို သတိပြုလျက်လည်းကောင်း၊

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၁၉၈၁ ခုနှစ် (အမှတ် – ၁၅၅)၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၁၉၈၁ ခုနှစ် (အမှတ် – ၁၆၄) နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် စည်းရုံးဆောင်ရွက်ရေးမူဘောင်နှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ အခြားသော စာချုပ်စာတမ်းများကို မှတ်သား၍လည်းကောင်း၊

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို မြှင့်တင်ဆောင်ရွက်ခြင်းသည်အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏လူသားအားလုံးအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်းကို ပြန်လည်အမှတ်ရလျက်လည်းကောင်း၊

၂၀၀၃ ခုနှစ်တွင် ကျင်းပပြုလုပ်သည့် ၉၁ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံက လက်ခံအတည်ပြုခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ နည်းဗျူဟာတစ်ရပ်ဖြစ်သော လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ နယ်ပယ်နှင့်သက်ဆိုင်သည့်အိုင်အယ်(လ်)အိုစံချိန်စံညွှန်းများနှင့်ဆက်စပ်နေသော လုပ်ဆောင်မှုများနှင့်စပ်လျဉ်းသည့် သုံးသပ်ချက်များ၊ အထူးသဖြင့် အမျိုးသားအစီအစဉ်များတွင် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကို သေ

ချာစွာဦးစားပေးဆောင်ရွက်ခြင်းနှင့်သက်ဆိုင်သည့် သုံးသပ်ချက်များကို ပြန်လည် အမှတ်ရလျက်လည်းကောင်း၊

အမျိုးသားအဆင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်စပ်လျဉ်းသည့် ကြိုတင်တားဆီးကာကွယ်ရေးဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ်အား စဉ်ဆက်မပြတ်တိုး မြှင့်လုပ်ဆောင်ခြင်း၏ အရေးပါမှုကို အလေးထား၍လည်းကောင်း၊

အစည်းအဝေးအစီအစဉ် (၄) တွင်ပါရှိသော လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်း ရေးနှင့် ကျန်းမာရေးနှင့် စပ်လျဉ်းသည့်အဆိုပြုချက်အချို့တို့ကို လက်ခံအတည်ပြု ရန် ဆုံးဖြတ်ချက်ချမှတ်၍လည်းကောင်း၊

ဤအဆိုပြုချက်များကို အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်ပုံစံတစ်ရပ်အဖြစ်လက် ခံအတည်ပြုရန် ဆုံးဖြတ်ချက်ချမှတ်လျက်၊ ၂၀၀၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့တွင် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် စည်းရုံးဆောင်ရွက်ရေးမူဘောင် ဆိုင်ရာပြဋ္ဌာန်းချက် (၂၀၀၆ ခုနှစ်) အဖြစ် ညွှန်းဆိုနိုင်သည့် အောက်ပါပြဋ္ဌာန်းချက် ကို လက်ခံအတည်ပြုလိုက်သည်။

## အပိုင်း (၁) – အဓိပ္ပါယ်ဖွင့်ဆိုချက်များ

**အပိုဒ် (၁)** ဤပြဋ္ဌာန်းချက်၏ ရည်ရွယ်ချက်အလို့ငှာ –

(က) အမျိုးသားမူဝါဒဟူသောဝေါဟာရသည်လုပ်ငန်းခွင်ဘေးအန္တ ရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၁၉၈၁ ခုနှစ် (အမှတ် – ၁၅၅) အပိုဒ် ၄ တွင်ပါရှိသည့် မူသဘော တရား များနှင့်အညီ ရေးဆွဲဖော်ဆောင်ထားသည့် လုပ်ငန်းခွင်ဘေး အန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဝန်းကျင် ဆိုင်ရာ အမျိုးသားမူဝါဒကို ရည်ညွှန်းသည်။

(ခ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင် ရာ အမျိုးသားစနစ် သို့မဟုတ် အမျိုးသားစနစ်ဟူသော ဝေါ ဟာရသည်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်း

မာရေးဆိုင်ရာ အမျိုးသားမူဝါဒနှင့် အမျိုးသားအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအတွက် အဓိကမူဘောင်ကို ချမှတ်ပေးသည့် အခြေခံအဆောက်အအုံကိုရည်ညွှန်းသည်။

(ဂ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာ အမျိုးသားအစီအစဉ် သို့မဟုတ် အမျိုးသားအစီအစဉ်ဟူသော ဝေါဟာရသည် ကြိုတင်ဆုံးဖြတ်သတ်မှတ်ထားသည့် အချိန်ကာလတွင် ရရှိအောင်မြင်ရမည့် ရည်မှန်းချက်များ၊ ဦးစားပေးမှုများ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတိုးတက် ကောင်းမွန်စေရေးအတွက် ပုံဖော်ထားသည့် ဆောင်ရွက်မှုနည်းလမ်းများနှင့် တိုးတက်အောင်မြင်မှုကို အကဲဖြတ်ဆန်းစစ်သည့် နည်းလမ်းများပါဝင်သော အမျိုးသားအစီအစဉ် မှန်သမျှကို ရည်ညွှန်းသည်။

(ဃ) အမျိုးသားအဆင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်စပ်လျဉ်းသည့် ကြိုတင်တားဆီး ကာကွယ်ရေးဆိုင်ရာယဉ်ကျေးမှုဟူသော ဝေါဟာရသည် အဓိပ္ပါယ်သတ်မှတ်ထားသော အခွင့်အရေးများ၊ တာဝန်ဝတ္တရားများအားဖြင့် ဘေးအန္တရာယ်ကင်းရှင်းပြီးကျန်းမာရေးနှင့်ညီညွတ်သောလုပ်ငန်းခွင်ဝန်းကျင်ဖြစ်ပေါ်စေရေးတွင် အစိုးရ၊ အလုပ်ရှင်များနှင့် အလုပ်သမားများသည် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကာ၊ ကြိုတင်တားဆီးကာကွယ်ရေး မူသဘောတရားကို အမြင့်မားဆုံးသော ဦးစားပေးအရာအဖြစ်ထားရှိသည့် အနေအထား၌ အဆင့်အားလုံးတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သော လုပ်ငန်းခွင်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးကို လေးစားလိုက်နာသည့် ယဉ်ကျေးမှုတစ်ရပ်ကို ရည်ညွှန်းသည်။

# အပိုင်း (၂) – မျှော်မှန်းချက်

**အပိုဒ် (၂)**

၁။ ဤပြဋ္ဌာန်းချက်ကိုအတည်ပြုလက်မှတ်ရေးထိုးသည့်အဖွဲ့ဝင် နိုင်ငံ တိုင်းသည် ကိုယ်စားပြုမှုအများဆုံးဖြစ်သော အလုပ်ရှင် အဖွဲ့အစည်းများနှင့် အလုပ်သမားအဖွဲ့အစည်းများနှင့် တိုင် ပင်ဆွေးနွေးလျက်၊ အမျိုးသားမူဝါဒ၊ အမျိုးသားစနစ်နှင့် အ မျိုးသားအစီအစဉ်တို့ကို ရေးဆွဲဖော်ဆောင်ခြင်းအားဖြင့် လုပ် ငန်းခွင်ဆိုင်ရာ ထိခိုက်ဒဏ်ရာရရှိမှုများ၊ ရောဂါများနှင့် သေ ဆုံးမှုများကို ကြိုတင်တားဆီးကာကွယ်ရန်အတွက် လုပ်ငန်း ခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစဉ်ဆက်မ ပြတ်တိုးတက်ကောင်းမွန်ရေးကို မြှင့်တင်ဆောင်ရွက်ရမည်။

၂။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်း ရေးနှင့် ကျန်းမာရေးနှင့်စပ်လျဉ်းသည့် စည်းရုံးဆောင်ရွက်ရေး မူဘောင်နှင့်ဆက်စပ်နေသည့်အပြည်ပြည်ဆိုင်ရာအလုပ်သမား ရေးရာအဖွဲ့၏စာချုပ်စာတမ်းများတွင် စီစဉ်ဖော်ပြထားသော မူသဘောတရားများကိုထည့်သွင်းစဉ်းစားလျက်၊လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အမျိုးသား စနစ်နှင့် အမျိုးသားအစီအစဉ်များအားဖြင့် ဘေးအန္တရာယ် ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော လုပ်ငန်းခွင်ဝန်း ကျင်အဖြစ်သို့ အဆင့်ဆင့်အောင်မြင်စွာ ရောက်ရှိရေးဆီသို့ ဦးတည်လျက် တက်ကြွစွာအဆင့်ဆင့် ဆောင်ရွက်ရမည်။

၃။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ကိုယ်စားပြုမှုအများဆုံးဖြစ်သည့် အ လုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးလျက်၊အိုင်အယ်(လ်)အို၏သက်ဆိုင်ရာလုပ် ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်ကို အတည်ပြုလက်မှတ် ရေးထိုးရန်အတွက် မည် သည့် ဆောင်ရွက်မှုများအား လုပ်ဆောင်ရမည်ကို အခါအား လျော်စွာ စဉ်းစားသုံးသပ်ရမည်။

# အပိုင်း (၃) – အမျိုးသားမူဝါဒ

အပိုဒ် (၃) ၁။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် အမျိုးသားမူဝါဒကို ပုံဖော်ချမှတ်ခြင်းအားဖြင့် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လုပ်ငန်းခွင်ဝန်းကျင်ကို မြှင့်တင်ဆောင်ရွက်ရမည်။

၂။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် သက်ဆိုင်ရာအဆင့်အားလုံးတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် လုပ်ငန်းခွင်ဝန်းကျင် ရရှိခံစားပိုင်ခွင့်ရှိသည့် အလုပ်သမား အခွင့်အရေးကို မြှင့်တင်လျက်၊ တိုးတက်မြင့်မားအောင်ဆောင်ရွက်ရမည်။

၃။ အမျိုးသားမူဝါဒကို ပုံဖော်ချမှတ်ရာတွင် အဖွဲ့ဝင်နိုင်ငံတိုင်းသည် ကိုယ်စားပြုမှုအများဆုံးဖြစ်သည့် အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးလျက်၊နိုင်ငံ၏အခြေအနေများနှင့်အလေ့အကျင့်များအရ၊ အန္တရာယ်ရှိနိုင်မှုများ သို့မဟုတ် ဘေးအန္တရာယ်များကို အကဲဖြတ်ဆန်းစစ်ခြင်း၊ လုပ်ငန်းခွင်ဆိုင်ရာ အန္တရာယ်ရှိနိုင်မှုများ သို့မဟုတ် အန္တရာယ်ရင်းမြစ်များကို တိုက်ဖျက်ခြင်း၊ သတင်းအချက်အလက်များ၊ တိုင်ပင်ဆွေးနွေးခြင်းနှင့် လေ့ကျင့်သင်ကြားခြင်းများပါဝင်သည့် အမျိုးသားအဆင့်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်စပ်လျဉ်းသည့် ယဉ်ကျေးမှုကို ဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေခြင်းတို့ကဲ့သို့သော အခြေခံမူသဘောတရားများကို မြှင့်တင်ဆောင်ရွက်ရမည်။

# အပိုင်း (၄) – အမျိုးသားစနစ်

အပိုဒ် (၄) ၁။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ကိုယ်စားပြုမှုအများဆုံးဖြစ်သည့် အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးလျက်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်း

ရေးနှင့်ကျန်းမာရေးအတွက် အမျိုးသားစနစ်ကို ချမှတ်ကာ ထိန်းသိမ်းလျက်၊ အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်စေပြီး အခါအား လျော်စွာပြန်လည်ဆန်းစစ်ရမည်။

၂။ အခြားအရာများစွာရှိသည့်အနက် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အမျိုးသားစနစ်တွင် အောက်ပါတို့ပါဝင်ရမည်။

(က) ဥပဒေများနှင့် စည်းမျဉ်းများ၊ လျော်ကန်သည့် အခြေ အနေတွင် စုပေါင်းသဘောတူညီချက်များနှင့် လုပ်ငန်း ခွင်ဘေး အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့် သက်ဆိုင်သည့် အခြားသောစာချုပ်စာတမ်းများ၊

(ခ) နိုင်ငံ၏ ဥပဒေနှင့် အလေ့အကျင့်နှင့်အညီ ခန့်အပ် ထားပြီး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် တာဝန်ရှိသည့် အာဏာပိုင် သို့ မဟုတ် အဖွဲ့အစည်း၊ အာဏာပိုင်များ သို့မဟုတ် အ ဖွဲ့အစည်းများ၊

(ဂ) စစ်ဆေးရေးစနစ်များ အပါအဝင်၊ နိုင်ငံ၏ ဥပဒေများ နှင့် စည်းမျဉ်းများကို သေချာစွာလေးစား လိုက်နာစေ မည့် ယန္တရားများ၊ နှင့်

(ဃ) လုပ်ငန်းအဆင့်တွင်လုပ်ငန်းခွင်နှင့်ဆက်စပ်နေသည့် ကြိုတင်တားဆီးကာကွယ်ရေး ဆောင်ရွက်မှုများ၏ မရှိမဖြစ်လိုအပ်သည့်အစိတ်အပိုင်းတစ်ခုအနေဖြင့် လုပ်ငန်းအုပ်ချုပ်စီမံရေးပိုင်း၊ အလုပ်သမားများနှင့် ယင်းတို့၏ ကိုယ်စားလှယ်များအကြား ပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်ရန်အတွက် စီစဉ် ဆောင်ရွက်မှုများ၊

၃။ လျော့်ကန့်သည့်အနေအထားၡ၌၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အမျိုးသားစနစ်တွင် အောက်ပါတို့ ပါဝင်ရမည်။

(က) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ကုစားဖြေရှင်းသော အမျိုးသားအဆင့် သုံးပွင့်ဆိုင်အကြံပေးအဖွဲ့ သို့မဟုတ် အဖွဲ့များ၊

(ခ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များနှင့် အကြံပေး ဝန်ဆောင်မှုလုပ်ငန်းများ၊

(ဂ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လေ့ကျင့်သင်ကြားမှုများ ဖြည့်ဆည်းဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံ၏ ဥပဒေနှင့် အလေ့အကျင့်တို့နှင့်အညီ လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊

(င) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်း၊

(စ) သက်ဆိုင်ရာ အိုင်အယ်(လ်)အို စာချုပ်စာတမ်းများကို ထည့်သွင်းစဉ်းစားလျက်၊ လုပ်ငန်းခွင်ဆိုင်ရာထိခိုက်ဒဏ်ရာရရှိမှုများနှင့် ရောဂါများနှင့်ဆိုင်သည့် အချက်အလက်များအား စုစည်းခြင်းနှင့် စိစစ်စိတ်ဖြာခြင်းဆိုင်ရာ ယန္တရား၊

(ဆ) လုပ်ငန်းခွင်ဆိုင်ရာထိခိုက်ဒဏ်ရာရရှိမှုများနှင့်ရောဂါဘယများနှင့် အကျုံးဝင်သည့် သက်ဆိုင်ရာအာမခံ သို့မဟုတ် လူမှုဖူလုံရေးအစီအစဉ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအတွက် ဖြည့်ဆည်းပံ့ပိုးခြင်း၊

(ဈ) အလွန်သေးငယ်သော စီးပွားရေးလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများနှင့် စနစ်တကျမဟုတ်သည့် တစ်နိုင်တစ်ပိုင်လုပ်ငန်းများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအခြေအနေများ အဆင့်ဆင့်တိုးတက်ကောင်းမွန်လာစေရေးအတွက် အထောက်အပံ့ပြုသည့် ယန္တရားများ။

## အပိုင်း (၅) – အမျိုးသားအစီအစဉ်

**အပိုဒ် (၅)** ၁။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ကိုယ်စားပြုမှုအများဆုံးဖြစ်သည့် အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမား အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးလျက်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အမျိုးသားအစီအစဉ်ကို ပုံဖော်ချမှတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ တန်ဖိုးဖြတ်ခြင်းနှင့် အခါအားလျော်စွာ ပြန်လည်ဆန်းစစ်ခြင်းများ ပြုလုပ်ရမည်။

၂။ အမျိုးသားအစီအစဉ်သည် အောက်ပါတို့ကို ဆောင်ရွက်ရမည်။

(က) အမျိုးသားအဆင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်စပ်လျဉ်းသည့် ကြိုတင်တားဆီးကာကွယ်ရေးဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ်ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်ရမည်။

(ခ) ကြောင်းကျိုးလျော်ညီစွာ လက်တွေ့ကျနေသ၍၊ လုပ်ငန်းခွင်များတွင်၊ လုပ်ငန်းခွင်ဆိုင်ရာ ထိခိုက်ဒဏ်ရာရရှိမှုများ၊ ရောဂါများနှင့် သေဆုံးမှုများကို ကြိုတင်တားဆီးကာကွယ်ရန်နှင့် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကို မြှင့်တင်ဆောင်ရွက်ရန်အတွက်

နိုင်ငံ၏ ဥပဒေနှင့် အလေ့အကျင့်နှင့်အညီ အလုပ်အကိုင်နှင့် ဆက်စပ်နေသည့် ဘေးအန္တရာယ်များနှင့် အန္တရာယ်ရှိနိုင်မှုများကို သုတ်သင်ဖယ်ရှားခြင်း သို့မဟုတ် လျော့နည်းစေခြင်းအားဖြင့် အလုပ်သမားများအား ကာကွယ်စောင့်ရှောက်ခြင်းကို ဖြည့်ဆည်းဆောင်ရွက်ရမည်။

(ဂ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အမျိုးသားစနစ်ကို စိစစ်စိတ်ဖြာခြင်း အပါအဝင်၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့် သက်ဆိုင်သည့် အမျိုးသားအဆင့်အခြေအနေကို စိစစ်စိတ်ဖြာခြင်းကို အခြေခံပြီး၊ ပုံဖော်ချမှတ်ခြင်းနှင့် ပြန်လည်ဆန်းစစ်ခြင်းများကို ပြုလုပ်စေရမည်။

(ဃ) မျှော်မှန်းချက်များ၊ ဦးတည်ချက်များနှင့် အဆင့်ဆင့်တိုးတက်အောင်မြင်မှုနှင့်ဆိုင်သော အညွှန်းကိန်းများ ပါဝင်ရမည်။

(င) ဖြစ်နိုင်သည့်အနေအထားတွင်၊ ဘေးအန္တရာယ် ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် လုပ်ငန်းခွင်ဝန်းကျင်အဖြစ်သို့ အဆင့်ဆင့်တိုးတက် အောင်မြင်စေရေးအတွက် အထောက်အကူပြုမည့် လိုက်ဖက်သော အမျိုးသားအစီအစဉ်များနှင့် စီမံချက်များအားဖြင့် ပံ့ပိုးပေးစေရမည်။

၃။ အမျိုးသားအဆင့် အမြင့်ဆုံးအာဏာပိုင်များသည် အမျိုးသားအစီအစဉ်ကို အတတ်နိုင်ဆုံးလူသိရှင်ကြား ကြေငြာလျက်၊ အတည်ပြုထောက်ခံပြီး စတင်ဆောင်ရွက်ရမည်။

## အပိုင်း (၆) – အပြီးသတ် သတ်မှတ်ပြဋ္ဌာန်းချက်များ

**အပိုဒ် (၆)** ဤပြဋ္ဌာန်းချက်သည် မည်သည့်အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ပြဋ္ဌာန်းချက်များ သို့မဟုတ် အကြံပြုတိုက်တွန်းချက်ကိုမျှ ပြင်ဆင်တည်းဖြတ်ခြင်း မပြုပါ။

**အပိုဒ် (၇)** ဤပြဋ္ဌာန်းချက်အား အတည်ပြုလက်မှတ်ရေးထိုးခြင်းကို မှတ်ပုံတင်ရန်အလို့ငှာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၏ ညွှန်ကြားရေးမှူးချုပ်ထံသို့ ဆက်သွယ်ပေးပို့ရမည်။

**အပိုဒ် (၈)** ၁။ ဤပြဋ္ဌာန်းချက်ကိုလိုက်နာရန်တာဝန်သည် မိမိတို့၏အတည်ပြုလက်မှတ်ရေးထိုးမှုများကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၏ ညွှန်ကြားရေးမှူးချုပ်ထံ၌ မှတ်ပုံတင်ပြီးသော အဖွဲ့ဝင် နိုင်ငံများ၌သာလျှင် ရှိစေရမည်။

၂။ ယင်းသည် အဖွဲ့ဝင်နိုင်ငံနှစ်နိုင်ငံ၏ အတည်ပြုလက်မှတ် ရေးထိုးမှုများအား ညွှန်ကြားရေးမှူးချုပ်ထံ၌ မှတ်ပုံတင်သည့် နေ့ရက်မှ နောက် (၁၂) လ လွန်မြောက်သောအခါ အာဏာသက်ဝင်စေရမည်။

၃။ ထိုမှနောက်တွင် အဖွဲ့ဝင်နိုင်ငံတစ်ခုခုအတွက် ယင်း၏ အတည်ပြုလက်မှတ်ရေးထိုးမှုကို မှတ်ပုံတင်သည့် နေ့ရက်မှ နောက် (၁၂) လ လွန်မြောက်သောအခါ အာဏာသက်ဝင်စေရမည်။

**အပိုဒ် (၉)** ၁။ ဤပြဋ္ဌာန်းချက်ကို အတည်ပြုလက်မှတ် ရေးထိုးသော အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် ဤပြဋ္ဌာန်းချက် ဦးစွာအာဏာသက်ဝင်သည့်နေ့ရက်မှ ၁၀ လ/ ၁၀ ရက် တာကာလ လွန်မြောက်

သောအခါ၊ ဤပြဋ္ဌာန်းချက်ကို ပယ်ဖျက်စွန့်လွှတ်ရန်အလို့ငှာ မှတ်ပုံတင်ခြင်းအတွက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၏ ညွှန်ကြားရေးမှူးချုပ်ထံသို့ ဆက်သွယ်ပေးပို့နိုင်သည်။ ယင်းကဲ့သို့ ပယ်ဖျက်စွန့်လွှတ်ခြင်းသည် ယင်းအား မှတ်ပုံတင်သည့် နေ့ရက်မှ နောက်တစ်နှစ် မလွန်မြောက်မီ အကျိုးသက်ရောက်မှု မရှိစေရ။

၂။ ဤပြဋ္ဌာန်းချက်ကို အတည်ပြုလက်မှတ်ရေးထိုးသော အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပိုဒ်၏ အထက်ပါ စာပိုဒ်တွင် ဖော်ပြထားသည့်အတိုင်း (၁၀) နှစ်တာကာလ ကျော်လွန်ပြီး နောက်တစ် နှစ်အတွင်း ဤအပိုဒ်တွင် ထည့်သွင်းဖော်ပြ ထားသည့် လက်ခံကျင့်သုံးမှုအား ပယ်ဖျက်စွန့်လွှတ်ခြင်းကို မကျင့်သုံးသော်၊ နောက်ထပ် (၁၀) နှစ်တာကာလအတွက် ဤ ပြဋ္ဌာန်းချက်ကို လိုက်နာရန်တာဝန်ရှိစေရမည့်အပြင်၊ ထိုမှနောက်တွင် ဤအပိုဒ်တွင်ထည့်သွင်းပေးထားသည့် စည်းကမ်းချက်များအရ၊ ၁၀ လ / ၁၀ ရက် လွန်မြောက်သည့်အခါတိုင်း၌ ဤပြဋ္ဌာန်းချက်ကို ပယ်ဖျက်စွန့်လွှတ်နိုင်သည်။

**အပိုဒ် (၁၀)** ၁။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၏ ညွှန်ကြားရေးမှူးချုပ်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ အဖွဲ့ဝင်နိုင်ငံများ၏ အတည်ပြုလက်မှတ်ရေးထိုးခြင်းများ၊ ကြေညာချက်များနှင့် ပယ်ဖျက်စွန့်လွှတ်ခြင်းများ အားလုံးနှင့် စပ်လျဉ်းသည့် မှတ်ပုံတင်ခြင်းများအတွက် ၎င်းထံဆက်သွယ်အကြောင်းကြားမှု အားလုံးကို အဖွဲ့ဝင်နိုင်ငံများအားလုံးထံ အသိပေးအကြောင်းကြားရမည်။

၂။ ၎င်းထံသို့ ဆက်သွယ်ပေးပို့သည့် ဒုတိယအကြိမ် အတည်ပြုလက်မှတ်ရေးထိုးမှုအား မှတ်ပုံတင်ခြင်းကို အဖွဲ့၏ အဖွဲ့ဝင်

နိုင်ငံများထံအကြောင်းကြားသောအခါ ညွှန်ကြားရေးမှူးချုပ်သည် ယင်းအဖွဲ့၏ အဖွဲ့ဝင်များအား ဤပြဋ္ဌာန်းချက် အာဏာသက်ဝင်မည့်နေ့ရက်ကို သတိမူမိကြစေရန်ဆောင်ရွက်ရမည်။

**အပိုဒ် (၁၁)** အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၏ ညွှန်ကြားရေးမှူးချုပ်သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အပိုဒ် ၁၀၂ နှင့်အညီ မှတ်ပုံတင်သွင်းရန်အလို့ငှာ အထက်ဖော်ပြပါ အပိုဒ်များတွင်ပါရှိသည့် စည်းကမ်းချက်များနှင့်အညီ၎င်းမှတ်ပုံတင်ထားသည့်အားလုံးသော အတည်ပြုလက်မှတ်ရေးထိုးမှုများ၊ ကြေညာချက်များနှင့် ပယ်ဖျက်စွန့်လွှတ်ခြင်းဆိုင်ရာ ကိစ္စဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့် အချက်အလက် အပြည့်အစုံကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံသို့ ဆက်သွယ်ပေးပို့ရမည်။

**အပိုဒ် (၁၂)** ယင်းကလိုအပ်သည်ဟု ယူဆသည့်အချိန်အခါများ၌ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၏ အုပ်ချုပ်မှုအဖွဲ့သည် ဤပြဋ္ဌာန်းချက်နှင့်စပ်လျဉ်းသည့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အစီရင်ခံစာတစ်စောင်ကို အထွေထွေညီလာခံသို့ တင်ပြရမည်ဖြစ်သည့်အပြင်၊ ဤပြဋ္ဌာန်းချက်အလုံးစုံကိုဖြစ်စေ သို့မဟုတ် တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ပြင်ဆင်တည်းဖြတ်ဆောင်ရွက်ရေးကိစ္စအား ညီလာခံအစည်းအဝေးအစီအစဉ်၌ ထည့်သွင်းလိုခြင်းရှိ၊ မရှိ စိစစ်ရမည်။

**အပိုဒ် (၁၃)** ၁။ ညီလာခံက ဤပြဋ္ဌာန်းချက်တစ်ခုလုံးကိုဖြစ်စေ သို့မဟုတ် ပြင်ဆင်တည်းဖြတ်ကာ ပြဋ္ဌာန်းချက်အသစ်တစ်ခုကို ချမှတ်အတည်ပြုလျှင် ပြဋ္ဌာန်းချက်အသစ်က အခြားမည်သို့မျှမဆိုပါက –

(က) ဤပြဋ္ဌာန်းချက်၏ အထက်အပိုဒ် ၉ တွင် မည်သို့သတ်မှတ်ပြဋ္ဌာန်းထားစေကာမူ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက ပြင်ဆင်တည်းဖြတ်ထားသော ပြဋ္ဌာန်းချက်အသစ်ကို အတည်ပြုလက်မှတ်ရေးထိုးခြင်းသည် ပြဋ္ဌာန်းချက်အသစ် အာဏာသက်ဝင်လာလျှင်ဖြစ်စေ၊ အာဏာသက်ဝင်လာသောအခါ၌ဖြစ်စေ၊ဤပြဋ္ဌာန်းချက်အား ယင်းတရားဥပဒေသဘောကြောင့်ပင်လျှင် ချက်ချင်း ပယ်ဖျက်စွန့်လွှတ်ရာ ရောက်စေရမည်။

(ခ) ပြင်ဆင်တည်းဖြတ်ထားသော ပြဋ္ဌာန်းချက်အသစ် အာဏာသက်ဝင်သည့် နေ့ရက်မှအစပြု၍ ဤပြဋ္ဌာန်းချက်ကို အဖွဲ့ဝင်များ အတည်ပြုလက်မှတ်ရေးထိုးရန် ဖွင့်လှစ်ထားသည့်အဖြစ်မှ ရပ်ဆိုင်းစေရမည်။

၂။ ဤပြဋ္ဌာန်းချက်ကို အတည်ပြုလက်မှတ်ရေးထိုးပြီးဖြစ်သော်လည်း ပြင်ဆင်တည်းဖြတ်ထားသော ပြဋ္ဌာန်းချက်အား အတည်ပြုလက်မှတ်မရေးထိုးရသေးသော အဖွဲ့ဝင်နိုင်ငံများအတွက် ဤပြဋ္ဌာန်းချက်သည် ပကတိရှိရင်းစွဲပါဝင်သည့် သတ်မှတ်ချက်များအတိုင်း အာဏာတည်လျက်ရှိစေရမည်။

**အပိုဒ် (၁၄)** အင်္ဂလိပ်နှင့် ပြင်သစ်ဘာသာစကားတို့ဖြင့် ရေးသားထားသည့် ဤပြဋ္ဌာန်းချက်ပါ အကြောင်းအရာများသည် တူညီသောအာဏာသက်ရောက်မှုရှိကြသည်။

# ၆။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်စပ်လျဉ်းသည့် စည်းရုံးဆောင်ရွက်ရေး မူဘောင်ဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၂၀၀၆ ခုနှစ် (အမှတ် – ၁၉၇)

## နိဒါန်း

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ အထွေထွေညီလာခံကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၏ အုပ်ချုပ်ရေးအဖွဲ့ကကြီးမှူးလျက်၊ ဂျီနီဗာမြို့တွင် ၂၀၀၆ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် ၉၅ ကြိမ်မြောက် ကျင်းပပြုလုပ်ရာ၊

အစည်းအဝေး၏ အစီအစဉ် ၄ တွင်ပါရှိသော လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး နှင့်စပ်လျဉ်းသည့် အဆိုပြုချက်အချို့ကို လက်ခံအတည်ပြုရန် ဆုံးဖြတ်ချက်ချမှတ်၍သော်လည်းကောင်း၊

ဤအဆိုပြုချက်များကို လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်စပ်လျဉ်းသည့် စည်းရုံးဆောင်ရွက်ရေး မူဘောင်ဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၂၀၀၆ ခုနှစ် (ဤမှနောင်တွင် "ပြဋ္ဌာန်းချက်" ဟု ရည်ညွှန်းပါမည်) ဖြည့်စွက်အကြံပြုတိုက်တွန်းချက် ပုံစံတစ်ရပ်အဖြစ် လက်ခံအတည်ပြုရန် ဆုံးဖြတ်ချက်ချမှတ်၍သော်လည်းကောင်း၊

၂၀၀၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့တွင် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်စပ်လျဉ်းသည့် စည်းရုံးဆောင်ရွက်ရေးမူဘောင်ဆိုင်ရာ အကြံပြုတိုက်တွန်းချက် (၂၀၀၆ ခုနှစ်) အဖြစ် ညွှန်းဆိုနိုင်သည့် အောက်ပါအကြံပြုတိုက်တွန်းချက်ကို လက်ခံအတည်ပြုလိုက်သည်။

## အပိုင်း (၁) – အမျိုးသားမူဝါဒ

၁။ ပြဋ္ဌာန်းချက်၏ အပိုဒ် ၃ အရ၊ ပုံဖော်ချမှတ်ထားသည့် အမျိုးသားမူဝါဒသည် လုပ်ငန်းခွင်ဘေး အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၁၉၈၁ ခုနှစ် (အမှတ် – ၁၅၅) ၏ အပိုင်း (၂) နှင့်အတူ၊ ထိုပြဋ္ဌာန်းချက်တွင် ပါရှိသည့် အလုပ်သမားများ၊ အလုပ်ရှင်များနှင့် အစိုးရများ၏ သက်ဆိုင်ရာ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို ထည့်သွင်းစဉ်းစားသင့်သည်။

## အပိုင်း (၂) – အမျိုးသားစနစ်

၂။ ပြဋ္ဌာန်းချက်၏ အပိုဒ် ၁ (ခ) တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့် လုပ်ငန်းခွင်ဘေး အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အမျိုးသားစနစ်ကို ချမှတ်ခြင်း၊ ထိန်းသိမ်းခြင်း၊ အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် အခါအားလျော်စွာ ပြန်လည်ဆန်းစစ်ခြင်းများလုပ်ဆောင်ရာတွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် –

(က) ဤအကြံပြုတိုက်တွန်းချက်၏ နောက်ဆက်တွဲတွင် ဖော်ပြထားသည့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့် စပ်လျဉ်းသည့် စည်းရုံးဆောင်ရွက်ရေးမူဘောင်နှင့် ဆက်စပ်သော အိုင်အယ်(လ်)အို စာချုပ်စာတမ်းများ၊ အထူးဖြင့် လုပ်ငန်းခွင်ဘေး အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၁၉၈၁ ခုနှစ် (အမှတ် – ၁၅၅)၊ အလုပ်သမားရေးရာ စစ်ဆေးရေးဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၁၉၄၇ ခုနှစ် (အမှတ် – ၈၁) နှင့် အလုပ်သမားရေးရာ စစ်ဆေးရေး (စိုက်ပျိုးရေး) ဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၁၉၆၉ ခုနှစ် (အမှတ် – ၁၂၉) တို့ကို ထည့်သွင်းစဉ်းစားသင့်သည်။

(ခ) ပြဋ္ဌာန်းချက်၏ အပိုဒ် ၄ (၁) တွင် သတ်မှတ်ဖော်ပြထားသည့် တိုင်ပင်ဆွေးနွေးမှုများကိုစိတ်ပါဝင်စားသည့်အခြားအဖွဲ့အစည်းများနှင့်လည်း တိုးချဲ့ လုပ်ဆောင်နိုင်သည်။

၃။ လုပ်ငန်းခွင်ဆိုင်ရာထိခိုက်ဒဏ်ရာရရှိမှုများ၊ ရောဂါများနှင့် သေဆုံးမှုများကို ကြိုတင်တားဆီး ကာကွယ်ရန်ရည်ရွယ်လျက်၊ အမျိုးသားစနစ်အနေဖြင့် အလုပ်သမားအားလုံးအတွက် ကာကွယ်စောင့်ရှောက်မှု၊ အထူးသဖြင့်အန္တရာယ် ဖြစ်နိုင်မှုမြင့်မားသည့် လုပ်ငန်းကဏ္ဍများရှိ အလုပ်သမားများ၊ စနစ်တကျမ ဟုတ်သည့် တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများရှိ အလုပ်သမားများကဲ့သို့ သော ထိခိုက်လွယ်သည့် အလုပ်သမားများ၊ ရွှေ့ပြောင်းလုပ်သားများနှင့် ငယ် ရွယ်သည့် အလုပ်သမားများအတွက် ကာကွယ်စောင့်ရှောက်မှုအတွက် လျော် ကန်သည့်ဆောင်ရွက်မှုများ ဖြည့်ဆည်းဆောင်ရွက်သင့်သည်။

၄။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အလုပ်သမားများ၏ မျိုးဆက်ပွားကျန်းမာရေးနှင့် ဆိုင်သည့်ကာကွယ် စောင့်ရှောက်မှုအပါအဝင်၊ အမျိုးသားနှင့် အမျိုးသမီးအ လုပ်သမားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်မှုများကို လုပ်ဆောင်သင့်သည်။

၅။ ပြဋ္ဌာန်းချက်၏ အပိုဒ် ၁ (ဃ) တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့် အမျိုးသားအဆင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်မာရေးနှင့် စပ်လျဉ်းသည့် ကြိုတင်တား ဆီးကာကွယ်ရေးဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ်ကို မြှင့်တင်ဆောင်ရွက်ရာတွင်၊ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အောက်ပါတို့ကို ကြိုးပမ်းဆောင်ရွက်သင့်သည်။

(က) လျော်ကန်သည့်အခြေအနေမျိုးတွင်၊ လုပ်ငန်းခွင်နှင့် နိုင်ငံတကာအ ဆင့်ကနဦးဆောင်ရွက်မှုများနှင့် ချိတ်ဆက်လျက်၊ အမျိုးသားအဆင့် စည်းရုံးလှုံ့ဆော်ဆောင်ရွက်မှုများအားဖြင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့် ပတ်သက်ပြီး၊ လုပ်ငန်းခွင်နှင့် အ များပြည်သူအား အသိပညာပေးခြင်း၊

(ခ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်ပတ် သက်ပြီး အသိပညာပေးခြင်းနှင့် လေ့ကျင့်သင်ကြားခြင်း၊ အထူးသ ဖြင့် လုပ်ငန်းအုပ်ချုပ်စီမံသူများ၊ အလုပ်သမားများ၊ ယင်းတို့၏ ကိုယ် စားလှယ်များနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက်

တာဝန်ရှိသော အစိုးရအရာရှိများအား အသိပညာပေးခြင်းနှင့် လေ့ကျင့်သင်ကြားမှုဆိုင်ရာ ယန္တရားများကို မြှင့်တင်ဆောင်ရွက်ခြင်း၊

(ဂ) လျော့်ကန်သည့်အခြေအနေမျိုး၌၊ အသိပညာပေးခြင်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လေ့ကျင့်သင်ကြားမှုတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သဘောသဘာဝနှင့် ကျွမ်းကျင်မှုအရည်အချင်းများကို အစပျိုးဆောင်ရွက်ခြင်း

(ဃ) သက်ဆိုင်ရာအာဏာပိုင်များ၊ အလုပ်ရှင်များ၊ အလုပ်သမားများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များအကြား၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိန်းဂဏန်းများနှင့် အချက်အလက်များ ဖလှယ်ခြင်းကို အဆင်ပြေချောမွေ့စေရန် ပံ့ပိုးကူညီဆောင်ရွက်ခြင်း၊

(င) အလုပ်ရှင်များ၊ အလုပ်သမားများနှင့် ယင်းတို့၏ ကိုယ်စားပြုအဖွဲ့အစည်းများအား သတင်းအချက်အလက်များနှင့် အကြံဉာဏ်များ ဖြည့်ဆည်းပံ့ပိုးခြင်းနှင့် လက်ရှိအချိန်အထိ ကြောင်းကျိုးလျော်ညီစွာ လက်တွေ့ကျသည့် အနေအထားတွင်ရှိပါက၊ အလုပ်နှင့် ဆက်စပ်နေသည့် ဘေးအန္တရာယ်များနှင့် အန္တရာယ်ဖြစ်နိုင်မှုတို့ကို သုတ်သင်ဖယ်ရှားရန်နှင့် လျော့နည်းစေရန် ရည်ရွယ်လျက်၊ ယင်းတို့အကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်းနှင့် အဆင်ပြေချောမွေ့စေရန် ပံ့ပိုးကူညီဆောင်ရွက်ခြင်း၊

(စ) လုပ်ငန်းခွင်အဆင့်တွင် နိုင်ငံ၏ ဥပဒေနှင့် အလေ့အကျင့်များနှင့်အညီ၊ လုပ်ငန်းခွင်ဘေး အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပူးတွဲကော်မတီများဖွဲ့စည်းခြင်းနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အလုပ်သမားကိုယ်စားလှယ်များ ခန့်အပ်တာဝန်ပေးအပ်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံ၏ဥပဒေနှင့်အလေ့အကျင့်များနှင့်အညီ၊ အလွန်သေးငယ်သော လုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ မူဝါဒများနှင့် စည်းမျဉ်းများအား အကောင်အထည်ဖော်ဆောင်ရာ၌ လုပ်ဆောင်သည့်ကန့်ထရိုက်တာများအားကန့်သတ်ချုပ်ချယ်မှုများကို ကုစားခြင်း။

၆။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စီမံဆောင်ရွက်ရေးစနစ်များ (ILO – OSH 2001) တွင် စီစဉ်ဖော်ပြထားသည့်ချဉ်းကပ်မှုနည်းလမ်းကဲ့သို့သောလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်ပတ်သက်ပြီး ချဉ်းကပ်ဆောင်ရွက်သည့် စီမံဆောင်ရွက်ရေးစနစ်များကို မြှင့်တင်ဆောင်ရွက်သင့်သည်။

## အပိုင်း (၃) – အမျိုးသားအစီအစဉ်

၇။ ပြဋ္ဌာန်းချက်၏အပိုဒ် ၁ (ဂ) အခိုပ္ပါယ်ဖွင့်ဆိုထားသည့်အတိုင်း လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အမျိုးသားအစီအစဉ်သည် အထူးသဖြင့် လုပ်ငန်းခွင်အဆင့်တွင် ဘေးအန္တရာယ်နှင့် အန္တရာယ်ဖြစ်နိုင်မှုအား အကဲဖြတ်ဆန်းစစ်ခြင်းနှင့် စီမံဆောင်ရွက်ခြင်းဆိုင်ရာ မူသဘောတရားများအပေါ်တွင် အခြေခံသင့်သည်။

၈။ အမျိုးသားအစီအစဉ်သည် ဆောင်ရွက်မှုဆိုင်ရာ ဦးစားပေးအရာများကို ခွဲခြားသတ်မှတ်ဖော်ထုတ်သင့်ပြီး အခါအားလျော်စွာ ပြန်လည်ဆန်းစစ်လျက်၊ ခေတ်စနစ်နှင့်အညီ လုပ်ဆောင်သင့်သည်။

၉။ အမျိုးသားအစီအစဉ်ကို ပုံဖော်ချမှတ်ခြင်းနှင့် ပြန်လည်ဆန်းစစ်ခြင်းများ လုပ်ဆောင်ရာတွင်၊ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပြဋ္ဌာန်းချက်၏ အပိုဒ် ၅ (၁) သတ်မှတ်ပြဋ္ဌာန်းထားသော တိုင်ပင်ဆွေးနွေးမှုများကို အခြားစိတ်ဝင်စားသည့်အဖွဲ့အစည်းများနှင့်လည်း တိုးချဲ့လုပ်ဆောင်နိုင်သည်။

၁၀။ ပြဋ္ဌာန်းချက်၏အပိုဒ်၅တွင်ပါရှိသည့်သတ်မှတ်ပြဋ္ဌာန်းချက်များအာဏာသက်ဝင်စေရန် ရည်ရွယ်လျက်၊ အမျိုးသားအစီအစဉ်သည် အလုပ်ရှင်များ၊ အလုပ်သမားများနှင့် ယင်းတို့၏ ကိုယ်စားလှယ်များပါဝင်သော လုပ်ငန်းခွင်ကြိုတင်တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်မှုများနှင့် လုပ်ဆောင်မှုတို့ကို အားတက်သရော မြှင့်တင်ဆောင်ရွက်သင့်သည်။

၁၁။ လျော့်ကန်သည့်အခြေအနေတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အမျိုးသားအစီအစဉ်ကို ပြည်သူ့ကျန်းမာရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကဲ့သို့သော အမျိုးသားအစီအစဉ်များ၊ စီမံချက်များနှင့် ညှိနှိုင်းဆောင်ရွက်သင့်သည်။

၁၂။ အမျိုးသားအစီအစဉ်ကို ပုံဖော်ချမှတ်ခြင်းနှင့် ပြန်လည်ဆန်းစစ်ခြင်းများ လုပ်ဆောင်ရာတွင်၊ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၎င်းတို့အတည်ပြုလက်မှတ် ရေးထိုးထားသည့် ပြဋ္ဌာန်းချက်အရ ၎င်းတို့လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများကို ယုတ်လျော့ထိခိုက်စေခြင်းမရှိဘဲလျက်၊ ဤအကြံပြုတိုက်တွန်းချက်တွင် ဖော်ပြထားသော လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့် စပ်လျဉ်းသည့် စည်းရုံးဆောင်ရွက်ရေး မူဘောင်နှင့် ဆက်စပ်သည့် အိုင်အယ်(လ်)အို စာချုပ်စာတမ်းများကို ထည့်သွင်းစဉ်းစားသင့်သည်။

# အပိုင်း (၄) – အမျိုးသားအဆင့်ဆောင်ရွက်မှု ကောက်ကြောင်းပုံ

၁၃။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်ဆိုင်သည့် လက်ရှိအခြေအနေနှင့် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လုပ်ငန်းခွင်အောင်မြင်စွာ ဖြစ်ပေါ်ရေးဆီသို့ ဦးတည်ပြီးလုပ်ဆောင်ခဲ့သည့် အောင်မြင်မှုတို့ကို အနှစ်ချုပ်ဖော်ပြသည့် အမျိုးသားအဆင့်ဆောင်ရွက်မှုကောက်ကြောင်းပုံကို ကြိုတင်ပြင်ဆင်သင့်ပြီး ခေတ်စနစ်နှင့်ညီအောင် ပုံမှန်မှတ်တမ်းတင်သင့်သည်။ ယင်းကောက်ကြောင်းပုံကို အမျိုး

သားအစီအစဉ်အား ပုံဖော်ချမှတ်ခြင်းနှင့် ပြန်လည်ဆန်းစစ်ခြင်းတို့အတွက် အခြေခံအဖြစ် အသုံးပြုသင့်သည်။

၁၄။ (၁) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်စပ်လျဉ်းသည့် အမျိုးသားအဆင့် ကောက်ကြောင်းပုံတွင် သက်ဆိုင်သည့် အောက်ပါအခြင်းအရာများနှင့်ဆိုင်သည့် သတင်းအချက်အလက်များ ပါဝင်သင့်သည်။

(က) ဥပဒေများ၊ စည်းမျဉ်းများ၊ လျော်ကန်သည့်အနေအထားတွင် စုပေါင်းသဘောတူညီချက်များနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်ဆိုင်သော အခြားသက်ဆိုင်ရာ စာချုပ်စာတမ်းများ၊

(ခ) နိုင်ငံ၏ဥပဒေနှင့် အလေ့အကျင့်များနှင့်အညီ ခန့်အပ်တာဝန်ပေးအပ်ထားသည့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်ပတ်သက်ပြီး တာဝန်ရှိသော အာဏာပိုင် သို့မဟုတ် အဖွဲ့အစည်း၊ သို့မဟုတ် အာဏာပိုင်များ သို့မဟုတ် အဖွဲ့အစည်းများ၊

(ဂ) စစ်ဆေးရေးဆိုင်ရာ စနစ်များအပါအဝင်၊ နိုင်ငံ၏ ဥပဒေများနှင့် စည်းမျဉ်းများကို သေချာစွာ လေးစားလိုက်နာစေမည့် ယန္တရားများ၊

(ဃ) လုပ်ငန်းအဆင့်တွင် လုပ်ငန်းခွင်နှင့်ဆက်စပ်နေသည့် ကြိုတင်တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်မှုများကို လုပ်ငန်းအုပ်ချုပ်စီမံသူများ၊ အလုပ်သမားများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များအကြား ပူးပေါင်းဆောင်ရွက်ခြင်းကို မြှင့်တင်သည့် စီစဉ်ဆောင်ရွက်မှုများ၊

(င) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ကုစားသည့် အမျိုးသားအဆင့် သုံးပွင့်ဆိုင်

အကြံပေးအဖွဲ့အစည်း သို့မဟုတ် အဖွဲ့အစည်းများ၊

(စ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များနှင့် အကြံပေးခြင်းဆိုင်ရာ ဝန်ဆောင်မှုများ၊

(ဆ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လေ့ကျင့်သင်ကြားမှုများ ဖြည့်ဆည်းပံ့ပိုးခြင်း၊

(ဇ) နိုင်ငံ၏ ဥပဒေနှင့် အလေ့အကျင့်တို့နှင့်အညီ လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများ၊

(ဈ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာ သုတေသန ပြုလုပ်ခြင်း၊

(ည) သက်ဆိုင်ရာ အိုင်အယ်(လ်)အိုစာချုပ်စာတမ်းများကို ထည့်သွင်း စဉ်းစားလျက်၊ လုပ်ငန်းခွင်ဆိုင်ရာ ထိခိုက်ဒဏ်ရာရရှိမှုများ၊ ရောဂါများနှင့် ယင်းသို့ ဖြစ်ပေါ်ရသည့် အကြောင်းရင်းများနှင့်ပတ်သက်သည့် အချက်အလက်များ ကောက်ယူခြင်းနှင့် စိစစ်စိတ်ဖြာခြင်း၊

(ဋ) လုပ်ငန်းခွင်ဆိုင်ရာ ထိခိုက်ဒဏ်ရာရရှိမှုများနှင့် ရောဂါများနှင့် အကျုံးဝင်သည့် သက်ဆိုင်ရာ အာမခံအစီအစဉ်များ သို့မဟုတ် လူမှုဖူလုံရေး အစီအစဉ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအတွက် ဖြည့်ဆည်းဆောင်ရွက်မှုများနှင့်

(ဌ) အလွန်သေးငယ်သည့် လုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် စနစ်တကျမဟုတ်သည့် တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အခြေအနေများ အဆင့်ဆင့်တိုးတက်ကောင်းမွန်မှုအတွက် အထောက်အပံ့ပြုသည့် ယန္တရားများ။

(၂) ထို့အပြင်၊လျော့်ကန်သည့်အနေအထား၌လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အမျိုးသားဆင့်ကောက်ကြောင်းပုံတွင် အောက်ဖော်ပြပါ အခြင်းအရာများနှင့်စပ်လျဉ်းသည့် သတင်းချက်အလက်များ ပါဝင်သင့်သည်။

(က) အမျိုးသားအစီအစဉ်ပြန်လည်ဆန်းစစ်သည့် ယန္တရားများအပါအဝင် အမျိုးသားအဆင့်နှင့် လုပ်ငန်းအဆင့်တို့တွင် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာယန္တရားများ၊

(ခ) လုပ်ငန်းခွင်ဘေးအန္တရာကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်စပ်လျဉ်းသည့် နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများ၊ ကျင့်ဝတ်စည်းကမ်းများနှင့် လမ်းညွှန်ချက်များ၊

(ဂ) စည်းရုံးဆောင်ရွက်ရေးဆိုင်ရာ ကနဦးဆောင်ရွက်မှုများ အပါအဝင်၊ အသိပညာပေးခြင်းနှင့် အသိပညာမြှင့်တင်ရေးဆိုင်ရာစီမံဆောင်ရွက်မှုများ၊

(ဃ) လုပ်ငန်းခွင်ဘေး အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာသုတေသနအသင်းအဖွဲ့များနှင့်သိပ္ပံစမ်းသပ်ခန်းများအပါအဝင်၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်စပ်လျဉ်းသည့် အမျိုးမျိုးသော အသွင်လက္ခဏာများနှင့် ချိတ်ဆက်ထားသည့် နည်းပညာဆိုင်ရာ၊ ဆေးကုသမှုဆိုင်ရာနှင့် သိပ္ပံဆိုင်ရာအထူးပြုအသင်းအဖွဲ့များ၊

(င) စစ်ဆေးရေးအရာရှိများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာ အရာရှိများ၊ လုပ်ငန်းခွင်ဆိုင်ရာဆရာဝန်များနှင့် တစ်ကိုယ်ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးပညာရှင်များကဲ့သို့သော လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာနယ်ပယ်တွင် ဝန်ထမ်းများ၏ပါဝင်ဆောင်ရွက်မှု၊

(စ) လုပ်ငန်းခွင်ဆိုင်ရာ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ရောဂါနှင့် စပ်လျဉ်းသည့် ကိန်းဂဏန်းအချက်အလက်များ၊

(ဆ) အလုပ်ရှင်အဖွဲ့အစည်းများနှင့်အလုပ်သမားအဖွဲ့အစည်းများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာ မူဝါဒများနှင့် အစီအစဉ်များ၊

(ဇ) နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု အပါအဝင်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့် ဆက်စပ်နေသည့် ပုံမှန်လုပ်ဆောင်မှုများ သို့မဟုတ် ဆက်လက်လုပ်ဆောင်နေမှုများ၊

(ဈ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့် စပ်လျဉ်းသည့် ငွေကြေးဆိုင်ရာနှင့် ဘတ်ဂျတ်ဆိုင်ရာ အရင်းအမြစ်များ၊ နှင့်

(ည) ဖွား/သေ စာရင်း၊ စာတတ်မြောက်မှု၊ စီးပွားရေးနှင့် အလုပ်အကိုင်ရရှိမှုတို့ကိုဖော်ပြသည့် အချက်အလက်များနှင့်အတူ၊ ရရှိနိုင်ပါကအခြားသောသက်ဆိုင်ရာသတင်းအချက်အလက်များ။

# အပိုင်း (၅) – နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် သတင်းအချက်အလက်များ ဖလှယ်ခြင်း

၁၅။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့သည် –

(က) အောက်ဖော်ပြပါ ရည်ရွယ်ချက်များအလို့ငှာ၊ နိုင်ငံများ၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို ပံ့ပိုးကူညီရန် ရည်ရွယ်လျက်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်စပ်လျဉ်းသည့် နိုင်ငံတကာနည်းပညာပူးပေါင်းဆောင်ရွက်မှုကို ပံ့ပိုးကူညီဆောင်ရွက်သင့်သည်။

(၁) အမျိုးသားအဆင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်စပ်လျဉ်းသည့် ကြိုတင်တားဆီးကာကွယ်ရေးဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ်အားချမှတ်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့အတွက် ယင်းနိုင်ငံများ၏ စွမ်းဆောင်ရည် အားကောင်းလာစေရန်၊

(၂) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် ချဉ်းကပ်ဆောင်ရွက်သည့် စီမံဆောင်ရွက်မှုစနစ်များကို မြှင့်တင်ဆောင်ရွက်ရန်၊ နှင့်

(၃) ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍၊ အတည်ပြုလက်မှတ်ရေးထိုးခြင်းနှင့် ဤအကြံပြုတိုက်တွန်းချက်၏ နောက်ဆက်တွဲတွင် ဖော်ပြထားသောလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်စပ်လျဉ်းသည့် စည်းရုံးဆောင်ရွက်ရေးဆိုင်ရာ မူဘောင်နှင့်ဆက်စပ်နေသော အိုင်အယ်(လ်)အို စာချုပ်စာတမ်းများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ပံ့ပိုးကူညီဆောင်ရွက်ရန်။

(ခ) ကောင်းမွန်သောအလေ့အကျင့်များနှင့် ဆန်းသစ်တီထွင်သော ချဉ်းကပ်မှု နည်းလမ်းများနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များနှင့် လုပ်ငန်းခွင်တွင် ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်အသစ်များနှင့် အန္တရာယ်ဖြစ်နိုင်မှု အသစ်များအား ခွဲခြားသတ်မှတ်ဖော်ထုတ်ခြင်းဆိုင်ရာ သတင်းအချက်အလက်များအပါအဝင်၊ ပြဋ္ဌာန်းချက်၏ အပိုဒ် ၁ (က) ပါ အဓိပ္ပါယ်ဖွင့်ဆိုချက်အတွင်းရှိ အမျိုးသားမူဝါဒများနှင့်ဆိုင်သည့် သတင်းအချက်အလက်များ၊ လုပ်ငန်းခွင်ဘေး အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်ဆိုင်သည့် အမျိုးသားစနစ်များနှင့် အစီအစဉ်များနှင့်ဆိုင်သည့် သတင်းအချက်အလက်များအား ဖလှယ်ခြင်းကို ပံ့ပိုးကူညီသင့်သည်။

(ဂ) ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော လုပ်ငန်းခွင်ဝန်းကျင်အဖြစ်သို့အောင်မြင်စွာရောက်ရှိရေးဆီသို့ဦးတည်သည့် ဆောင်ရွက်ခဲ့သော အဆင့်ဆင့်တိုးတက်အောင်မြင်မှုနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များ ဖြည့်ဆည်းပံ့ပိုးသင့်သည်။

## အပိုင်း (၆) – နောက်ဆက်တွဲကို ခေတ်စနစ်နှင့်လျော်ညီအောင်ပြုလုပ်ခြင်း

၁၆။ ဤအကြံပြုတိုက်တွန်းချက်၏ နောက်ဆက်တွဲကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၏ အုပ်ချုပ်မှုအဖွဲ့က ပြန်လည်ဆန်းစစ်ပြီး၊ ခေတ်စနစ်နှင့် လျော်ညီအောင် ပြုလုပ်သင့်သည်။ ပြင်ဆင်ချမှတ်ထားပြီးသော နောက်ဆက်တွဲမှန်သမျှကို အုပ်ချုပ်မှုအဖွဲ့က လက်ခံအတည်ပြုလျက်၊ အပြည်ပြည်ဆိုင် ရာ အလုပ်သမားရေးရာအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများထံ ဆက်သွယ်ပေးပို့ပြီးနောက်တွင် ယခင်နောက်ဆက်တွဲနေရာတွင် အစားထိုးရမည်။

# နောက်ဆက်တွဲ
# လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်စပ်လျဉ်းသည့် စည်းရုံးဆောင်ရွက်ရေးဆိုင်ရာ မူဘောင်နှင့်ဆက်စပ်နေသော အိုင်အယ်(လ်)အို စာချုပ်စာတမ်းများ

## ၁။ ပြဋ္ဌာန်းချက်များ

အလုပ်သမားရေးရာစစ်ဆေးရေးဆိုင်ရာပြဋ္ဌာန်းချက်၊ ၁၉၄၇ ခုနှစ် (အမှတ် – ၈၁)

ရေဒီယိုသတ္တုကြွအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်၊ ၁၉၆၀ ခုနှစ် (အမှတ် – ၁၁၅)

တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး (ကုန်သွယ်မှုနှင့်ရုံးများ) ဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၁၉၆၄ ခုနှစ် (အမှတ် – ၁၂၀)

လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်များဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၁၉၆၄ ခုနှစ် (အမှတ် – ၁၂၁)

အလုပ်သမားရေးရာစစ်ဆေးရေး (လယ်ယာစိုက်ပျိုးရေး) ဆိုင်ရာပြဋ္ဌာန်းချက်၊ ၁၉၆၉ ခုနှစ် (အမှတ် – ၁၂၉)

လုပ်ငန်းခွင်ကြောင့်ဖြစ်ပေါ်သည့် ကင်ဆာရောဂါဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၁၉၇၄ ခုနှစ် (အမှတ် – ၁၃၉)

လုပ်ငန်းခွင်ဝန်းကျင် (လေထုညစ်ညမ်းမှု၊ ဆူညံသံများနှင့် တုန်ခါမှုများ) ဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၁၉၇၇ ခုနှစ် (အမှတ် – ၁၄၈)

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး (ဆိပ်ကမ်းကုန်တင် ကုန်ချလုပ်ငန်း) ဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၁၉၇၉ ခုနှစ် (အမှတ် – ၁၅၂)

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာပြဋ္ဌာန်းချက်၊ ၁၉၈၁ ခုနှစ် (အမှတ် – ၁၅၅)

လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၁၉၈၅ ခုနှစ် (အမှတ် – ၁၆၁)

ကျောက်ဂွမ်းမှုန့်များဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၁၉၈၆ ခုနှစ် (အမှတ် – ၁၆၂)

ဆောက်လုပ်ရေးလုပ်ငန်း၌ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၁၉၈၈ ခုနှစ် (အမှတ် – ၁၆၇)

ဓါတုပစ္စည်းများဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၁၉၉၀ ခုနှစ် (အမှတ် – ၁၇၀)

လုပ်ငန်းခွင်၌ကြီးမားသည့်မတော်တဆဖြစ်မှုများကြိုတင်တားဆီးကာကွယ်ရေးဆိုင်ရာပြဋ္ဌာန်းချက်၊ ၁၉၉၃ ခုနှစ် (အမှတ် – ၁၇၄)

သတ္တုတွင်းလုပ်ငန်းများ၌ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာပြဋ္ဌာန်းချက်၊ ၁၉၉၅ ခုနှစ် (အမှတ် – ၁၇၆)

အလုပ်သမားရေးရာစစ်ဆေးရေးဆိုင်ရာပြဋ္ဌာန်းချက်၊ ၁၉၄၇ ခုနှစ် (အမှတ် – ၈၁) နှင့်စပ်လျဉ်းသည့် ၁၉၉၅ ခုနှစ် နောက်ဆက်တွဲစာချုပ်

လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၌ ဘေးအန္တရာကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာပြဋ္ဌာန်းချက်၊ ၂၀၀၁ ခုနှစ် (အမှတ် – ၁၈၄)

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာပြဋ္ဌာန်းချက်၊ ၁၉၈၁ ခုနှစ် (အမှတ် – ၁၅၅) နှင့်စပ်လျဉ်းသည့် ၂၀၀၂ ခုနှစ် နောက်ဆက်တွဲစာချုပ်

## ၂။ အကြံပြုတိုက်တွန်းချက်များ

အလုပ်သမားရေးရာ စစ်ဆေးရေးဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၁၉၄၇ ခုနှစ် (အမှတ် – ၈၁)

အလုပ်သမားရေးရာစစ်ဆေးရေး (သတ္တုတွင်းလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း) ဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၁၉၄၇ ခုနှစ် (အမှတ် – ၈၂)

အလုပ်သမားများ၏ ကျန်းမာရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၁၉၅၃ ခုနှစ် (အမှတ် – ၉၇)

သက်သာချောင်ချိရေး အထောက်အပံ့ပစ္စည်းများဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၁၉၅၆ ခုနှစ် (အမှတ် – ၁၀၂)

ရေဒီယိုသတ္တုကြွအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၁၉၆၀ ခုနှစ် (အမှတ် – ၁၁၄)

အလုပ်သမားများ၏ အိမ်ရာဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၁၉၆၁ ခုနှစ် (အမှတ် – ၁၁၅)

တစ်ကိုယ်ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး (ကုန်သွယ်မှုနှင့်ရုံးများ) ဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၁၉၆၄ ခုနှစ် (အမှတ် – ၁၂၀)

လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရရှိမှုနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်ဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၁၉၆၄ ခုနှစ် (အမှတ် – ၁၂၁)

အလုပ်သမားရေးရာစစ်ဆေးရေး (လယ်ယာစိုက်ပျိုးရေး) ဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၁၉၆၉ ခုနှစ် (အမှတ် – ၁၃၃)

လုပ်ငန်းခွင်ကြောင့်ဖြစ်ပေါ်သည့် ကင်ဆာရောဂါဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၁၉၇၄ ခုနှစ် (အမှတ် – ၁၄၇)

လုပ်ငန်းခွင်ဝန်းကျင် (လေထုညစ်ညမ်းမှု၊ ဆူညံသံများနှင့် တုန်ခါမှုများ) ဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၁၉၇၇ ခုနှစ် (အမှတ် – ၁၅၆)

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး (သင်္ဘောကျင်းလုပ်ငန်း) ဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၁၉၇၉ ခုနှစ် (အမှတ် – ၁၆၀)

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၁၉၈၁ ခုနှစ် (အမှတ် – ၁၆၄)

လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၁၉၈၅ ခုနှစ် (အမှတ် – ၁၇၁)

ကျောက်ဂွမ်းမှုန့်များဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၁၉၈၆ ခုနှစ် (အမှတ် – ၁၇၂)

ဆောက်လုပ်ရေးလုပ်ငန်း၌ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အကြံပြုတိုက်တွန်း ချက်၊ ၁၉၈၈ ခုနှစ် (အမှတ် – ၁၇၅)

ဓါတုပစ္စည်းများဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၁၉၉၀ ခုနှစ် (အမှတ် – ၁၇၇)

လုပ်ငန်းခွင်၌ကြီးမားသည့်မတော်တဆဖြစ်မှုများကြိုတင်တားဆီးကာကွယ်ရေးဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၁၉၉၃ ခုနှစ် (အမှတ် – ၁၈၁)

သတ္တုတွင်းလုပ်ငန်းများ၌ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၁၉၉၅ ခုနှစ် (အမှတ် – ၁၈၃)

လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၌ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၂၀၀၁ ခုနှစ် (အမှတ် – ၁၉၂)

လုပ်ငန်းခွင်ကြောင့်ဖြစ်ပေါ်သည့် ရောဂါများစာရင်းဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၂၀၀၂ ခုနှစ် (အမှတ် – ၁၉၄)

# ၇။ လုပ်ငန်းခွင် ကျန်းမာရေးဝန်ဆောင်မှုများဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၁၉၈၅ ခုနှစ် (အမှတ် – ၁၆၁)

## နိဒါန်း

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ အထွေထွေညီလာခံကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၏ အုပ်ချုပ်မှုအဖွဲ့ကကြီးမှူးလျက် ဂျီနီဗာမြို့တွင် ၁၉၈၅ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ၇၁ ကြိမ်မြောက် ကျင်းပပြုလုပ်ရာ၊

အလုပ်သမားအား အလုပ်အကိုင်ကြောင့်ဖြစ်ပေါ်လာသည့် နာမကျန်းဖြစ်မှု၊ ရောဂါဘယနှင့် ထိခိုက်ဒဏ်ရာရရှိမှုတို့မှ ကာကွယ်စောင့်ရှောက်ခြင်းသည် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အား အပ်နှင်းထားသည့်တာဝန်များထဲမှ တစ်ခုဖြစ်ကြောင်းကို မှတ်သား၍လည်းကောင်း၊

သက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များ၊ အထူးသဖြင့် အမျိုးသားအဆင့်တွင် အမျိုးသားမူဝါဒနှင့်ဆောင်ရွက်မှုဆိုင်ရာ မူသဘောများကို ချမှတ်ထားသည့် အလုပ်သမားများ၏ ကျန်းမာရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အကြံပြုတိုက်တွန်းချက် (၁၉၅၃ ခုနှစ်)၊ လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများဆိုင်ရာ အကြံပြုတိုက်တွန်းချက် (၁၉၅၉ ခု နှစ်)၊ အလုပ်သမားများ၏ ကိုယ်စားလှယ်များဆိုင်ရာ ပြဋ္ဌာန်းချက် (၁၉၇၁ ခုနှစ်) နှင့် လုပ်ငန်းခွင်ဘေး အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာပြဋ္ဌာန်းချက်နှင့် အကြံပြုတိုက်တွန်းချက် (၁၉၈၁ ခုနှစ်) တို့ကို မှတ်သား၍လည်းကောင်း၊

အစည်းအဝေး၏ အစီအစဉ် (၄) တွင် ပါရှိသော လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်း ရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့်စပ်လျဉ်းသည့် အဆိုပြုချက် အချို့ကို လက်ခံအတည်ပြုရန် ဆုံးဖြတ်ချက်ချမှတ်၍လည်းကောင်း၊

ဤအဆိုပြုချက်များအား အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်တစ်ရပ်အဖြစ် ဆုံးဖြတ် ချက်ချမှတ်လျက်၊ ၁၉၈၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင်၊ လုပ်ငန်းခွင်ကျန်းမာရေး ဝန်ဆောင်မှုများဆိုင်ရာ ပြဋ္ဌာန်းချက် (၁၉၈၅ ခုနှစ်) အဖြစ် ညွှန်းဆိုနိုင်သည့် အောက် ပါပြဋ္ဌာန်းချက်ကို လက်ခံအတည်ပြုလိုက်သည်။

## အပိုင်း (၁) – အမျိုးသားမူဝါဒဆိုင်ရာ မူသဘောတရားများ

**အပိုဒ် (၁)** ဤပြဋ္ဌာန်းချက်၏ ရည်ရွယ်ချက်အလို့ငှာ –

(က) လုပ်ငန်းခွင် ကျန်းမာရေးဝန်ဆောင်မှုများဟူသော ဝေါဟာရ သည် အောက်ပါအခြင်းအရာများနှင့် ပတ်သက်ပြီး၊ မရှိမဖြစ် လိုအပ်သည့် ကြိုတင်တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင် ရွက်မှုများနှင့် အလုပ်ရှင်၊ အလုပ်သမားများနှင့် ယင်းတို့၏ ကိုယ်စားလှယ်များအား အကြံဉာဏ်ပေးခြင်းအတွက် တာ ဝန်ရှိပြီး ယုံကြည်စွာအပ်နှင်းထားသည့် ဝန်ဆောင်မှုများကို ဆိုလိုသည်။

(၁) အလုပ်အကိုင်နှင့်စပ်လျဉ်း၍ လျော်ကန်သင့်မြတ်သော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် ဘေးအန္တရာယ်ကင်းရှင်း ပြီး ကျန်းမာရေးနှင့်ညီညွတ်သော လုပ်ငန်းခွင်ဝန်း ကျင်ကို ချမှတ်တည်ဆောက်ရန်နှင့် ထိန်းသိမ်းရန်အ တွက် သတ်မှတ်ချက်များ၊

(၂) အလုပ်သမားများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင် ရာ ကျန်းမာရေးအခြေအနေအရ၊ အလုပ်သမားများ

၏ စွမ်းဆောင်နိုင်မှုများကို သင့်လျော်အောင် စီစဉ်ဆောင်ရွက်ခြင်း။

(ခ) လုပ်ငန်းတွင်ရှိသော အလုပ်သမား ကိုယ်စားလှယ်များဟူသော ဝေါဟာရသည် နိုင်ငံ၏ဥပဒေနှင့် အလေ့အကျင့်များအရအလုပ်သမားကိုယ်စားလှယ်များအဖြစ် အသိအမှတ်ပြုခြင်းခံရသော ပုဂ္ဂိုလ်များကို ဆိုလိုသည်။

**အပိုဒ် (၂)** နိုင်ငံ၏အခြေအနေများနှင့် အလေ့အကျင့်များအရ၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများတည်ရှိ သည့်အနေအထားမျိုးတွင် အလုပ်ရှင်၊အလုပ်သမားများ၏ကိုယ်စားပြုမှုအများဆုံးဖြစ်သည့် အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးလျက်၊ အဖွဲ့ဝင်နိုင်ငံတိုင်းသည် လုပ်ငန်းခွင် ကျန်းမာရေးဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ ကိုက်ညီမှုရှိသော အမျိုးသားမူဝါဒတစ်ရပ်ကို ပုံဖော်ချမှတ်ခြင်း၊ အကောင်အထည် ဖော်ဆောင်ရွက်ခြင်းနှင့် အခါအားလျော်စွာ ပြန်လည်ဆန်းစစ်ခြင်းများ လုပ်ဆောင်ရမည်။

**အပိုဒ် (၃)** ၁။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ပြည်သူပိုင်ကဏ္ဍရှိ အလုပ်သမားများနှင့် ကုန်ထုတ်လုပ်မှု သမဝါယမအသင်းအဖွဲ့များ၏ အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းခွဲအားလုံးနှင့် လုပ်ငန်းအားလုံးရှိ အလုပ်သမားများအပါအဝင်အလုပ်သမားအားလုံးအတွက်လုပ်ငန်းခွင်ကျန်းမာရေး ဝန်ဆောင်မှုများကို အဆင့်ဆင့်တိုးတက်ကောင်းမွန်လာစေရန် တာဝန်ယူဆောင်ရွက်ရမည်။ လုပ်ဆောင်ထားသည့် ဖြည့်ဆည်းပံ့ပိုးမှုသည် လုပ်ငန်းရှိအန္တရာယ်ဖြစ်နိုင်မှုအခြေအနေများအတွက် လုံလောက်ပြီး လျော်ကန်မှုရှိစေရမည်။

၂။ လုပ်ငန်းအားလုံးအတွက် လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများကို ချက်ချင်းချမှတ်ဆောင်ရွက်နိုင်ခြင်း မရှိပါက၊ သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံတိုင်းသည် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ တည်ရှိသည့် အနေအထားတွင် အလုပ်ရှင်၊ အလုပ်သမားများ၏ ကိုယ်စားပြုမှု အများဆုံးဖြစ်သည့် အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးလျက်၊ ထိုကဲ့သို့သော ဝန်ဆောင်မှုများကို ချမှတ်ဆောင်ရွက်ရန်အတွက် စီမံချက်များ ရေးဆွဲရမည်။

၃။ သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံတိုင်းသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ အပိုဒ် ၂၂ အရ၊ ပြဋ္ဌာန်းချက်အားကျင့်သုံးခြင်းနှင့်ဆိုင်သည့် ယင်း၏ ကနဦးတင်ပြသည့် အစီရင်ခံစာတွင်၊ ဤအပိုဒ်၏ စာပိုဒ် ၂ အရ ရေးဆွဲထားသည့်စီမံချက်ကို ညွှန်ပြရမည်ဖြစ်ပြီး၊ ယင်းတို့၏ ကျင့်သုံးမှုနှင့်ပတ်သက်ပြီး တိုးတက်မှုအနေအထားကို နောက်ဆက်တွဲအစီရင်ခံစာတွင် ညွှန်ပြရမည်။

**အပိုဒ် (၄)** အခွင့်ရအာဏာပိုင်သည် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ တည်ရှိသည့်အနေအထားမျိုးတွင် ဤပြဋ္ဌာန်းချက်၏ သတ်မှတ်ပြဋ္ဌာန်းချက်များ အာဏာသက်ဝင်စေရန် လုပ်ဆောင်ရမည့်အရာများနှင့် ပတ်သက်ပြီး၊ အလုပ်ရှင်၊ အလုပ်သမားများ၏ ကိုယ်စားပြုမှု အများဆုံးဖြစ်သော အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးရမည်။

## အပိုင်း (၂) – ဆောင်ရွက်ချက်များ

**အပိုဒ် (၅)** အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်ပြီးအလုပ်ရှင်၏တာဝန်ဝတ္တရားများကို ယုတ်လျော့ထိခိုက်စေခြင်းမရှိဘဲလျက်၊ အလုပ်သမားများ

အနေဖြင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ရန် လိုအပ်မှုနှင့် စပ်လျဉ်း၍၊ လုပ်ငန်းခွင်ကျန်းမာရေး ဝန်ဆောင်မှုများသည် လုပ်ငန်းတွင်ရှိသည့် အန္တရာယ်ဖြစ်ပေါ်နိုင်မှုများအတွက် လုံလောက်ပြီး၊ လျော်ကန်မှုရှိသော အောက်ဖော်ပြပါ ဆောင်ရွက်မှုများကို တာဝန်ယူဆောင်ရွက်ရမည်။

(က) လုပ်ငန်းခွင်တွင် ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်များမှ အန္တရာယ်ဖြစ်နိုင်မှုများကို ခွဲခြားသတ်မှတ်ဖော်ထုတ်ခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်း၊

(ခ) အလုပ်ရှင်က ဖြည့်ဆည်းပံ့ပိုးပေးထားပါက၊ ရေဆိုးထုတ်သည့် သန့်ရှင်းရေး ပစ္စည်းကိရိယာများ တပ်ဆင်ခြင်း၊ လုပ်ငန်းတွင်းရှိ စားသောက်ဆိုင်၊ အိမ်ရာတို့အပါအဝင် အလုပ်သမား၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် လုပ်ငန်းခွင်ဝန်းကျင်ရှိ အကြောင်းခြင်းရာများနှင့် အလုပ်အကိုင် အလေ့အကျင့်များကို စောင့်ကြပ်ကြည့်ရှုခြင်း၊

(ဂ) လုပ်ငန်းခွင်ဒီဇိုင်းပုံစံ၊ ရွေးချယ်မှုအနေအထား၊ စက်ယန္တရားများ ထိန်းသိမ်းမှုနှင့် အခြေအနေများ၊ အခြားပစ္စည်းကိရိယာများနှင့် လုပ်ငန်းခွင်တွင် အသုံးပြုသည့် အရာဝတ္ထုပစ္စည်းများ အပါအဝင်၊ စီမံချက်နှင့် အလုပ်အဖွဲ့အစည်းနှင့်ပတ်သက်ပြီး အကြံဉာဏ်ပေးခြင်း၊

(ဃ) အလုပ်အကိုင်အလေ့အကျင့်များ တိုးတက်ကောင်းစေရေးအတွက် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များနှင့်၊ ပစ္စည်းကိရိယာအသစ်များ၏ ကျန်းမာရေးနှင့်သက်ဆိုင်သည့် အသွင်လက္ခဏာများအား စမ်းသပ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတို့တွင် ပါဝင်ဆောင်ရွက်ခြင်း၊

(င) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့်တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ လုပ်ငန်းတိုးတက်ရေးအတွက် အလုပ်နှင့် လုပ်ငန်းခွင်လေ့လာမှုနှင့် စုပေါင်းကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပစ္စည်းကိရိယာများနှင့် ပတ်သက်၍သော်လည်းကောင်း အကြံဉာဏ်ပေးခြင်း၊

(စ) အလုပ်နှင့်ဆက်စပ်သည့် အလုပ်သမား၏ ကျန်းမာရေးကို စောင့်ကြပ်ကြည့်ရှုခြင်း၊

(ဆ) အလုပ်အကိုင်နှင့် အလုပ်သမားကိုက်ညီမှုရှိစေရေးကို မြှင့်တင်ဆောင်ရွက်ခြင်း၊

(ဇ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပြန်လည်တည်ဆောက်မှုများနှင့် စပ်လျဉ်းသည့် ဆောင်ရွက်မှုများအတွက် ဖြည့်ဆည်းဆောင်ရွက်ခြင်း၊

(ဈ) ကျန်းမာရေးနှင့်ညီညွတ်သော လုပ်ငန်းခွင်၊ တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် လုပ်ငန်းတိုးတက်စေရန်အတွက် အလုပ်နှင့် လုပ်ငန်းခွင်လေ့လာရေးတို့နှင့် သက်ဆိုင်သည့် နယ်ပယ်များတွင် သတင်းချက်အလက်များ ဖြည့်ဆည်းပံ့ပိုးခြင်း၊ လေ့ကျင့်သင်ကြားမှုနှင့် အသိပညာပေးခြင်း အစီအစဉ်များ ပံ့ပိုးပေးခြင်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ည) ရှေးဦးသူနာပြုစုခြင်းနှင့် အရေးပေါ်ကုသမှုများကို စီစဉ်ဆောင်ရွက်ခြင်း၊

(ဋ) လုပ်ငန်းခွင်ဆိုင်ရာ မတော်တဆဖြစ်မှုများနှင့် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများအား စိစစ်စိတ်ဖြာရာတွင် ပါဝင်ဆောင်ရွက်ခြင်း။

# အပိုင်း (၃) – အဖွဲ့အစည်း

**အပိုဒ် (၆)** လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများချမှတ်တည်ဆောက်ရေး အတွက် ဖြည့်ဆည်းဆောင်ရွက်ရမည်။

(က) ဥပဒေများအားဖြင့် သို့မဟုတ် စည်းမျဉ်းများအားဖြင့်

(ခ) စုပေါင်းသဘောတူညီချက်အားဖြင့် သို့မဟုတ် အခြားနည်းဖြင့် သက်ဆိုင်ရာ အလုပ်ရှင်များနှင့် အလုပ်သမားများအကြား သဘောတူညီချက်၊ သို့မဟုတ်

(ဂ) သက်ဆိုင်ရာ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးပြီးနောက်၊ အခွင့်ရအာဏာပိုင်၏ အတည်ပြု ထားသည့် အခြားသောနည်းလမ်းတစ်ခုခုအားဖြင့်

**အပိုဒ် (၇)** ၁။ လုပ်ငန်းခွင် ကျန်းမာရေးဝန်ဆောင်မှုများကို လုပ်ငန်းတစ်ခု တည်းအတွက် ဝန်ဆောင်မှုပေးသည့် အနေဖြင့်သော်လည်း ကောင်း သို့မဟုတ် လျော်ကန်သလို လုပ်ငန်းအများ အပြားအ တွက် ဘုံဝန်ဆောင်မှုပေးသည့်အနေဖြင့် သော်လည်းကောင်း စီစဉ်ဆောင်ရွက် နိုင်သည်။

၂။ နိုင်ငံ၏အခြေအနေများနှင့် အလေ့အကျင့်များနှင့်အညီ၊ လုပ် ငန်းခွင် ကျန်းမာရေးဝန်ဆောင်မှုများကို အောက်ဖော်ပြပါ တို့အားဖြင့် စီစဉ်ဆောင်ရွက်နိုင်သည်။

(က) လုပ်ငန်းများ သို့မဟုတ် သက်ဆိုင်ရာ လုပ်ငန်းအစုအ ဖွဲ့များ

(ခ) အစိုးရအာဏာပိုင်များ သို့မဟုတ် တရားဝင်ဝန်ဆောင် မှုများ

(ဂ) လူမှုဖူလုံရေးအသင်းအဖွဲ့များ

(ဃ) အခွင့်ရအာဏာပိုင်က လုပ်ပိုင်ခွင့်ပေးထားသည့် အခြားအဖွဲ့အစည်းများ

(င) အထက်တွင် ဖော်ပြထားသည့်အဖွဲ့အစည်းများကို အမျိုးမျိုးစုပေါင်းထားသည့် အဖွဲ့အစည်း

**အပိုဒ် (၈)** တည်ရှိနေသည့်အနေအထားတွင် အလုပ်ရှင်၊ အလုပ်သမားများနှင့် ယင်းတို့၏ ကိုယ်စားလှယ်များသည် သာတူညီမျှမှုအနေအထားဖြင့် လုပ်ငန်းခွင်ကျန်းမာရေး ဝန်ဆောင်မှုများနှင့် ပတ်သက်ပြီး အဖွဲ့အစည်းဆိုင်ရာ ဆောင်ရွက်မှုများနှင့် အခြားသော ဆောင်ရွက်မှုများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်။

## အပိုင်း (၄) – လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ

**အပိုဒ် (၉)** ၁။ နိုင်ငံ၏ ဥပဒေနှင့် အလေ့အကျင့်တို့နှင့်အညီ၊ လုပ်ငန်းခွင်ကျန်းမာရေး ဝန်ဆောင်မှုများသည် ရှုထောင့်ပေါင်းစုံဖြင့်အကျုံးဝင်သင့်ပါသည်။ဝန်ထမ်းများပါဝင်ဖွဲ့စည်းမှုသည်ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ၏ သဘောသဘာဝအတိုင်းဖြစ်သင့်ပါသည်။

၂။ လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများသည် ၎င်းတို့၏ဆောင်ရွက်မှုများကို လုပ်ငန်းရှိအခြားသော ဝန်ဆောင်မှုများနှင့် ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

၃။ လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများနှင့် ကျန်းမာရေး ဝန်ဆောင်မှုများ ဖြည့်ဆည်းဆောင်ရွက်ပေးသည့် အခြားသော အဖွဲ့အစည်းများနှင့် လျော်ကန်သလို သေချာလုံလောက်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်စေရန်အတွက် နိုင်ငံ၏ ဥပဒေနှင့်

အလေ့အကျင့်များနှင့်အညီ ဆောင်ရွက်မှုများကိုလုပ်ဆောင်ရမည်။

**အပိုဒ် (၁၀)** အပိုဒ် ၅ တွင် ဖော်ပြထားသည့်အရာများကို ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍၊ အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များရှိသည့် အနေအထားမျိုးတွင် လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများ ဖြည့်ဆည်းဆောင်ရွက်သည့် ဝန်ထမ်းများသည် အလုပ်ရှင်များ၊ အလုပ်သမားများနှင့် ယင်းတို့၏ကိုယ်စားများ၏ လွှမ်းမိုးမှုမှကင်းလွတ်ပြီး ကျွမ်းကျင်မှုအပြည့်အဝရှိသူများဖြစ်ရပါမည်။

**အပိုဒ် (၁၁)** လုပ်ဆောင်ရမည့်တာဝန်ဝတ္တရားများ၏ သဘောသဘာဝနှင့် နိုင်ငံ၏ ဥပဒေနှင့် အလေ့အကျင့်များနှင့်အညီ၊ လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများ ဖြည့်ဆည်းဆောင်ရွက်ပေးသည့် ဝန်ထမ်းများအတွက် လိုအပ်သည့်အရည်အချင်းများကို အခွင့်ရအာဏာပိုင်က ဆုံးဖြတ်သတ်မှတ်ရမည်။

**အပိုဒ် (၁၂)** အလုပ်နှင့်ဆက်စပ်ပြီး အလုပ်သမားများ၏ ကျန်းမာရေးကို စောင့်ကြပ်ကြည့်ရှုခြင်းသည် ၎င်းတို့အတွက် စောင့်ကြပ်ကြည့်ရှုခြင်းကြောင့် ၎င်းတို့၏ ဝင်ငွေများဆုံးရှုံးမှုမပါရှိစေဘဲ၊ အလုပ်ချိန်များအတွင်းတွင် အခမဲ့နှင့် အတတ်နိုင်ဆုံး ဆောင်ရွက်ပေးရမည်။

**အပိုဒ် (၁၃)** အလုပ်တွင်ရှိနေသည့် ကျန်းမာရေးကိုထိခိုက်စေသည့် ဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး၊ အလုပ်သမားအားလုံးကို အသိပေးအကြောင်းကြားရမည်။

**အပိုဒ် (၁၄)** အလုပ်ရှင်နှင့် အလုပ်သမားများသည် အလုပ်သမားများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သော လုပ်ငန်းခွင်ဝန်းကျင်ရှိ သိရှိထားသည့် အကြောင်းခြင်းရာ မှန်သမျှနှင့် သံသယဖြစ်ဖွယ်ရာ အကြောင်းခြင်းရာ မှန်သမျှကို လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများထံ အသိပေး အကြောင်းကြားရမည်။

**အပိုဒ် (၁၅)** နာမကျန်းဖြစ်ခြင်းနှင့် အလုပ်ပျက်ကွက်ခြင်းကို ဖြစ်ပေါ်စေသည့် အကြောင်းခြင်းရာများနှင့် လုပ်ငန်းခွင်တွင်ရှိနေနိုင်သော ကျန်းမာရေးကို ထိခိုက်စေသည့် ဘေးအန္တရာယ်များအကြား ဆက်နွယ်မှုကို ခွဲခြားသတ်မှတ်ဖော်ထုတ်နိုင်ရန်အတွက် အလုပ်သမားများ အကြား နာမကျန်းဖြစ်မှုများနှင့် ကျန်းမာရေးကြောင့် အလုပ်ပျက်ကွက်ရသည့် အကြောင်းရင်းများနှင့်ပတ်သက်ပြီး လုပ်ငန်းခွင်ကျန်းမာရေး ဝန်ဆောင်မှုများထံ အသိပေးအကြောင်းကြားရမည်။ အလုပ်ရှင်သည် အလုပ်သမားများ အလုပ်မှ ပျက်ကွက်ရသည့် အကြောင်းရင်းများနှင့်ပတ်သက်ပြီး မှန်ကန်ကြောင်း ကျန်းမာရေးဝန်ဆောင်မှုများကို အတည်ပြုခိုင်းခြင်း မပြုလုပ်စေရ။

## အပိုင်း (၅) – အထွေထွေသတ်မှတ်ပြဋ္ဌာန်းချက်များ

**အပိုဒ် (၁၆)** လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများ ချမှတ်ဖွဲ့စည်းတည်ထောင်ပြီးသည်နှင့် နိုင်ငံ၏ ဥပဒေများ သို့မဟုတ် စည်းမျဉ်းများသည် ယင်းဝန်ဆောင်မှုများ လုပ်ငန်းဆောင်ရွက်မှုအား ကြီးကြပ်ရန်နှင့် အကြံဉာဏ်များပေးရန် တာဝန်ရှိသော အာဏာပိုင် သို့မဟုတ် အာဏာပိုင်များကို တာဝန်ပေးအပ်ရမည်။

**အပိုဒ် (၁၇)** ဤပြဋ္ဌာန်းချက်အား အတည်ပြုလက်မှတ်ရေးထိုးခြင်းကို မှတ်ပုံတင်ရန်အလို့ငှာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၏ ညွှန်ကြားရေးမှူးချုပ်ထံသို့ ဆက်သွယ်ပေးပို့ရမည်။

**အပိုဒ် (၁၈)** ၁။ ဤပြဋ္ဌာန်းချက်ကိုလိုက်နာရန်တာဝန်သည် မိမိတို့၏အတည်ပြုလက်မှတ်ရေးထိုးမှုများကို အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာရုံး၏ ညွှန်ကြားရေးမှူးချုပ်ထံ၌ မှတ်ပုံတင်ပြီးသော အဖွဲ့ဝင်နိုင်ငံများ၌သာလျှင် ရှိစေရမည်။

၂။ ယင်းသည် အဖွဲ့ဝင်နိုင်ငံ နှစ်နိုင်ငံ၏ အတည်ပြုလက်မှတ်ရေးထိုးမှုများအား ညွှန်ကြားရေးမှူးချုပ်ထံ၌ မှတ်ပုံတင်သည့်နေ့ရက်မှ နောက် (၁၂) လ လွန်မြောက်သောအခါ အာဏာသက်ဝင်စေရမည်။

၃။ ထို့နောက်တွင် အဖွဲ့ဝင်နိုင်ငံတစ်ခုခုအတွက် ယင်း၏ အတည်ပြုလက်မှတ်ရေးထိုးမှုကို မှတ်ပုံတင်သည့် နေ့ရက်မှ နောက် (၁၂) လွန်မြောက်သောအခါ အာဏာသက်ဝင်စေရမည်။

**အပိုဒ် (၁၉)** ၁။ ဤပြဋ္ဌာန်းချက်ကို အတည်ပြုလက်မှတ်ရေးထိုးသော အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် ဤပြဋ္ဌာန်းချက် ဦးစွာအာဏာသက်ဝင်သည့်နေ့ရက်မှ (၁၀) တာကာလ လွန်မြောက်သောအခါ၊ ဤပြဋ္ဌာန်းချက်ကိုပယ်ဖျက်စွန့်လွှတ်ရန်အလို့ငှာမှတ်ပုံတင်ခြင်းအတွက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၏ ညွှန်ကြားရေးမှူးချုပ်ထံသို့ ဆက်သွယ်ပေးပို့နိုင်သည်။ ယင်းကဲ့သို့ ပယ်ဖျက်စွန့်လွှတ်ခြင်းသည် ယင်းအား မှတ်ပုံတင်သည့် နေ့ရက်မှ နောက်တစ်နှစ်မလွန်မြောက်မီ အကျိုးသက်ရောက်မှု မရှိစေရ။

၂။ ဤပြဋ္ဌာန်းချက်ကို အတည်ပြုလက်မှတ်ရေးထိုးသော အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပိုဒ်၏ အထက်ပါစာပိုဒ်တွင် ဖော်ပြထားသည့်အတိုင်း (၁၀) နှစ်တာကာလကျော်လွန်ပြီး နောက်တစ်နှစ်အတွင်း ဤအပိုဒ်တွင် ထည့်သွင်းဖော်ပြထားသည့် လက်ခံကျင့်သုံးမှုအား ပယ်ဖျက်စွန့်လွှတ်ခြင်းကို မကျင့်သုံးသော်၊ နောက်ထပ် (၁၀) နှစ်တာကာလအတွက် ဤပြဋ္ဌာန်းချက်ကို လိုက်နာရန် တာဝန်ရှိစေရမည့်အပြင်၊ ထိုမှနောက်တွင် ဤအပိုဒ်တွင် ထည့်သွင်းပေးထားသည့် စည်းကမ်းချက်များအရ၊ (၁၀) တာကာလတစ်ခုစီလွန်မြောက်သည့် အခါတိုင်း၌ ဤပြဋ္ဌာန်းချက်ကို ပယ်ဖျက်စွန့်လွှတ်နိုင်သည်။

**အပိုဒ် (၂၀)** ၁။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၏ ညွှန်ကြားရေးမှူးချုပ်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ အဖွဲ့ဝင်နိုင်ငံများ၏ အတည်ပြုလက်မှတ်ရေးထိုးခြင်းများ၊ ကြေညာချက်များနှင့်ပယ်ဖျက်စွန့်လွှတ်ခြင်းများအားလုံးနှင့် စပ်လျဉ်းသည့် မှတ်ပုံတင်ခြင်းများအတွက် ၎င်းထံဆက်သွယ် အကြောင်းကြားမှုအားလုံးကို အဖွဲ့ဝင်နိုင်ငံများအားလုံးထံ အသိပေးအကြောင်းကြားရမည်။

၂။ ၎င်းထံသို့ ဆက်သွယ်ပေးပို့သည့် ဒုတိယအကြိမ် အတည်ပြုလက်မှတ်ရေးထိုးမှုအား မှတ်ပုံတင်ခြင်းကို အဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများထံ အကြောင်းကြားသောအခါ ညွှန်ကြားရေးမှူးချုပ်သည် ယင်းအဖွဲ့၏ အဖွဲ့ဝင်များအား ဤပြဋ္ဌာန်းချက် အာဏာသက်ဝင်မည့် နေ့ရက်ကို သတိမူမိကြစေရန် ဆောင်ရွက်ရမည်။

**အပိုဒ် (၂၁)** အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၏ ညွှန်ကြားရေးမှူးချုပ်သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အပိုဒ် ၁၀၂ နှင့်အညီ မှတ်ပုံတင်သွင်းရန်အလို့ငှာ အထက်ဖော်ပြပါအပိုဒ်များတွင် ပါရှိသည့် စည်းကမ်းချက်များနှင့်အညီ၄င်းမှတ်ပုံတင်ထားသည့်အားလုံးသော အတည်ပြုလက်မှတ်ရေးထိုးမှုများ၊ ကြေညာချက်များနှင့် ပယ်ဖျက်စွန့်လွှတ်ခြင်းဆိုင်ရာ ကိစ္စဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့် အချက်အလက် အပြည့်အစုံကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံသို့ ဆက်သွယ်ပေးပို့ရမည်။

**အပိုဒ် (၂၂)** ယင်းက လိုအပ်သည်ဟုယူဆသည့် အချိန်အခါများ၌ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာရုံး၏ အုပ်ချုပ်မှုအဖွဲ့သည် ဤပြဋ္ဌာန်းချက်နှင့်စပ်လျဉ်းသည့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အစီရင်ခံစာတစ်စောင်ကို အထွေထွေညီလာခံသို့ တင်ပြရမည်ဖြစ်သည့်အပြင်၊ ဤပြဋ္ဌာန်းချက်အလုံးစုံကိုဖြစ်စေ သို့မဟုတ် တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ပြင်တည်းဖြတ်ဆောင်ရွက်ရေးကိစ္စအား ညီလာခံအစည်းအဝေးအစီအစဉ်၌ ထည့်သွင်းလိုခြင်းရှိ မရှိ စိစစ်ရမည်။

**အပိုဒ် (၂၃)** ၁။ ညီလာခံက ဤပြဋ္ဌာန်းချက်တစ်ခုလုံးကိုဖြစ်စေ သို့မဟုတ် ပြင်ဆင်တည်းဖြတ်ကာ ပြဋ္ဌာန်းချက်အသစ်တစ်ခုကို ချမှတ်အတည်ပြုလျှင် ပြဋ္ဌာန်းချက်အသစ်က အခြားမည်သို့မျှ မဆိုပါက –

(က) ဤပြဋ္ဌာန်းချက်၏ အထက်အပိုဒ် ၁၉ တွင် မည်သို့သတ်မှတ်ပြဋ္ဌာန်းထားစေကာမူ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက ပြင်ဆင်တည်းဖြတ်ထားသော ပြဋ္ဌာန်းချက်အသစ်ကို အတည်ပြုလက်မှတ်ရေးထိုးခြင်းသည် ပြဋ္ဌာန်း

ချက်အသစ် အာဏာသက်ဝင်လာလျှင်ဖြစ်စေ၊ အာဏာသက်ဝင်လာသောအခါ၌ဖြစ်စေ၊ ဤပြဋ္ဌာန်းချက်အား ယင်းတရားဥပဒေ သဘောကြောင့်ပင်လျှင် ချက်ချင်း ပယ်ဖျက်စွန့်လွှတ်ရာရောက်စေရမည်။

(ခ) ပြင်ဆင်တည်းဖြတ်ထားသော ပြဋ္ဌာန်းချက်အသစ် အာဏာသက်ဝင်သည့်နေ့ရက်မှ အစပြု၍ ဤပြဋ္ဌာန်းချက်ကို အဖွဲ့ဝင်များအတည်ပြုလက်မှတ်ရေးထိုးရန် ဖွင့်လှစ်ထားသည့်အဖြစ်မှ ရပ်ဆိုင်းစေရမည်။

၂။ ဤပြဋ္ဌာန်းချက်ကို အတည်ပြုလက်မှတ်ရေးထိုးပြီးဖြစ်သော်လည်း ပြင်ဆင်တည်းဖြတ်ထားသော ပြဋ္ဌာန်းချက်အား အတည်ပြုလက်မှတ်မရေးထိုးရသေးသော အဖွဲ့ဝင်နိုင်ငံများအတွက် ဤပြဋ္ဌာန်းချက်သည် ပကတိရှိရင်းစွဲပါဝင်သည့် သတ်မှတ်ချက်များအတိုင်း အာဏာတည်လျက်ရှိစေရမည်။

**အပိုဒ် (၂၄)** အင်္ဂလိပ်နှင့် ပြင်သစ်ဘာသာစကားတို့ဖြင့် ရေးသားထားသည့် ဤပြဋ္ဌာန်းချက်ပါ အကြောင်းအရာများသည် တူညီသောအာဏာသက်ရောက်မှုရှိကြသည်။

# ၈။ လုပ်ငန်းခွင် ကျန်းမာရေးဝန်ဆောင်မှုများဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၁၉၈၅ ခုနှစ် (အမှတ် - ၁၇၁)

## နိဒါန်း

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ အထွေထွေညီလာခံကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၏ အုပ်ချုပ်မှုအဖွဲ့ကကြီးမှူးလျက်၊ ဂျီနီဗာမြို့တွင် ၁၉၈၅ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ၇၁ ကြိမ်မြောက် ကျင်းပပြုလုပ်ရာ၊

အလုပ်သမားအား အလုပ်အကိုင်ကြောင့်ဖြစ်ပေါ်လာသည့် နာမကျန်းမှု၊ ရောဂါဘယနှင့်ထိခိုက်ဒဏ်ရာရရှိမှုတို့မှကာကွယ်စောင့်ရှောက်ခြင်းသည်ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အား ပေးအပ်ထားသည့် တာဝန်ဝတ္တရားများထဲမှတစ်ခုဖြစ်ကြောင်းကို မှတ်သား၍လည်းကောင်း၊

သက်ဆိုင်ရာအပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာပြဋ္ဌာန်းချက်များနှင့်အကြံပြုတိုက်တွန်းချက်များ၊အထူးသဖြင့်အမျိုးသားအဆင့်တွင်အမျိုးသားမူဝါဒနှင့်ဆောင်ရွက်မှုဆိုင်ရာ မူသဘောတရားများကို ချမှတ်ထားသည့် အလုပ်သမားများ၏ ကျန်းမာရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အကြံပြုတိုက်တွန်းချက် (၁၉၅၃ ခုနှစ်)၊ လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများဆိုင်ရာ အကြံပြုတိုက်တွန်းချက် (၁၉၅၉ ခု နှစ်)၊ အလုပ်သမားများ၏ ကိုယ်စားလှယ်များဆိုင်ရာ ပြဋ္ဌာန်းချက် (၁၉၇၁ ခုနှစ်) နှင့် လုပ်ငန်းခွင်ဘေး အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက် နှင့် အကြံပြုတိုက်တွန်းချက် (၁၉၈၁ ခုနှစ်) တို့နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၏ အုပ်ချုပ်မှုအဖွဲ့က လက်ခံအတည်ပြုထားသည့် နိုင်ငံတကာတွင်

အခြေစိုက်သည့် ကုမ္ပဏီကြီးများနှင့် လူမှုရေးဆိုင်ရာမူဝါဒများနှင့်စပ်လျဉ်းသည့် မူသဘောတရားများနှင့် သက်ဆိုင်သည့် သုံးပွင့်ဆိုင်ကြေညာချက်တို့ကို မှတ်သား၍လည်းကောင်း၊

အစည်းအဝေး၏ အစီအစဉ် (၄) တွင်ပါရှိသော လုပ်ငန်းခွင်ကျန်းမာရေး ဝန်ဆောင်မှုများနှင့်စပ်လျဉ်းသည့် အဆိုပြုချက်အချို့တို့ကို လက်ခံအတည်ပြုရန် ဆုံးဖြတ်ချက်ချမှတ်၍လည်းကောင်း၊

ယင်းအဆိုပြုချက်များကို လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများဆိုင်ရာ ပြဋ္ဌာန်းချက် (၁၉၈၅) ကို ဖြည့်စွက်သည့် အကြံပြုတိုက်တွန်းချက်ပုံစံတစ်ရပ်အဖြစ် လက်ခံအတည်ပြုရန် ဆုံးဖြတ်ချက်ချမှတ်၍ လည်းကောင်း၊

၁၉၈၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများဆိုင်ရာ အကြံပြုတိုက်တွန်းချက်အဖြစ် ညွှန်းဆိုနိုင်သည့် အောက်ပါအကြံပြုတိုက်တွန်းချက်ကို လက်ခံအတည်ပြုလိုက်သည်။

## အပိုင်း (၁) – အမျိုးသားမူဝါဆိုင်ရာ မူသဘောတရားများ

၁။ နိုင်ငံ၏ အခြေအနေများနှင့် အလေ့အကျင့်များအရ၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ တည်ရှိသည့်အနေအထားမျိုးတွင် အလုပ်ရှင်၊ အလုပ်သမားများ၏ ကိုယ်စားပြုမှုအများဆုံးဖြစ်သည့် အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးလျက်၊ အဖွဲ့ဝင်နိုင်ငံတိုင်းသည် လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ ကိုက်ညီမှုရှိသော အမျိုးသားမူဝါဒတစ်ရပ်ကို ပုံဖော်ချမှတ်ခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် အခါအားလျော်စွာ ပြန်လည်ဆန်းစစ်ခြင်းများ လုပ်ဆောင်ရမည်။ ယင်းအမျိုးသားမူဝါဒတွင် ယင်းဝန်ဆောင်မှုများ၏ ဆောင်ရွက်ချက်များ၊ အဖွဲ့အစည်းနှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို ထိန်းချုပ်သည့် အထွေထွေမူသဘောတရားများ ပါဝင်သင့်သည်။

၂။ (၁) အဖွဲ့ဝင်နိုင်ငံတိုင်းသည် ပြည်သူပိုင်ကဏ္ဍရှိ အလုပ်သမားများနှင့် ကုန်ထုတ်လုပ်မှု သမဝါယမအသင်းအဖွဲ့များ၏ အဖွဲ့ဝင်များ၊ စီးပွား

ရေး လုပ်ငန်းခွဲအားလုံးနှင့် လုပ်ငန်းအားလုံးရှိ အလုပ်သမားများ အပါအဝင် အလုပ်သမားအားလုံးအတွက် လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများကို အဆင့်ဆင့်တိုးတက်ကောင်းမွန်လာစေရန် တာဝန်ယူဆောင်ရွက်ရမည်။ လုပ်ဆောင်ထားသည့် ဖြည့်ဆည်းပံ့ပိုးမှုသည် လုပ်ငန်းရှိ အန္တရာယ်ဖြစ်နိုင်မှု အခြေအနေများအတွက် လုံလောက်ပြီးလျော်ကန်မှုရှိစေရမည်။

(၂) လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများဆိုင်ရာ ပြဋ္ဌာန်းချက် (၁၉၈၅ ခုနှစ်) နှင့် ဤအကြံပြုတိုက်တွန်းချက်တွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် အလားတူကာကွယ်စောင့်ရှောက်မှုကို ကိုယ်ပိုင်အလုပ် လုပ်ကိုင်သူများအား ဆောင်ကြဉ်းပေးရန်လိုအပ်ပြီး လက်တွေ့ကျသည့် အနေအထားတွင်ရှိသောကြောင့် ထိုကဲ့သို့သော ဆောင်ရွက်မှုများအတွက် ဖြည့်ဆည်းဆောင်ရွက်သင့်သည်။

# အပိုင်း (၂) – ဆောင်ရွက်ချက်များ

၃။ လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများ၏ အခန်းကဏ္ဍသည် မရှိမဖြစ်လိုအပ်သည့် ကြိုတင်တားဆီး ကာကွယ်မှုအနေအထားဖြစ်သင့်သည်။

၄။ လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများသည် အထူးသဖြင့် လုပ်ငန်းခွင်ဝန်းကျင်တွင်ဖြစ်ပေါ်သည့်ဘေးအန္တရာယ်များနှင့်သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းခွဲများ ကြုံတွေ့ရသည့် တိကျသည့်အခက်အခဲပြဿနာများကို ထည့်သွင်းစဉ်းစားလျက်၊ ၎င်းတို့ဝန်ဆောင်မှုပေးနေသည့် လုပ်ငန်း သို့မဟုတ် လုပ်ငန်းများနှင့် လိုက်လျောညီထွေဖြစ်မည့် လုပ်ဆောင်မှုအစီအစဉ်ကို ချမှတ်ဆောင်ရွက်သင့်သည်။

## (က) လုပ်ငန်းခွင်ဝန်းကျင်အား စောင့်ကြပ်ကြည့်ရှုခြင်း

၅။ (၁) လုပ်ငန်းခွင်ဝန်းကျင်အား စောင့်ကြပ်ကြည့်ရှုရာတွင် အောက်ပါတို့ ပါဝင်သင့်သည် –

(က) အလုပ်သမားများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာအကြောင်းခြင်းရာများကို ခွဲခြားသတ်မှတ်ဖော်ထုတ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း၊

(ခ) လုပ်ငန်းခွင်ဆိုင်ရာ တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး အခြေအနေများနှင့် အလုပ်သမားများ၏ ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်ပေါ်စေနိုင်သော အလုပ်အကိုင်အဖွဲ့အစည်းတွင် တည်ရှိနေသည့် အကြောင်းခြင်းရာများကို အကဲဖြတ်ဆန်းစစ်ခြင်း၊

(ဂ) စုပေါင်းနှင့် တစ်ကိုယ်ရေ ကာကွယ်ရေးပစ္စည်းကိရိယာများအား အကဲဖြတ်ဆန်းစစ်ခြင်း၊

(ဃ) လျော်ကန်သည့်အနေအထားတွင် ခိုင်မာပြီး ယေဘုယျလက်ခံထားသည့် စောင့်ကြည့်လေ့လာရေး နည်းစနစ်များအားဖြင့် ဘေးအန္တရာယ်ရှိသည့် ရောဂါပိုးသယ်ဆောင်သော အရာများအား အလုပ်သမားများ ထိတွေ့နိုင်မှုနှင့်ပတ်သက်ပြီး အကဲဖြတ်ဆန်းစစ်ခြင်း၊

(င) ရောဂါပိုးသယ်ဆောင်သည့်အရာများနှင့် ထိတွေ့မှုများကို ဖယ်ရှားပစ်ရန် သို့မဟုတ် လျော့နည်းသွားစေရန်အတွက် ဒီဇိုင်းပုံဖော်ထားသည့် ထိန်းချုပ်ရေးစနစ်များကို အကဲဖြတ်ဆန်းစစ်ခြင်း။

(၂) လုပ်ငန်းတွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မတီများတည်ရှိသည့်အနေအထားတွင် ထိုကဲ့သို့သော စောင့်ကြပ်ကြည့်ရှုခြင်းကို လုပ်ငန်းရှိအခြားသော နည်းပညာဆိုင်ရာဝန်

ဆောင်မှုများနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း၊လုပ်ငန်းရှိသက်ဆိုင်ရာ အလုပ်သမားများနှင့် ယင်းတို့၏ ကိုယ်စားလှယ်များ သို့မဟုတ် ဘေး အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှု များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်သင့်သည်။

၆။ (၁) နိုင်ငံ၏ ဥပဒေနှင့် အလေ့အကျင့်များနှင့်အညီ၊ လုပ်ငန်းခွင်ဝန်းကျင် အား စောင့်ကြပ်ကြည့်ရှုခြင်းမှ ထွက်ပေါ်လာသည့် အချက်အလက် များကို လျော်ကန်သည့်အနေအထားဖြင့် မှတ်တမ်းတင်ထားရှိသင့် ပြီး ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မတီ များ တည်ရှိသည့်အနေအထားတွင် ယင်းမှတ်တမ်းကို သက်ဆိုင်ရာ လုပ်ငန်းရှိ အလုပ်ရှင်၊ အလုပ်သမားများနှင့် ယင်းတို့၏ ကိုယ်စား လှယ်များ သို့မဟုတ် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆိုင်ရာ ကော်မတီများ အဆင်သင့် ရရှိအောင်လုပ်ဆောင်သင့်သည်။

(၂) လုပ်ငန်းခွင်ဝန်းကျင်နှင့် အလုပ်သမားများ၏ ကျန်းမာရေးနှင့် ဘေး အန္တရာယ်ကင်းရှင်းရေး တိုးတက်ကောင်းမွန်စေရေးနှင့် သက်ဆိုင် သည့် ဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး လမ်းညွှန်မှုနှင့် အကြံဉာဏ် များ ဖြည့်ဆည်းပံ့ပိုးပေးရန်အတွက် ဤအချက်အလက်များကို အခြေခံလျှို့ဝှက်ချက်အနေဖြင့် အသုံးပြုသင့်သည်။

(၃) အခွင့်ရအာဏာပိုင်သည် ဤအချက်အလက်များကို ရရှိနိုင်သည့် အနေအထားတွင် ရှိသင့်သည်။ ယင်းလုပ်ငန်းခွင် ကျန်းမာရေးဝန် ဆောင်မှုသည် လုပ်ငန်းရှိအလုပ်ရှင်နှင့် အလုပ်သမားများ သို့မဟုတ် ယင်းတို့၏ ကိုယ်စားလှယ်များ သဘောတူညီချက်ဖြင့် သို့မဟုတ် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီတည်ရှိသည့် အနေအထားတွင် ယင်းကော်မတီ သဘောတူညီချက်ဖြင့်သာ ထိုအ ချက်အလက်များကို အခြားသူများအား ဆက်သွယ်ပေးပို့နိုင်မည် ဖြစ်သည်။

၇။ လုပ်ငန်းခွင်ရှိ အလုပ်သမားများ၏ ကျန်းမာရေး၊ ဝန်းကျင်ဆိုင်ရာကျန်းမာရေး အခြေအနေများနှင့် အလုပ်အကိုင်အခြေအနေများကို ထိခိုက်စေနိုင်သည့် လုပ်ငန်းခွင် ဝန်းကျင်ရှိ အကြောင်းခြင်းရာများကို စစ်ဆေးရန်လိုအပ်နိုင်သည် ဖြစ်သောကြောင့် လုပ်ငန်းခွင်ဝန်ကျင်အား စောင့်ကြပ်ကြည့်ရှုခြင်းသည် လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများ ဖြည့်ဆည်းဆောင်ရွက်သည့် ဝန်းထမ်းများက သွားရောက်ကြည့်ရှုခြင်းများ လုပ်ဆောင်ရန်လိုအပ်သည်။

၈။ လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများသည် –

(က) လိုအပ်သည့်အချိန်တွင် ကျန်းမာရေးအတွက် အထူးဘေးအန္တရာယ် ဖြစ်စေသောအရာများကို အလုပ်သမားများ ထိတွေ့ရမှုကို စောင့်ကြည့်လေ့လာမှု ပြုလုပ်သင့်သည်။

(ခ) ရေးဆိုးထုတ် သန့်ရှင်းရေးပစ္စည်းကိရိယာများ တပ်ဆင်ခြင်းနှင့် အလုပ်ရှင်က ဖြည့်ဆည်းပံ့ပိုးပေးထားပါက၊ သောက်ရေ၊ လုပ်ငန်းတွင်း စားသောက်ဆိုင်များနှင့် နေထိုင်ရာ နေရာများကဲ့သို့သော အလုပ်သမားများအတွက် အခြားသော အထောက်အပံ့ပစ္စည်းများကို ကြီးကြပ်သင့်သည်။

(ဂ) နည်းပညာများ အသုံးပြုခြင်းနှင့်ပတ်သက်ပြီး အလုပ်သမားများ၏ ကျန်းမာရေးအပေါ် သက်ရောက်မှုရှိနိုင်မှုနှင့်စပ်လျဉ်း၍ အကြံဉာဏ်ပေးသင့်သည်။

(ဃ) လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ်များမှ အလုပ်သမားများ၏ တစ်ကိုယ်ရေကာကွယ်ခြင်းအတွက် လိုအပ်သော ပစ္စည်းကိရိယာများ ရွေးချယ်မှုတွင် ပါဝင်ပြီး၊ အကြံဉာဏ်ပေးသင့်သည်။

(င) အလုပ်အကိုင်နှင့် အလုပ်သမားများ ပိုမိုကောင်းမွန်စွာဆီလျော်မှု ရှိစေရန် ရည်ရွယ်လျက်၊ အလုပ်အကိုင်စိစစ်စိတ်ဖြာမှု၊ အလုပ်အကိုင် အဖွဲ့အစည်းနှင့် အလုပ်နှင့်သက်ဆိုင်သည့် နည်းစနစ်များကို လေ့လာရာတွင် ပူးပေါင်းဆောင်ရွက်သင့်သည်။

(စ) လုပ်ငန်းခွင်ဆိုင်ရာမတော်တဆဖြစ်မှုများ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါဘယများနှင့် မတော်တဆဖြစ်မှုများ ကြိုတင်တားဆီးကာကွယ်ရေးဆိုင်ရာ အစီအစဉ်များတွင် ပါဝင်သင့်သည်။

၉။ လျော်ကန်သည့် အနေအထားတွင် အလုပ်ရှင်၊ အလုပ်သမားများနှင့် ယင်းတို့၏ ကိုယ်စားလှယ်များကို အသိပေးအကြောင်းကြားပြီးနောက်တွင်၊ လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများကို ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်သည့် ဝန်ထမ်းများသည် –

(က) လုပ်ငန်းခွင်နေရာအားလုံးနှင့် အလုပ်သမားများအတွက် လုပ်ငန်းက ဖြည့်ဆည်းပံ့ပိုးပေးသည့် တပ်ဆင်ထားမှုများအားလုံးကို လွတ်လပ်စွာ သွားရောက်ကြည့်ရှုပိုင်ခွင့်ရှိသင့်သည်။

(ခ) လေ့လာမှုပြုလုပ်နိုင်ပြီး၊ အလုပ်သမားများ၏ ကျန်းမာရေးကို မထိခိုက်စေသော လျှို့ဝှက်သတင်းအချက်အလက်များအား လျှို့ဝှက်ထားထိန်းသိမ်းထားရမည့် အနေအထားအရ၊ လုပ်ငန်းစဉ်များ၊ ဆောင်ရွက်မှုစံချိန်စံညွှန်းများ၊ ထုတ်ကုန်စွည်းများ၊ အသုံးပြုသည့် ရုပ်ဝတ္ထုပစ္စည်းများနှင့် အရာဝတ္ထုပစ္စည်းများ သို့မဟုတ် မည်သူအသုံးပြုကြောင်း မှန်းဆမှုတို့နှင့်ဆိုင်သည့် သတင်းအချက်အလက်များကို ရရှိပိုင်ခွင့်ရှိသင့်သည်။

(ဂ) ထုတ်ကုန်စွည်းများ၊ အသုံးပြုသော သို့မဟုတ် ကိုင်တွယ်ထိန်းချုပ်သော ရုပ်ဝတ္ထုပစ္စည်းများနှင့် အရာဝတ္ထုပစ္စည်းများ၏ နမူနာပုံစံများကို စိစစ်စိတ်ဖြာရန် ရည်ရွယ်ချက်အတွက် လုပ်ဆောင်နိုင်စွမ်းရှိသင့်သည်။

၁၀။ အလုပ်သမားများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် ဥပဒေအရ တာဝန်ရှိသောအလုပ်အကိုင်လုပ်ငန်းစဉ်သို့မဟုတ်အလုပ်အကိုင်အခြေအနေများနှင့်ပတ်သက်ပြီး အဆိုပြုထားသော ပြုပြင်မွမ်းမံထားမှုများနှင့် စပ်လျဉ်း၍၊ လုပ်ငန်းခွင်ကျန်းမာရေး ဝန်ဆောင်မှုများကို တိုင်ပင်ဆွေးနွေးသင့်သည်။

## (ခ) အလုပ်သမားများ၏ကျန်းမာရေးကို စောင့်ကြပ်ကြည့်ရှုခြင်း

၁၁။ (၁) အခွင့်ရအာဏာပိုင်က သတ်မှတ်ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များနှင့် အခြေအနေများအရ၊ အလုပ်သမားများ၏ ကျန်းမာရေးကို စောင့်ကြပ်ကြည့်ရှုခြင်းတွင် အလုပ်သမားများ၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ခြင်းအတွက် လိုအပ်သည့် အကဲဖြတ်ဆန်းစစ်မှုအားလုံး ပါဝင်သင့်သည်။ ယင်းတို့တွင် အောက်ဖော်ပြပါတို့ ပါဝင်နိုင်သည်။

(က) အလုပ်သမားများ၏ ကျန်းမာရေး သို့မဟုတ် အခြားသူများ၏ ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်စေသည့်အရာ ပါဝင်နိုင်သည့် လုပ်ငန်းတာဝန်များကို မပေးအပ်မီ အလုပ်သမားများ၏ ကျန်းမာရေးကို အကဲဖြတ်ဆန်းစစ်ခြင်း၊

(ခ) ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေသည့်အရာနှင့် ထိတွေ့မှုများပါဝင်သည့် အလုပ်ကို လုပ်ကိုင်နေစဉ်အချိန်ကာလအတွင်း ကြားကာလအချိန်တွင် အခါအားလျော်စွာ ကျန်းမာရေး အကဲဖြတ်ဆန်းစစ်ခြင်း၊

(ဂ) ဖြစ်နိုင်ဖွယ်ရာ လုပ်ငန်းခွင်နှင့်စပ်လျဉ်းသည့် အကြောင်းရင်းများကို ဆုံးဖြတ်သတ်မှတ်ရန် ရည်ရွယ်ချက်အတွက် ကျန်းမာရေးအကြောင်းပြချက်များကြောင့်အလုပ်မှအချိန်ကြာမြင့်စွာ ပျက်ကွက်ပြီးနောက် အလုပ်ပြန်လည် စတင်လုပ်ကိုင်ခြင်း၊ အလုပ်သမားများအား ကာကွယ်စောင့်ရှောက်ရန်အတွက် လျော်ကန်သည့်ဆောင်ရွက်မှုနှင့် ပတ်သက်သည့် အကြံပြုတိုက်တွန်းခြင်းကို ပြန်လည်စတင်ခြင်းနှင့် အလုပ်သမားနှင့် လုပ်ကိုင်မည့်အလုပ် ဆီလျော်မှုရှိခြင်းနှင့် အလုပ်တာဝန်ပြန်လည်ပေးအပ်ခြင်းနှင့် ပြန်လည်ထူထောင်မှုတို့အတွက် လိုအပ်မှုများနှင့်ပတ်သက်ပြီး ဆုံးဖြတ်သတ်မှတ်ခြင်းကို ပြန်လည်စတင်ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ကျန်းမာရေး အကဲဖြတ်ဆန်းစစ်ခြင်း၊

(ဃ) အနာဂတ်တွင် ကျန်းမာရေးထိခိုက်မှုကို ဖြစ်စေနိုင်သော သို့မဟုတ် ထိုသို့ထိခိုက်မှုဖြစ်စေရန် ဆောင်ကြဉ်းပေးနိုင်သော ဘေးအန္တရာယ်များပါဝင်သည့် လုပ်ငန်းတာဝန်ပေးအပ်မှုပြီးဆုံးခြင်းနှင့် ပြီးဆုံးပြီးနောက်တွင် ကျန်းမာရေးအကဲဖြတ်ဆန်းစစ်ခြင်း။

(၂) အလုပ်သမားများသီးသန့်တည်ရှိမှုကို ကာကွယ်စောင့်ရှောက်ရန်နှင့် ကျန်းမာရေးစောင့်ကြပ်ကြည့်ရှုခြင်းကို ခွဲခြားဆက်ဆံလိုသည့် ရည်ရွယ်ချက်များအတွက် အသုံးမပြုကြောင်း သို့မဟုတ် အလုပ်သမားများ၏ အကျိုးစီးပွားကို ယုတ်လျော့ထိခိုက်စေလိုသည့် အခြားသော အပြုအမူအနေအထားများဖြင့် လုပ်ဆောင်ခြင်းမဟုတ်ကြောင်း သေချာစေရန်အတွက် သတ်မှတ်ပြဋ္ဌာန်းချက်များကို လက်ခံအတည်ပြုသင့် သည်။

၁၂။ (၁) ဤအကြံပြုတိုက်တွန်းချက်၏စာပိုဒ် ၁၁ တွင်သတ်မှတ်ပြဋ္ဌာန်းထားသည့် ကျန်းမာရေးအကဲဖြတ်ဆန်းစစ်မှုများအပြင်၊ အလုပ်သမားများအနေဖြင့် လုပ်ငန်းခွင်ဆိုင်ရာ တိတိကျကျဖြစ်သော ဘေးအန္တရာယ်များနှင့် ထိတွေ့ရသည့် ကိစ္စရပ်မျိုး၌ လျော်ကန်သည့် အနေအထားမျိုးတွင် အလုပ်သမားများ၏ ကျန်းမာရေးကို စောင့်ကြပ်ကြည့်ရှုခြင်းတွင် ထိတွေ့မှုအဆင့်များနှင့် အစောပိုင်းဇီဝဆိုင်ရာ အကျိုးသက်ရောက်မှုနှင့် တုန့်ပြန်မှုတို့ကို ရှာဖွေတွေ့ရှိရန် လိုအပ်နိုင်သည့် စစ်ဆေးမှုနှင့် စုံစမ်းမှုမှန်သမျှ ပါဝင်သင့်သည်။

(၂) တိတိကျကျဖြစ်သော လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ်ထိတွေ့မှုကြောင့် ကျန်းမာရေးအပေါ် သက်ရောက်မှုများအား အစောပိုင်းရှာဖွေတွေ့ရှိနိုင်မှုအတွက် အလုပ်သမား၏ ကျန်းမာရေးနှင့်စပ်လျဉ်း၍ ခိုင်လုံပြီး ယေဘုယျလက်ခံထားသည့် ဇီဝဆိုင်ရာ စောင့်ကြည့်လေ့လာမှုနည်းစနစ်တည်ရှိသည့်အခါတွင် အလုပ်သမားတစ်ဦးချင်းစီ၏ သဘောတူညီချက်အရ၊ ကျန်းမာရေးစစ်ဆေးမှုအသေးစိတ်လိုအပ်

သည့် အလုပ်သမားများကို ခွဲခြားသတ်မှတ်ဖော်ထုတ်ရန်အတွက် ယင်းနည်းစနစ်ကို အသုံးပြုနိုင်ပါသည်။

၁၃။ အလုပ်သမားများအကြား နာမကျန်းဖြစ်မှုနှင့် ကျန်းမာရေးဆိုင်ရာ အကြောင်းပြချက်များကြောင့် အလုပ်ပျက်ကွက်မှုများနှင့်ပတ်သက်ပြီး လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများအား အသိပေးအကြောင်းကြားသင့်သည်။ ထိုသို့အားဖြင့်၊ နာမကျန်းဖြစ်မှု သို့မဟုတ် အလုပ်ပျက်ကွက်မှုတို့နှင့်ဆိုင်သည့် အကြောင်းပြချက်များအကြား ဆက်နွယ်မှုမှန်သမျှနှင့် လုပ်ငန်းခွင်တွင် တည်ရှိနေနိုင်သည့် ကျန်းမာရေးကိုထိခိုက်စေသည့် ဘေးအန္တရာယ်မှန်သမျှတို့ကို ခွဲခြားသတ်မှတ်ဖော်ထုတ်နိုင်စွမ်းရှိမည် ဖြစ်ပါသည်။ အလုပ်မှ ပျက်ကွက်သည့်အကြောင်းပြချက်များ မှန်ကန်ကြောင်းအတည်ပြုပေးရန်အတွက် အလုပ်ရှင်သည် လုပ်ငန်းခွင် ကျန်းမာရေးဝန်ဆောင်မှုများ ဖြည့်ဆည်းဆောင်ရွက်ပေးသည့် ဝန်ထမ်းများအား လုပ်ဆောင်စေသင့်သည်။

၁၄။ (၁) လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများသည် အလုပ်သမားများ၏ ကျန်းမာရေးနှင့်ပတ်သက်ပြီး၊ ကိုယ်ပိုင်ကျန်းမာရေးလျှို့ဝှက်ဖိုင်များဖြင့် မှတ်တမ်းတင်ထားရှိသင့်သည်။ ဤဖိုင်များတွင် အလုပ်သမားများ အလုပ်လုပ်ကိုင်ခဲ့သည့် အလုပ်အကိုင်အခြေအနေများနှင့် ဆိုင်သည့် သတင်းအချက်အလက်များ၊ ၎င်းတို့လုပ်ကိုင်သည့်အလုပ်တွင် ပါရှိနေသည့် လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ်များနှင့်ဆိုင်သည့် သတင်းအချက်အလက်များနှင့် ထိတွေ့မှုနှင့် ဤဘေးအန္တရာယ်များနှင့် အလုပ်သမားများထိ တွေ့မှုအား အကဲဖြတ်ဆန်းစစ်သည့်ရလဒ်မှန်သမျှနှင့်ဆိုင်သည့် သတင်းအချက်အလက်များလည်း ပါဝင်သင့်သည်။

(၂) လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများ ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးသည့် ဝန်ထမ်းများသည် ကျန်းမာရေးလျှို့ဝှက်ဖိုင်များတွင် ပါရှိသည့် သတင်းအချက်အလက်များသည် ၎င်းတို့လုပ်ဆောင်သည့် တာဝန်များနှင့် လိုက်လျောညီထွေဖြစ်ကြောင်း အနေအထားကို သိရှိ

နိုင်ရန်အတွက်သာ ယင်းကိုယ်ပိုင်ကျန်းမာရေးဖိုင်များကို ကြည့်ရှုနိုင်ခွင့်ရှိသင့်သည်။ ကိုယ်ပိုင်သတင်းအချက်အလက်များ ပါဝင်သော ဤဖိုင်များသည် ကျန်းမာရေးဆိုင်ရာ လျှို့ဝှက်ချက်များနှင့် အကျုံးဝင်သည့် အနေအထားမျိုးတွင် ဤကဲ့သို့သော ကြည့်ရှုနိုင်သည့် အခွင့်အလမ်းကို ကျန်းမာရေးဝန်ထမ်းများအတွက်သာ ထားရှိသင့်သည်။

(၃) ကျန်းမာရေးဆိုင်ရာ အကဲဖြတ်ဆန်းစစ်ချက်များနှင့် သက်ဆိုင်သည့် ကိုယ်ပိုင်အချက်အလက်များကို သက်ဆိုင်ရာအလုပ်သမားက အသိအမြင်များလျက် သဘောတူညီသည့်အခါမှသာလျှင် အခြားသူများကို ဆက်သွယ်ပေးပို့နိုင်သည်။

၁၅။ ကိုယ်ပိုင်ကျန်းမာရေးဖိုင်များကို အချိန်ကာလတစ်ခုအတွင်း သိမ်းဆည်းထားရမည့် အခြေအနေများ၊ ယင်းဖိုင်များကို ဆက်သွယ်ပေးပို့ခြင်း သို့မဟုတ် လွှဲပြောင်းပေးအပ်ခြင်း လုပ်ဆောင်ရမည့်အခြေအနေများနှင့် လျှို့ဝှက်သိမ်းဆည်းထားရန် လိုအပ်သည့် ဆောင်ရွက်မှုများ၊ အထူးသဖြင့် ယင်းဖိုင်များတွင်ပါဝင်သည့်သတင်းအချက်အလက်များကိုကွန်ပျူတာတွင်ထားရှိသည့်အခါမျိုးတွင်၊ နိုင်ငံ၏ အလေ့အကျင့်များနှင့်အညီ၊ ယင်းအခြေအနေများကို နိုင်ငံ၏ ဥပဒေများ သို့မဟုတ် စည်းမျဉ်းများ သို့မဟုတ် ခွင့်ရအာဏာပိုင်က သတ်မှတ်ပြဋ္ဌာန်းသင့်သည် သို့မဟုတ် အသိအမှတ်ပြုထားသည့် ကျင့်ဝတ်ဆိုင်ရာ လမ်းညွှန်ချက်အားဖြင့် ထိန်းချုပ်ထားရှိသင့်သည်။

၁၆။ (၁) တိကျသည့် ဘေးအန္တရာယ်ထိတွေ့မှုများရှိသည့် အလုပ်အတွက် ကျန်းမာကြံ့ခိုင်မှုရှိကြောင်း ဆုံးဖြတ်သတ်မှတ်ရန် ရည်ရွယ်ချက်အတွက်သတ်မှတ်ထားသည့်ကျန်းမာရေးစစ်ဆေးမှုကိုပြီးမြောက်အောင်လုပ်ဆောင်ခြင်းနှင့်ပတ်သက်ပြီး၊ ကျန်းမာရေးစစ်ဆေးမှု လုပ်ဆောင်သည့် ဆရာဝန်သည် ၎င်း၏ သုံးသပ်ချက်များကို အလုပ်သမားသာမက အလုပ်ရှင်ကိုပါ ဆက်သွယ်ပေးပို့သင့်သည်။

(၂) ဤသုံးသပ်ချက်များတွင် ကျန်းမာရေးစစ်ဆေးမှု သဘောသဘာဝနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ မပါဝင်သင့်ဘဲ၊ အဆို

ပြုထားသည့် အလုပ်တာဝန်အတွက် ကျန်းမာရေး ကောင်းမွန်မှုကို ညွှန်ပြခြင်း သို့မဟုတ် ကျန်းမာရေးအရ ယာယီ သို့မဟုတ် အမြဲတမ်း ဆိုးကျိုးဖြစ်စေမည့် အလုပ်အကိုင်အမျိုးအစား သို့မဟုတ် အလုပ်အကိုင်အခြေအနေများကို သတ်မှတ်ဖော်ပြနိုင်သည်။

၁၇။ အလုပ်အကိုင်တစ်ခုတွင် အလုပ်သမားဆက်လက်လုပ်ကိုင်နေမှုသည် ကျန်းမာရေးအကြောင်းပြချက်များအတွက် ဆိုးကျိုးဖြစ်ပေါ်စေသည့် အနေအထားတွင် ထိုအလုပ်သမားအတွက် လုပ်ငန်းရှိ အခြားရွေးချယ်စရာ အလုပ်ရရှိရန် သို့မဟုတ် အခြားသောလျော်ကန်သည့် အဖြေရရှိအောင် လုပ်ဆောင်ရာတွင် လုပ်ငန်းခွင်ကျန်းမာရေး ဝန်ဆောင်မှုအနေဖြင့် ပူးပေါင်းဆောင်ရွက်သင့်သည်။

၁၈။ အလုပ်သမား၏ ကျန်းမာရေးကို စောင့်ကြပ်ကြည့်ရှုခြင်းအားဖြင့် လုပ်ငန်းခွင်ဆိုင်ရာရောဂါတစ်ရပ်ကိုရှာဖွေတွေ့ရှိသောအခြေအနေတွင်၊နိုင်ငံ၏ဥပဒေနှင့် အလေ့အကျင့်များနှင့်အညီ၊ယင်းလုပ်ငန်းခွင်ဆိုင်ရာရောဂါကိုအခွင့်ရအာဏာပိုင်ထံ အသိပေးအကြောင်းကြားသင့်သည်။ ဤကြိုတင်အသိပေး အကြောင်းကြားချက်ကို ဆောင်ရွက်လျက်ရှိပြီးဖြစ်ကြောင်း အလုပ်ရှင်၊ အလုပ်သမားများနှင့် အလုပ်သမားကိုယ်စားလှယ်များအား အသိပေးအကြောင်းကြားသင့်သည်။

## (ဂ) သတင်းအချက်အလက်ဝေမျှခြင်း၊ အသိပညာပေးခြင်း၊ လေ့ကျင့်သင်ကြားခြင်းနှင့် အကြံဉာဏ်ပေးခြင်း

၁၉။ လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများသည် လုပ်ငန်းရှိဝန်ထမ်းများအတွက် အလုပ်အကိုင်နှင့် ဆက်စပ်သည့် ကျန်းမာရေးနှင့် တစ်ကိုယ်ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ဝေမျှခြင်း၊ အသိပညာပေးခြင်းနှင့် လေ့ကျင့်သင်ကြားမှုတို့ကို ဒီဇိုင်းပုံဖော်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများတွင် ပါဝင်သင့်သည်။

၂၀။ လုပ်ငန်းခွင်ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများသည် ရှေးဦးသူနာပြုဝန်ထမ်းများအား လေ့ကျင့်သင်ကြားခြင်းနှင့် ပုံမှန်ပြန်လည်လေ့ကျင့်သင်ကြားခြင်းများနှင့် လုပ်ငန်းရှိ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတွင်

ပါဝင်ဆောင်ရွက်သည့် အလုပ်သမားများအားလုံး အဆင့်ဆင့်တိုးမြှင့် လေ့ကျင့်သင်ကြားမှုများတွင် ပါဝင်သင့်သည်။

၂၁။ အလုပ်အကိုင်နှင့် အလုပ်သမားဆီလျော်မှုရှိစေသည့် အနေအထားကို မြှင့်တင်ဆောင်ရွက်ခြင်းနှင့် အလုပ်အကိုင်အခြေအနေများ တိုးတက်ကောင်းမွန်ရန် ရည်ရွယ်လျက်၊ လုပ်ငန်းခွင်ကျန်းမာရေး ဝန်ဆောင်မှုများသည် လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေး၊ တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် လုပ်ငန်းတိုးတက်ရေးအတွက် အလုပ်နှင့် လုပ်ငန်းခွင်လေ့လာမှုတို့နှင့် ပတ်သက်ပြီး လုပ်ငန်းရှိအလုပ်ရှင်၊ အလုပ်သမားများနှင့် ယင်းတို့၏ ကိုယ်စားလှယ်များနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မတီရှိသည့်အနေအထားတွင် ယင်းကော်မတီတို့အတွက် အကြံပေးပုဂ္ဂိုလ်များအနေဖြင့် ဆောင်ရွက်သင့်ပြီး၊ ဤနယ်ပယ်ကဏ္ဍတွင် အကြံပေးပုဂ္ဂိုလ်များအနေဖြင့် လုပ်ဆောင်လျက်ရှိသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သင့်သည်။

၂၂။ (၁) အလုပ်သမားတိုင်းအား ၎င်းလုပ်ကိုင်လျက်ရှိသည့် အလုပ်အကိုင်တွင်ရှိသော ကျန်းမာရေးကိုထိခိုက်စေသည့် ဘေးအန္တရာယ်များ၊ ကျန်းမာရေးစစ်ဆေးမှုရလဒ်များနှင့် ကျန်းမာရေးအကဲဖြတ်ဆန်းစစ်ချက်များအား လုံလောက်ပြီးလျော်ကန်သည့် အနေအထားဖြင့် အသိပေးအကြောင်းကြားသင့်သည်။

(၂) အလုပ်သမားတိုင်းသည် မှားယွင်းသည့် အချက်အလက်များ သို့မဟုတ် မှားယွင်းသည့် အနေအထားသို့ ဦးတည်နေသည့် အချက်အလက်များကို မှန်ကန်အောင်လုပ်ဆောင်ပိုင်ခွင့်ရှိသင့်သည်။

(၃) ထို့အပြင်၊ လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများသည် အလုပ်သမားများအား ၎င်းတို့၏ အလုပ်အကိုင်နှင့်ဆက်စပ်သည့် ၎င်းတို့၏ ကျန်းမာရေးနှင့်ပတ်သက်ပြီး ပုဂ္ဂိုလ်ရေးဆိုင်ရာ အကြံဉာဏ်ပေးမှုများ လုပ်ဆောင်သင့်သည်။

## (ဃ) ရှေးဦးသူနာပြုစုခြင်း၊ ကုသခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အစီအစဉ်များ

၂၃။ နိုင်ငံ၏ ဥပဒေနှင့် အလေ့အကျင့်တို့ကို ထည့်သွင်းစဉ်းစားလျက်၊ လုပ်ငန်းများတွင်ရှိသော လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများသည် လုပ်ငန်းခွင်ရှိ အလုပ်သမားများ၏ မတော်တဆဖြစ်မှုများနှင့် နာမကျန်းဖြစ်မှုများအတွက် ရှေးဦးသူနာပြုစုခြင်းနှင့် အရေးပေါ်ကုသမှုများကို လုပ်ဆောင်သင့်ပြီး၊ ရှေးဦးသူနာပြုစုခြင်းဆိုင်ရာ အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်သင့်သည်။

၂၄။ အမျိုးသားအဆင့်တွင် ကြိုတင်တားဆီးကာကွယ်ရေးဆေးပညာအဖွဲ့အစည်းအား ထည့်သွင်းစဉ်းစားလျက်၊ လျော်ကန်ပြီး ဖြစ်နိုင်သည့်အနေအထားတွင် လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများအနေဖြင့် –

(က) လုပ်ငန်းခွင်ဝန်းကျင်ရှိဇီဝဆိုင်ရာဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍၊ ကာကွယ်ဆေးထိုးနှံခြင်းများကို လုပ်ဆောင်နိုင်သည်။

(ခ) ကျန်းမာရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုများတွင် ပါဝင်ဆောင်ရွက်နိုင်သည်။

(ဂ) ပြည်သူ့ကျန်းမာရေးအစီအစဉ် ဆောင်ရွက်မှုများအတွင်း ကျန်းမာရေး အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

၂၅။ နိုင်ငံ၏ ဥပဒေနှင့် အလေ့အကျင့်တို့ကို ထည့်သွင်းစဉ်းစားလျက်၊ အလုပ်ရှင် အလုပ်သမားအဖွဲ့အစည်းများတည်ရှိသည့်အနေအထားတွင်ယင်းတို့၏ကိုယ်စားပြုမှုအများဆုံးဖြစ်သည့် အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးပြီးနောက်တွင်၊ လိုအပ်သည့်အနေအထား၌၊ အခွင့်ရအာဏာပိုင်သည် သက်ဆိုင်မှုရှိသည့် အခြေအနေမျိုးတွင် အောက်တွင်ဖော်ပြပါရှိသည့် ဆောင်ရွက်ချက်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ဆောင်ရွက်မှုများကို တာဝန်ယူဆောင်ရွက်ရန် သို့မဟုတ် ပါဝင်ဆောင်ရွက်ရန်အတွက် အလုပ်သမားနှင့် ၎င်း၏ ဆရာဝန် သို့မဟုတ် အခြေခံကျန်းမာရေးဝန်ဆောင်မှုတို့အပါအဝင်၊ သက်ဆိုင်သူအားလုံးနှင့် သဘောတူညီမှု ရယူလျက်၊ လုပ်ငန်းခွင်ကျန်းမာရေး ဝန်ဆောင်မှုများကို လုပ်ပိုင်ခွင့်လွှဲအပ်သင့်သည်။

(က) အလုပ်ရပ်နားခြင်းမရှိဘဲ လုပ်ကိုင်သည့်အလုပ်သမားများ သို့မဟုတ် အလုပ်ပျက်ကွက်ပြီးနောက် အလုပ်ပြန်လည်စတင်လုပ်ကိုင်သည့် အလုပ်သမားများအား ဆေးကုသခြင်း၊

(ခ) လုပ်ငန်းခွင်ဆိုင်ရာ မတော်တဆဖြစ်သည့် အလုပ်သမားများအား ဆေးကုသခြင်း၊

(ဂ) လုပ်ငန်းခွင်ဆိုင်ရာ ရောဂါခံစားရသူများနှင့် အလုပ်ကြောင့် ပိုမိုဆိုးရွားစွာ နာမကျန်းဖြစ်သူများအား ဆေးကုသခြင်း၊

(ဃ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပြန်လည်အသိပညာပေးခြင်းနှင့် ပြန်လည်ထူထောင်ခြင်းနှင့် စပ်လျဉ်းသည့် ကျန်းမာရေးဆိုင်ရာ အသွင်လက္ခဏာများ

၂၆။ ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် အဖွဲ့အစည်း၊ ဆေးခန်းများနှင့် ဝေးကွာမှုတို့ကို ထည့်သွင်းစဉ်းစားလျက်၊ လုပ်ငန်းခွင်ကျန်းမာရေး ဝန်ဆောင်မှုများသည် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ တည်ရှိသည့် အနေအထားမျိုးတွင် ယင်းတို့၏ ကိုယ်စားပြုမှုအများဆုံးဖြစ်သော အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးလျက် အခွင့်ရအာဏာပိုင်က လုပ်ပိုင်ခွင့်လွှဲအပ်ပေးထားသောကြောင့် အလုပ်သမားများနှင့် ၎င်းတို့ မိသားစုများအတွက် ဆေးကုသပေးခြင်း အပါအဝင်၊ အခြားသောကျန်းမာရေးဆိုင်ရာ လုပ်ဆောင်မှုများတွင် ပါဝင်ဆောင်ရွက်နိုင်သည်။

၂၇။ လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများသည် ကြီးမားသည့် မတော်တဆဖြစ်မှုများတွင် အရေးပေါ် စီမံချက်များချမှတ်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အခြားသောဝန်ဆောင်မှုများနှင့် ပူးပေါင်းဆောင်ရွက်သင့်သည်။

## (င) အခြားဆောင်ရွက်ချက်များ

၂၈။ လုပ်ငန်းခွင်ဆိုင်ရာဘေးအန္တရာယ်များနှင့် နာမကျန်းဖြစ်မှုတို့အကြား ဖြစ်နိုင်ဖွယ်ရာဆက်စပ်မှုများကို အကဲဖြတ်ဆန်းစစ်ရန်နှင့် အလုပ်အကိုင်အခြေအ

နေမျိုးနှင့် လုပ်ငန်းခွင်ဝန်းကျင်အနေအထား တိုးတက်ကောင်းမွန်စေရန်အတွက် ဆောင်ရွက်မှုများအား အဆိုပြုရန်ရည်ရွယ်လျက်၊ လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများသည် အလုပ်သမားများ၏ ကျန်းမာရေးစောင့်ကြပ်ကြည့်ရှုခြင်းနှင့် အလုပ်အကိုင်ဝန်းကျင်တို့မှ ထွက်ပေါ်လာသည့် ရလဒ်များနှင့်အတူ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်များ တည်ရှိနေသည့် အခြေအနေမျိုးတွင် ဇီဝဆိုင်ရာ ဘေးအန္တရာယ်များအား စောင့်ကြည့်လေ့လာမှုရလဒ်များနှင့် လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ်များနှင့် ထိတွေ့မှုများအား စောင့်ကြည့်လေ့လာမှုရလဒ်များတို့ကို စိစစ်စိတ်ဖြာသင့်သည်။

၂၉။ လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများသည် ၎င်းတို့၏ လုပ်ဆောင်မှုများနှင့် လုပ်ငန်းတွင်ဖြစ်ပေါ်နေသည့် ကျန်းမာရေးအခြေအနေများနှင့် ပတ်သက်ပြီး၊ စီမံချက်များရွေးဆွဲလျက်၊ လျော်ကန်သည့်ကြား ကာလအချိန်တွင် အစီရင်ခံတင်ပြသင့်သည်။ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မတီရှိသည့်အခြေအနေမျိုးတွင် ဤစီမံချက်များနှင့် အစီရင်ခံစာများကို လုပ်ငန်းရှိ အလုပ်ရှင်၊ အလုပ်သမားများ၏ ကိုယ်စားလှယ်များ၊ ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ကော်မတီနှင့် အခွင့်ရအာဏာပိုင်များ အလွယ်တကူရရှိနိုင်စေရန် ဆောင်ရွက်ထားရှိသင့်သည်။

၃၀။ (၁) လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများသည် အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များနှင့် တိုင်ပင်ဆွေးနွေးလျက်၊ ဥပမာအနေဖြင့် ကူးစက်ရောဂါကာကွယ်တားဆီးရေးပညာရပ်နှင့်စပ်လျဉ်းသည့် ရည်ရွယ်ချက်များနှင့် ၎င်းတို့၏ ဆောင်ရွက်မှုများကို အလေးပေးဆောင်ရွက်ရန်အတွက် အချက်အလက်များ စုဆောင်းရန် ရည်ရွယ်ကာ၊ လုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းခွဲများတွင် လေ့လာမှုများ သို့မဟုတ် စုံစမ်းမှုများပြုလုပ်ရာတွင် ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ၎င်းတို့တွင်ရှိသည့် အရင်းအမြစ်အကန့်အသတ် အတိုင်းအတာပမာဏအတွင်း သုတေသနပြုလုပ်ခြင်းကို ပါဝင်ဖြည့်ဆည်းဆောင်ရွက်သင့်သည်။

(၂) ဤအကြံပြုတိုက်တွန်းချက်၏ စာပိုဒ် ၆ (၃)၊ ၁၁ (၂) နှင့် ၁၄ (၃) တို့အရ၊ လုပ်ငန်းခွင်ဝန်းကျင်တွင် လုပ်ဆောင်ခဲ့သည့်ဆောင်ရွက်မှုများမှ ထွက်ပေါ်လာသည့် ရလဒ်များနှင့် အလုပ်သမား၏ ကျန်းမာရေးကို အကဲဖြတ်ဆန်းစစ်ခြင်းမှ ထွက်ပေါ်လာသည့် ရလဒ်များအား သုတေသနပြုလုပ်ခြင်းအတွက် အသုံးပြုနိုင်သည်။

၃၁။ လုပ်ငန်း၏ ဆောင်ရွက်မှုများကို ယေဘုယျသဘာဝဝန်းကျင်အပေါ် ဆိုးရွားသည့် အကျိုးသက်ရောက်မှုဖြစ်ပေါ်စေခြင်းမှာ ကြိုတင်တားဆီးကာကွယ်ရေးအတွက် လုပ်ဆောင်ရာတွင် လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများသည် လုပ်ငန်းရှိ အခြားသောဝန်ဆောင်မှုများနှင့် လျော်ကန်သလို ပါဝင်ဆောင်ရွက်သင့်သည်။

## အပိုင်း (၃) – အဖွဲ့အစည်း

၃၂။ လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများသည် ဖြစ်နိုင်သမျှ အလုပ်အကိုင်နေရာအတွင်း သို့မဟုတ် အလုပ်အကိုင်နေရာအနီးတွင် တည်ရှိသင့်သည် သို့မဟုတ် ၎င်းတို့၏ ဆောင်ရွက်မှုများကို အလုပ်အကိုင်နေရာတွင် သေချာစွာဆောင်ရွက်သည့်အနေအထားဖြင့် စီစဉ်ဆောင်ထားရှိသင့်သည်။

၃၃။ (၁) အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များသည့် အခြေအနေမျိုးတွင် အလုပ်ရှင်၊ အလုပ်သမားများနှင့် ယင်းတို့၏ ကိုယ်စားလှယ်များသည် တရားမျှတမှုကို အခြေခံလျက် လုပ်ငန်းခွင်ကျန်းမာရေးဝန် ဆောင်မှုများနှင့်ဆက်စပ်သည့် အဖွဲ့အစည်းဆိုင်ရာ ဆောင်ရွက်မှုများနှင့် အခြားသောဆောင်ရွက်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သင့်သည်။

(၂) နိုင်ငံ၏ အခြေအနေများနှင့် အလေ့အကျင့်များနှင့်ကိုက်ညီလျက်၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကော်မတီများ တည်ရှိသည့် အနေအထားတွင် အလုပ်ရှင်များ၊ အလုပ်သမားများသို့

မဟုတ် လုပ်ငန်းတွင်ရှိသည့် ယင်းတို့၏ ကိုယ်စားလှယ်များ သို့မဟုတ်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာကော်မတီသည် ဝန်ထမ်းများ၏ အလုပ်အကိုင်နှင့် ဝန်ဆောင်မှုအစီအစဉ်များကို စီမံချက်ရေးဆွဲခြင်းနှင့် ဆက်စပ်သည့် အခြင်းအရာများအပါအဝင်၊ အဖွဲ့အစည်းနှင့် ဤဝန်ဆောင်မှုများအား ဆောင်ရွက်ခြင်းအပေါ် သက်ရောက်မှုရှိစေသည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပါဝင်ဆောင်ရွက်သင့်သည်။

၃၄။ (၁) လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများကို လုပ်ငန်းတစ်ခုအတွင်းရှိဝန်ဆောင်မှု သို့မဟုတ် လုပ်ငန်းအများအပြားအတွက် ဘုံဝန်ဆောင်မှုတစ်ရပ်အနေဖြင့် လျော်ကန်သလို စီစဉ်ဆောင်ရွက်နိုင်သည်။

(၂) နိုင်ငံ၏အခြေအနေများနှင့် အလေ့အကျင့်များနှင့်အညီ၊ လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများကို အောက်ပါတို့အားဖြင့် စီစဉ်ဆောင်ရွက်နိုင်သည်။

(က) လုပ်ငန်းများ သို့မဟုတ် သက်ဆိုင်ရာ လုပ်ငန်းအစုအဖွဲ့များ

(ခ) အစိုးရအာဏာပိုင်များ သို့မဟုတ် တရားဝင်ဝန်ဆောင်မှုများ

(ဂ) လူမှုဖူလုံရေးအသင်းအဖွဲ့များ

(ဃ) အခွင့်ရအာဏာပိုင်က လုပ်ပိုင်ခွင့်လွှဲအပ်ပေးထားသည့် အခြားသော အဖွဲ့အစည်းများ

(င) အထက်တွင်ဖော်ပြထားသည့် အဖွဲ့အစည်းများ ပေါင်းစည်းထားသည့်အဖွဲ့အစည်း

(၃) လုပ်ငန်းခွင်ကျန်းမာရေး ဝန်ဆောင်မှုမရှိသည့် အခြေအနေတွင်၊ မူအနေဖြင့် အခွင့်ရအာဏာပိုင်သည် တည်ရှိနေဆဲဖြစ်သော လျော်ကန်သည့် ဝန်ဆောင်မှုများကို ဤစာပိုဒ်၏ စာပိုဒ်ခွဲ ၂ (ဃ) နှင့်အညီ လုပ်ပိုင်ခွင့်ရှိသော အဖွဲ့အစည်းများအဖြစ် အသိအမှတ်ပြုနိုင်သည့် အခြေအနေများကို ဆုံးဖြတ်သတ်မှတ်သင့်သည်။

၃၅။ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ တည်ရှိသည့် အနေအထားတွင်၊ ယင်းအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးပြီးနောက်၊ လုပ်ငန်းခွင်ကျန်းမာရေး ဝန်ဆောင်မှုဖွဲ့စည်းတည်ထောင်ခြင်း သို့မဟုတ် ထိုသို့သော ဝန်ဆောင်မှုကို ရရှိနိုင်ခြင်းသည် လက်တွေ့မကျဟု အခွင့်ရအာဏာပိုင်က ဆုံးဖြတ်သတ်မှတ်သည့် အခြေအနေများတွင်၊ လုပ်ငန်းများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကော်မတီများ တည်ရှိသည့် အနေအထားတွင် လုပ်ငန်းရှိအလုပ်သမားကိုယ်စားလှယ်များ သို့မဟုတ် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကော်မတီနှင့် တိုင်ပင်ဆွေးနွေးပြီး နောက်တွင် ကြားကာလ ဆောင်ရွက်မှုအနေဖြင့် နိုင်ငံ၏ ဥပဒေများ သို့မဟုတ် စည်းမျဉ်းများက သတ်မှတ်ပြဋ္ဌာန်းထားသည့် ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ခြင်း၊ လုပ်ငန်းရှိ ပတ်ဝန်းကျင်ကျန်းမာရေး အခြေအနေများအား စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ရှေးဦးသူနာပြုစုခြင်းနှင့် အရေးပေါ်ကုသခြင်းများကို လျော်ကန်စွာဖြင့် သေချာစွာ ဆောင်ရွက်နိုင်ခြင်းများအတွက် ဒေသခံဆေးကုသရေး ဝန်ဆောင်မှုနှင့်အတူ စီစဉ်ဆောင်ရွက်မှုများကို ဆောင်ရွက်သင့်သည်။

## အပိုင်း (၄) – လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ

၃၆။ (၁) နိုင်ငံ၏ ဥပဒေနှင့်အလေ့အကျင့်များနှင့်အညီ၊ လုပ်ငန်းခွင်ကျန်းမာရေး ဝန်ဆောင်မှုများကို စည်းကမ်းပေါင်းစုံထိန်းသိမ်းရေးအဖွဲ့များဖြင့် ဖွဲ့စည်းသင့်သည်။ ယင်းစည်းပေါင်းစုံထိန်းသိမ်းရေးအဖွဲ့များအား ဖွဲ့စည်းခြင်းကို ဆောင်ရွက်ရမည့်တာဝန်ဝတ္တရားများ၏ သဘောသဘာဝအရ ဆုံးဖြတ်သတ်မှတ်သင့်သည်။

(၂) လုပ်ငန်းခွင်ကျန်းမာရေး ဝန်ဆောင်မှုများတွင် လုပ်ငန်းခွင်ဆိုင်ရာ ဆေးပညာ၊ လုပ်ငန်းခွင်ဆိုင်ရာ တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ လုပ်ငန်းတိုးတက်ရေးအတွက် အလုပ်နှင့် လုပ်ငန်းခွင်လေ့လာမှု၊ လုပ်ငန်းခွင်ကျန်းမာရေးဆိုင်ရာ သူနာပြုအတတ်နှင့် အခြားသောသက်ဆိုင်ရာ နယ်ပယ်များများတွင် အထူးလေ့ကျင့်သင်ကြား

ထားပြီး အတွေ့အကြုံရှိသည့် နည်းပညာဆိုင်ရာ ဝန်ထမ်းများအလုံ အလောက်ပါဝင်သင့်သည်။ ၎င်းတို့အနေဖြင့် ၎င်းတို့၏ တာဝန်ဝတ္တရား များကို ဆောင်ရွက်ရန်အတွက် လိုအပ်သည့် သိပ္ပံနှင့် နည်းပညာဆိုင် ရာ အသိပညာများနှင့် ပတ်သက်ပြီး တတ်နိုင်သမျှ ခေတ်စနစ်နှင့် လျော်ညီအောင် လုပ်ဆောင်သင့်ပြီး၊ ထိုသို့ လုပ်ဆောင်ရန်အတွက် ဝင်ငွေဆုံးရှုံးခြင်း မရှိစေဘဲလျက် အခွင့်အလမ်းပေးသင့်သည်။

(၃) ထို့အပြင်၊ လုပ်ငန်းခွင်ကျန်းမာရေး ဝန်ဆောင်မှုများသည် ၎င်းတို့၏ လုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သည့် စီမံခန့်ခွဲရေးဝန် ထမ်းများ ပါရှိသင့်သည်။

၃၇။ (၁) လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများ ဖြည့်ဆည်းပံ့ပိုးဆောင်ရွက် ပေးသည့် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုဆိုင်ရာ လွတ်လပ်မှုကို အ ကာအကွယ်ပေးသင့်သည်။ နိုင်ငံ၏ ဥပဒေနှင့် အလေ့အကျင့်များနှင့် အညီ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကော်မတီ များရှိပါက၊ ဤအခြင်းအရာကို ဥပဒေများ သို့မဟုတ် စည်းမျဉ်းများ နှင့် အလုပ်ရှင်၊ အလုပ်သမားများ၊ ၎င်းတို့၏ ကိုယ်စားလှယ်များ နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကော်မတီ များနှင့် တိုင်ပင်ဆွေးနွေးမှုများအားဖြင့် လုပ်ဆောင်နိုင်သည်။

(၂) လျော်ကန်မှုရှိသည့်အနေအထားမျိုးတွင် နိုင်ငံ၏ ဥပဒေနှင့် အလေ့ အကျင့်များနှင့်အညီ၊ အခွင့်ရအာဏာပိုင်သည် သက်ဆိုင်ရာ ကိုယ် စားပြုသည့် အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်း နှင့် တိုင်ပင်ဆွေးနွေးလျက်၊ လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှု များတွင်ဆောင်ရွက်သည့် ဝန်ထမ်းများ၏ အလုပ်ခန့်အပ်ခြင်းနှင့် အလုပ်ရပ်စဲခြင်းတို့နှင့်ဆိုင်သည့် စည်းကမ်းချက်များကို သတ်မှတ် ပြဋ္ဌာန်းသင့်သည်။

၃၈။ နိုင်ငံ၏ ဥပဒေများ သို့မဟုတ် စည်းမျဉ်းများအားဖြင့် သတ်မှတ်ပြဋ္ဌာန်းထားနိုင်သည့် ထိုကဲ့သို့သော ခြွင်းချက်များအရ၊ လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများတွင် လုပ်ကိုင်လျက်ရှိသူတိုင်းကို ဝန်ဆောင်မှု၏ဆောင်ရွက်ချက်များနှင့် လုပ်ဆောင်မှုများနှင့်စပ်လျဉ်း၍ ၎င်းတို့သိရှိနားလည်လာနိုင်သည့် ကျန်းမာရေးနှင့် နည်းပညာဆိုင်ရာ သတင်းအချက်အလက်များနှင့် သက်ဆိုင်သည့် အတတ်ပညာဆိုင်ရာ လျှို့ဝှက်ထားရှိမှုကို မှတ်သားလိုက်နာရန် သတ်မှတ်ပြဋ္ဌာန်းသင့်သည်။

၃၉။ (၁) အခွင့်ရအာဏာပိုင်သည် လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများအတွက် ၎င်းတို့၏ ဆောင်ရွက်စရာများကို ဆောင်ရွက်နိုင်ရန်လိုအပ်သည့် အဆောက်အအုံနှင့် ယင်း၏ဥပစာနှင့် ပစ္စည်းကိရိယာတန်ဆာပလာများနှင့် သက်ဆိုင်သည့် စံချိန်စံညွှန်းများကို သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။

(၂) အလုပ်သမားများ၏ ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဝန်းကျင်၏ ကျန်းမာရေးအခြေအနေများကို စောင့်ကြပ်ကြည့်ရှုရန်လိုအပ်သည့် စိစစ်စိတ်ဖြာမှုများနှင့် စမ်းသပ်စစ်ဆေးမှုများ လုပ်ဆောင်ရန်အတွက် လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများအနေဖြင့် လျော်ကန်သည့် အထောက်အပံ့ပစ္စည်းများရရှိသင့်သည်။

၄၀။ (၁) စည်းကမ်းပေါင်းစုံထိန်းသိမ်းရေး ချဉ်းကပ်ဆောင်ရွက်မှု မူဘောင်အတွင်း၊ လုပ်ငန်းခွင်ကျန်းမာရေး ဝန်ဆောင်မှုများသည် အောက်ပါတို့နှင့် ပူးပေါင်းဆောင်ရွက်သင့်သည်။

(က) လုပ်ငန်းတွင်ရှိသော အလုပ်သမားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သက်ဆိုင်သော ဝန်ဆောင်မှုများ၊

(ခ) သက်ဆိုင်ရာကြိုတင်တားဆီးကာကွယ်ရေးအစီအစဉ်များအား ပုံဖော်ချမှတ်ခြင်းနှင့်အ ကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ၎င်းတို့အတွက်ပံ့ပိုးကူညီစေရန်အတွက် အမျိုးမျိုးသော ကုန်ထုတ်လုပ်သည့်ယူနစ်များ သို့မဟုတ် ဌာနများ

(ဂ) ဝန်ထမ်းရေးရာဌာနနှင့် အခြားသက်ဆိုင်ရာဌာနများ

(ဃ) ၎င်းတို့ရှိသည့်အခြေအနေမျိုးတွင် အလုပ်သမားများ၏ ကိုယ်စားလှယ်များ၊ အလုပ်သမားများ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိုယ်စားလှယ်များနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကော်မတီ၊

(၂) လျော်ကန်မှုရှိသည့် အနေအထားမျိုးတွင် လုပ်ငန်းခွင်ကျန်းမာရေး ဝန်ဆောင်မှုများနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဝန်ဆောင်မှုများကို အတူတကွဖွဲ့စည်းဆောင်ရွက်နိုင်သည်။

၄၁။ လိုအပ်သည့်အခြေအနေမျိုးတွင် လုပ်ငန်းခွင်ကျန်းမာရေး ဝန်ဆောင်မှုများသည် ကျန်းမာရေး၊ တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပြန်လည်ထူထောင်ခြင်း၊ ပြန်လည်လေ့ကျင့်သင်ကြားခြင်းနှင့် ပြန်လည်အကဲဖြတ်ဆန်းစစ်ခြင်း၊ အလုပ်အကိုင်အခြေအနေများနှင့် အလုပ်သမားများ၏ သက်သာချောင်ချိရေးဆိုင်ရာ ကိစ္စရပ်များအား ကိုင်တွယ်ဆောင်ရွက်သည့်ပြင်ပမှ ဝန်ဆောင်မှုများနှင့် အဖွဲ့အစည်းများနှင့်အတူ၊ စစ်ဆေးရေးဝန်ဆောင်မှုများနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့၏ မူဘောင်အတွင်း ဖွဲ့စည်းထားသည့် အပြည်ပြည်ဆိုင်ရာ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကိုထိခိုက်စေသည့် ဘေးအန္တရာယ်မှကင်းဝေးစေရန် သတိပေးစနစ်တွင် ပါဝင်ဆောင်ရွက်ရန် ခန့်အပ်ထားခြင်းခံရသည့် အမျိုးသားအဆင့် အဖွဲ့အစည်းတို့နှင့်လည်း ချိတ်ဆက်ဆောင်ရွက်သင့်သည်။

၄၂။ စာပိုဒ် ၃၈ တွင် ပါရှိသည့် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ၊ လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှု၏အကြီးအကဲပုဂ္ဂိုလ်သည် လုပ်ငန်းတွင် လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စံချိန်စံညွှန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်ပတ်သက်ပြီး အလုပ်သမားကိုယ်စားလှယ်များနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ

ကော်မတီများရှိသည့် အခြေအနေမျိုးတွင် အလုပ်ရှင်၊ လုပ်ငန်းခွင်ရှိ အလုပ်သမားကိုယ်စားလှယ်များနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မတီတို့ထံ အသိပေးအကြောင်းကြားပြီးနောက်တွင် အခွင့်ရအာဏာပိုင်နှင့် တိုင်ပင်ဆွေးနွေးနိုင်စွမ်းရှိသူဖြစ်သင့်သည်။

၄၃။ အလုပ်ဌာနတစ်ခု သို့မဟုတ် အလုပ်ဌာနတစ်ခုထက် ပိုမိုရှိသော နိုင်ငံသားပိုင်လုပ်ငန်း သို့မဟုတ် နိုင်ငံတကာတွင်အခြေစိုက်သည့် ကုမ္ပဏီလုပ်ငန်း၏ လုပ်ငန်းခွင် ကျန်းမာရေးဝန်ဆောင်မှုများသည် ခွဲခြားဆက်ဆံမှုမရှိဘဲလျက်၊ အလုပ်ဌာနများ တည်ရှိသည့်နေရာ သို့မဟုတ် နိုင်ငံကို ထည့်မတွက်ဘဲ၊ အလုပ်ဌာနများရှိ အလုပ်သမားအားလုံးအတွက် ဝန်ဆောင်မှုစံချိန်စံညွှန်းအမြင့်မားဆုံးကို ဖြည့်ဆည်းဆောင်ရွက်ပေးသင့်သည်။

## အပိုင်း (၅) – အထွေထွေသတ်မှတ်ပြဋ္ဌာန်းချက်များ

၄၄။ (၁) အလုပ်ရှင်များသည် အလုပ်သမားများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်စပ်လျဉ်း၍၊ ၎င်းတို့၏ တာဝန်ဝတ္တရားမှုဘောင်အတွင်း၊ လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများ၏ တာဝန်များကို အကောင်အထည်ဖော်ဆောင်မှု အဆင်ပြေချောမွေ့စေရန်အတွက် လိုအပ်သည့်ဆောင်ရွက်မှု အားလုံးကိုဆောင်ရွက်သင့်သည်။

(၂) အလုပ်သမားများနှင့် ၎င်းတို့၏ အဖွဲ့အစည်းများသည် လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများ၏ တာဝန်များကို အကောင်အထည်ဖော်ဆောင်ရာတွင် ပံ့ပိုးကူညီဆောင်ရွက်သင့်သည်။

၄၅။ လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများကဖြည့်ဆည်းပံ့ပိုးပေးသည့်လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေးနှင့်ဆက်စပ်သည့် အထောက်အပံ့ပစ္စည်းများတွင် အလုပ်သမားများက ကုန်ကျစရိတ်ကျခံခြင်းမပါ ဝင်သင့်ပါ။

၄၆။ လုပ်ငန်းခွင်ကျန်းမာရေး ဝန်ဆောင်မှုများကို ဖွဲ့စည်းတည်ထောင်ထားပြီး၊ နိုင်ငံ၏ ဥပဒေများ သို့မဟုတ် စည်းမျဉ်းများက ၎င်းတို့၏ ဆောင်ရွက်ချက်များနှင့်

ပတ်သက်ပြီး သတ်မှတ်ပြဋ္ဌာန်းထားသည့် အခြေအနေမျိုးတွင်၊ ဤဝန်ဆောင်မှုများ၏ ဘဏ္ဍာရေးနှင့်စပ်လျဉ်း၍လည်း ဆုံးဖြတ်သတ်မှတ်ပေးသင့်သည်။

၄၇။ ဤအကြံပြုတိုက်တွန်းချက်၏ ရည်ရွယ်ချက်အလို့ငှာ၊ လုပ်ငန်းတွင်ရှိသည့် အလုပ်သမားများ၏ ကိုယ်စားလှယ်များဟူသော ဝေါဟာရသည် နိုင်ငံ၏ ဥပဒေသို့မဟုတ် အလေ့အကျင့်အရ ထိုကဲ့သို့ အသိအမှတ်ပြုခြင်းခံရသော ပုဂ္ဂိုလ်များကို ဆိုလိုသည်။

၄၈။ လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများဆိုင်ရာ အကြံပြုတိုက်တွန်းချက် (၁၉၅၉ ခုနှစ်) ကိုလုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများဆိုင်ရာပြဋ္ဌာန်းချက် (၁၉၈၅ ခုနှစ်) ကိုဖြည့်စွက်ထားသည့် ဤအကြံပြုတိုက်တွန်းချက်ဖြင့် အစားထိုးလိုက်သည်။

# ၉။ အလုပ်သမားများ၏ ကျန်းမာရေး ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၁၉၅၃ ခုနှစ် (အမှတ် – ၉၇)

## နိဒါန်း

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ အထွေထွေညီလာခံကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၏ အုပ်ချုပ်ရေးအဖွဲ့ကကြီးမှူးလျက်၊ ဂျီနီဗာမြို့တွင် ၁၉၅၃ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် ၃၆ ကြိမ်မြောက် ကျင်းပပြုလုပ်ရာ၊

အစည်းအဝေး၏ အစီအစဉ် ၅ တွင်ပါရှိသော အလုပ်လုပ်ကိုင်ရာနေရာများရှိ အလုပ်သမားများ၏ ကျန်းမာရေး ကာကွယ်စောင့်ရှောက်ခြင်းနှင့်သက်ဆိုင်သည့် အဆိုပြုချက်အချို့ကို လက်ခံအတည်ပြုရန် ဆုံးဖြတ်ချက်ချမှတ်၍လည်းကောင်း၊

ဤအဆိုပြုချက်များအား အကြံပြုတိုက်တွန်းချက် ပုံစံတစ်ရပ်အဖြစ် ဆုံးဖြတ်ချက်ချမှတ်လျက်လည်းကောင်း၊

၁၉၅၃ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင်၊ အလုပ်သမားများ၏ ကျန်းမာရေးကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အကြံပြုတိုက်တွန်းချက် (၁၉၅၃ ခုနှစ်) အဖြစ် ညွှန်းဆိုနိုင်သည့် အောက်ပါအကြံပြုတိုက်တွန်းချက်ကို လက်ခံအတည်ပြုလိုက်သည်။

# အပိုင်း (၁) – အလုပ်သမားများ၏ ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်မှုများအား ထိန်းချုပ်ခြင်းအတွက် နည်းပညာဆိုင်ရာ ဆောင်ရွက်မှုများ

၁။ ကျန်းမာရေးအတွက် ထိခိုက်စေသည့် အန္တရာယ်ဖြစ်နိုင်မှုများနှင့်စပ်လျဉ်း၍၊ လိုအပ်သလိုနှင့် လျော်ကန်သလိုအသုံးပြုနိုင်မည့် နည်းစနစ်များ အပါအဝင်၊ နိုင်ငံ၏ ဥပဒေများ သို့မဟုတ် စည်းမျဉ်းများသည် အလုပ်လုပ်ကိုင်သည့် နေရာများတွင် ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်နိုင်မှုများကို ကြိုတင်တားဆီးကာကွယ်ခြင်း၊ လျော့နည်းစေခြင်း သို့မဟုတ် သုတ်သင်ဖယ်ရှားခြင်းဆိုင်ရာ နည်းစနစ်များကို သတ်မှတ်ပြဋ္ဌာန်းထားသင့်သည်။

၂။ အလုပ်အကိုင်နေရာများတွင်ဖြစ်ပေါ်နေသည့်ယေဘုယျအခြေအနေများသည် သက်ဆိုင်ရာအလုပ်သမားများ၏ ကျန်းမာရေးအတွက် လုံလောက်သည့်ကာကွယ်စောင့်ရှောက်မှုပေးကြောင်းသေချာစေရန် အလုပ်ရှင်သည် လျော်ကန်သည့် ဆောင်ရွက်မှုအားလုံးကို လုပ်ဆောင်သင့်သည်။ အထူးသဖြင့် –

(က) ကျန်းမာရေးကို ထိခိုက်စေမည့် အန္တရာယ်ကိုဖြစ်ပေါ်စေသည့် အညစ်အကြေးများနှင့် အမှိုက်များစုပုံမနေစေခြင်း၊

(ခ) အလုပ်လုပ်ကိုင်သည့်အခန်းများ၏ ကြမ်းပြင်နေရာနှင့် အမြင့်သည် အလုပ်သမားများအရေအတွက် ထူထပ်နေခြင်း သို့မဟုတ် စက်ယန္တရား၊ အရာဝတ္ထုပစ္စည်းများ သို့မဟုတ် ထုတ်ကုန်ပစ္စည်းများကြောင့် ပြည့်ကျပ်ပိတ်ဆို့နေခြင်းမှ ကြိုတင်တားဆီးကာကွယ်ရန် လုံလောက်သည့်အကျယ်အဝန်း အနေအထားရှိခြင်း၊

(ဂ) သဘာဝအလင်းရောင် သို့မဟုတ် ဖန်တီးထားသည့် အလင်းရောင် သို့မဟုတ် ယင်းအလင်းရောင်နှစ်မျိုးစလုံး ကောင်းမွန်စွာအလုံအလောက်ရရှိစေရန် ဖြည့်ဆည်းပံ့ပိုးပေးခြင်း၊

(ဃ) လေအလုံအလောက်မရရှိမှု၊ ဖျက်ဆီးမှုကိုဖြစ်ပေါ်စေသည့်လေများ၊ ထိခိုက်စေသည့်လေ စိမ်းတိုက်ခတ်မှု၊ အပူချိန်ရုတ်တရက်ပြောင်းလဲ

ခြင်းများနှင့်၊ လက်တွေ့ကျသည့် အနေအထားတွင်ရှိနေသ၍၊ စိုထိုင်းဆလွန်ကဲမှု၊ အပူချိန် သို့မဟုတ် အအေးဓာတ်လွန်ကဲမှုနှင့် မနှစ်မြို့ဖွယ်ရာ အနံ့အသက်များမှ ရှောင်ကြဉ်ရန်အတွက် သင့်လျော်သည့် လေထုအခြေအနေများကို ထိန်းသိမ်းထားရှိခြင်း၊

(င) လုံလောက်ပြီးသင့်လျော်သည့်အညစ်အကြေးစွန့်အများသုံးအိမ်သာများနှင့် ဆေးကြောလျှော်ဖွတ်သည့် အသုံးအဆောင်ပစ္စည်းများ၊ လုံလောက်သည့်သောက်သုံးရေများကို သင့်လျော်သည့်နေရာများတွင် ဖြည့်ဆည်းထားရှိလျက်၊ လျော်ကန်စွာထိန်းသိမ်းထားရှိခြင်း၊

(စ) အလုပ်စတင်ချိန် သို့မဟုတ် အလုပ်ရပ်နားချိန်များတွင် အလုပ်သမားများအတွက် အဝတ်အစားများလဲလှယ်ရန် လိုအပ်သည့် အခြေအနေမျိုးတွင်၊ အဝတ်လဲလှယ်သည့် အခန်းများ သို့မဟုတ် ထိုသို့လဲလှယ်ရန်နှင့် အဝတ်များသိမ်းဆည်းထားရှိရန်အတွက် သင့်လျော်သော အခြားအသုံးအဆောင် ပစ္စည်းများကို ဖြည့်ဆည်းပံ့ပိုးလျက် ထိန်းသိမ်းထားရှိခြင်း၊

(ဆ) အလုပ်သမားများအား လုပ်ငန်းခွင်နေရာများတွင် အစားအသောက်များ စားသောက်ခြင်းမှ တားမြစ်ထားသည့် ကိစ္စရပ်မျိုးတွင်၊ အလုပ်သမားများ အစားအသောက်စားသုံးရန်အတွက် အခြားနေရာတစ်ခုကို လျော်ကန်စွာစီစဉ်ထားပေးခြင်းမရှိပါက၊ အစားအသောက်များစားသုံးရန်အတွက် အဆောက်အဦဥပစာများရှိ သင့်လျော်သည့်နေရာ ထိုင်ခင်းထားရှိခြင်း၊

(ဇ) အလုပ်သမားများ၏ကျန်းမာရေးကိုထိခိုက်စေမည့် ဆူညံသံများနှင့် တုန်ခါမှုများကို ဖယ်ရှားပစ်ရန် သို့မဟုတ် လျော့နည်းစေမည့် ဆောင်ရွက်မှုများကို လုပ်ဆောင်ခြင်း၊

(ဈ) ဘေးအန္တရာယ်ရှိသော အရာဝတ္ထုပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းသည့် အခြေအနေများအောက်တွင် သိုလှောင်ထားရှိရန်အတွက်

ဖြည့်ဆည်းဆောင်ရွက်ခြင်း။

၃။ (၁) အလုပ်လုပ်ကိုင်သည့် နေရာများတွင် ကျန်းမာရေးကို ထိခိုက်စေသည့် အန္တရာယ်ရှိမှုများကို ကြိုတင်တားဆီးကာကွယ်ရန်၊ လျော့နည်းစေရန် သို့မဟုတ် သုတ်သင်ဖယ်ရှားပစ်ရန် ရည်ရွယ်လျက်၊ လျော်ကန်ပြီးလက်တွေ့ကျသည့် ဆောင်ရွက်မှုအားလုံးကို လုပ်ဆောင်သင့်သည်။

(က) အန္တရာယ်ရှိသော အရာဝတ္ထုပစ္စည်းများ၊ လုပ်ငန်းစဉ်များ သို့မဟုတ် နည်းစနစ်များနေရာတွင် အန္တရာယ်မရှိသော သို့မဟုတ် အန္တရာယ်နည်းပါးသော အရာဝတ္ထုပစ္စည်းများ၊ လုပ်ငန်းစဉ်များ သို့မဟုတ် နည်းစနစ်များဖြင့် အစားထိုးရန်၊

(ခ) အန္တရာယ်ရှိသော အရာဝတ္ထုပစ္စည်းများ အန္တရာယ်မှလွတ်မြောက်စေရေးအတွက် ကြိုတင်တားဆီးကာကွယ်ရန်နှင့် အလုပ်သမားများအား အန္တရာယ်ရှိသော ရေဒီယိုသတ္တိကြွခြင်းများမှ ကာကွယ်ပေးရန်၊

(ဂ) ဘေးန္တရာယ်ရှိသည့်လုပ်ငန်းစဉ်များကို အလုပ်သမားအရေအတွက် အနည်းဆုံးဖြင့် သီးသန့်အခန်းများတွင်လုပ်ဆောင်ရန်၊

(ဃ) အန္တရာယ်ရှိသော အရာဝတ္ထုပစ္စည်းများအား ကိုယ်တိုင်ထိတွေ့ခြင်းမှ ကာကွယ်ရန်နှင့်၊ ကျန်းမာရေးကို ထိခိုက်စေနိုင်သော ဖုန်မှုန့်များ၊ အခိုးအငွေ့များ၊ ဓါတ်ငွေ့များ၊ အမျှင်များ၊ မြူခိုးများ သို့မဟုတ် ရေခိုးရေငွေ့များ ပမာဏအများအပြားသည် အလုပ်လုပ်နေသည့် အခန်းထဲသို့ စိမ့်ဝင်လာခြင်းမှာ ကြိုတင်တားဆီးကာကွယ်ရန်အတွက်ဘေးအန္တရာယ်ရှိသည့် လုပ်ငန်းစဉ်များကို အလုံပိတ်ထားသည့် နေရာများတွင် လုပ်ဆောင်ရန်၊

(င) ဤစာပိုဒ်၏ အပိုဒ်ခွဲငယ် (က) မှ (ဃ) တွင် ရည်ညွှန်းဖော်ပြထားသည့်နည်းလမ်းတစ်ခုသို့မဟုတ်ယင်းထက်ပိုသောနည်းလမ်းများဖြင့် အန္တရာယ်ရှိသော ဖုန်မှုန့်များ၊ အခိုးအငွေ့များ၊ ဓါတ်ငွေ့များ၊ အမျှင်များ၊ မြူခိုးများ သို့မဟုတ် ရေခိုးရေငွေ့များအား ထိတွေ့ခြင်းမှ ကြိုတင်တားဆီးကာကွယ်နိုင်ခြင်း မရှိသည့်အနေအထားတွင် စက်ပစ္စည်းအင်ဂျင် အိပ်ဇော၊ လေဝင်လေထွက် စနစ်များ သို့မဟုတ် အခြားသင့်လျော်သည့် နည်းလမ်းများအားဖြင့် ယင်းတို့ မူလတည်ရှိရာနေရာ သို့မဟုတ် ယင်းမူလနေရာ အနီးအနားမှ ဖယ်ရှားပစ်ရန်၊

(စ) အခြားသောဆောင်ရွက်မှုနည်းလမ်းများသည် အလုပ်သမားများအား အန္တရာယ်ဖြစ်စေနိုင်ပြီး ရောဂါသယ်ဆောင်နိုင်သည့် အရာများမှ ကာကွယ်ပေးရန် လက်တွေ့မကျပါက သို့မဟုတ် လုံလောက်သော ကာကွယ်စောင့်ရှောက်မှုများ သေချာစေရန် လုံလောက်သည့် အနေအထားတွင်မရှိသည့် အခြေအနေမျိုးတွင် အလုပ်သမားများအား ထိုအရာများမှ ကာကွယ်ရန် လိုအပ်နိုင်သောကြောင့် ကာကွယ်ရေးဝတ်စုံများနှင့် ပစ္စည်းကိရိယာတန်ဆာပလာများနှင့် အခြားသော တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို အလုပ်သမားများအား ဖြည့်ဆည်းပံ့ပိုးပေးရန်နှင့် ယင်းပစ္စည်းကိရိယာများအား အသုံးပြုပုံနှင့်ပတ်သက်ပြီး ညွှန်ကြားပေးရန်။

(၂) အထူးထူးသောအန္တရာယ်များသည် အလုပ်အကိုင်နှင့် ဒွန်တွဲလျက်ရှိနေခြင်းကြောင့် အထက်ဖော်ပြပါ အပိုဒ်ခွဲငယ် (စ) တွင် ရည်ညွှန်းဖော်ပြထားသော ကာကွယ်ရေးဝတ်စုံများနှင့် ပစ္စည်းကိရိယာတန်ဆာပလာများကို အသုံးပြုရန်လိုအပ်သည့် အခြေအနေမျိုးတွင်၊ အလုပ်ရှင်သည် ထိုကာကွယ်ရေးဝတ်စုံများနှင့် ပစ္စည်းကိရိယာတန်ဆာပလာများကို ဖြည့်ဆည်းပံ့ပိုးခြင်း၊ သန့်ရှင်းအောင်ပြုလုပ်ခြင်းနှင့်

ထိန်းသိမ်းခြင်းများကို လုပ်ဆောင်သင့်သည်။ ထိုကဲ့သို့သော ကာကွယ်ရေးဝတ်စုံများ သို့မဟုတ် ပစ္စည်းကိရိယာ တန်ဆာပလာများသည် အဆိပ်အတောက်ရှိသော သို့မဟုတ် အန္တရာယ်ရှိသော အရာဝတ္ထုပစ္စည်းများကြောင့် မသန့်ရှင်းခြင်းဖြစ်ပေါ်နိုင်သည့် အနေအထားမျိုးတွင် ယင်းတို့ကို အလုပ်တွင် တစ်ချိန်လုံးအသုံးပြုရန် မလိုအပ်သောအခါ သို့မဟုတ် အလုပ်ရှင်က သန့်ရှင်းအောင်ပြုလုပ်ရန် သို့မဟုတ် ထိန်းသိမ်းရန်မလိုအပ်သည့်အခါတွင် အလုပ်သမားများ၏ သာမန်အဝတ်အစားများကို မသန့်ရှင်းသည့် အနေအထားမဖြစ်စေနိုင်သည့် နေရာဖြစ်သော သီးသန့်နေရာတွင် ယင်းဝတ်စုံများနှင့် ပစ္စည်းကိရိယာတို့ကို ထိန်းသိမ်းထား ရှိသင့်သည်။

(၃) တာဝန်ယူဆောင်ရွက်ရန် လျော်ကန်သည့်အနေအထားမျိုးတွင် နိုင်ငံ့အာဏာပိုင်များသည် ဤစာပိုဒ်၏ စာပိုဒ်ခွဲ (၁) တွင် ဖော်ပြထားသည့်ဆောင်ရွက်မှုများအားလေ့လာခြင်းကိုတိုးမြှင့်ဆောင်ရွက်သင့်ပြီး၊ ထိုလေ့လာမှုမှ ထွက်ပေါ်လာသည့်ရလဒ်များအား အသုံးပြုရန် တိုက်တွန်းအားပေးသင့်သည်။ ထိုကဲ့သို့သော လေ့လာမှုများကို မိမိသဘောဆန္ဒအလျောက် အလုပ်ရှင်များက တာဝန်ယူဆောင်ရွက်သင့်သည်။

၄။ (၁) အလုပ်သမားများအား အောက်ပါတို့နှင့်ပတ်သက်ပြီး အသိပေးအကြောင်းကြားသင့်သည်။

(က) အထက်ပါစာပိုဒ် (၂) နှင့် (၃) တို့တွင် ဖော်ပြထားသည့် ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်မှုများလိုအပ်မှု၊

(ခ) ထိုကဲ့သို့သော ဆောင်ရွက်မှုများတွင် ပူးပေါင်းဆောင်ရွက်ရမည့် ၎င်းတို့၏ တာဝန်ဝတ္တရားများနှင့် ထိုကဲ့သို့သောလျော်ကန်သည့်ဆောင်ရွက်မှုများကို နှောင့်ယှက်ခြင်းမပြုလုပ်ရန်၊

(ဂ) ၎င်းတို့၏ ကာကွယ်စောင့်ရှောက်မှုအတွက် ဖြည့်ဆည်းပံ့ပိုး

ပေးထားသည့် အသုံးအဆောင်များနှင့် ပစ္စည်းကိရိယာတန်ဆာပလာများအား လျော်ကန်စွာ အသုံးပြုရမည့် ၎င်းတို့၏ တာဝန်ဝတ္တရားများ၊

(၂) ဆောင်ရွက်ရမည့်အရာများနှင့်ပတ်သက်ပြီး အလုပ်သမားများနှင့် တိုင်ပင်ဆွေးနွေးခြင်းကို ၎င်းတို့၏ ပါဝင်မှုသေချာစေသည့် အရေးကြီးသောနည်းလမ်းတစ်ရပ်အနေဖြင့် အသိအမှတ်ပြုသင့်သည်။

၅။ (၁) ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အန္တရာယ်ရှိသော သို့မဟုတ် ကျိန်းစပ်သော ဖုန်မှုန့်များ၊ အခိုးအငွေ့များ၊ ဓါတ်ငွေ့များ၊ အမျှင်များ၊ မြူခိုးများ သို့မဟုတ် ရေခိုးရေငွေ့များ ပမာဏအများအပြား မရှိစေရန်အတွက် အန္တရာယ်ရှိသော သို့မဟုတ် ရွံရှာဖွယ်ရာအရာဝတ္ထုပစ္စည်းများကို ထုတ်လုပ်သော၊ ကိုင်တွယ်သော သို့မဟုတ် အသုံးပြုရသော အလုပ်လုပ်သည့်အခန်းရှိ လေထုအခြေအနေကို အခါအားလျော်စွာ ကြားကာလအချိန်များတွင် မကြာခဏစစ်ဆေးသင့်သည်။ အခွင့်ရအာဏာပိုင်များသည် အခါအားလျော်စွာ သက်ဆိုင်သူအားလုံးနှင့် ဆိုင်သည့် လမ်းညွှန်ချက်များကို ပုံနှိပ်ထုတ်ဝေသင့်ပြီး၊ အန္တရာယ်ရှိသော အရာဝတ္ထုပစ္စည်းများ တရားဝင်လက်ခံနိုင်သော အများဆုံးစုစည်းမှုပမာဏနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို အဆင့်သင့်ရရှိစေရန် လုပ်ဆောင်သင့်သည်။

(၂) အလုပ်လုပ်ကိုင်သည့် နေရာများရှိအလုပ်သမားများ၏ ကျန်းမာရေးကာကွယ်စောင့်ရှောက်ခြင်းနှင့် သက်ဆိုင်သည့် အာဏာပိုင်အား ထိုကဲ့သို့သော အလုပ်လုပ်သည့် အခန်းများရှိ လေထုအခြေအနေကို စစ်ဆေးရန်လိုအပ်သည့်အခြေအနေများနှင့် စစ်ဆေးမှုများ လုပ်ဆောင်မည့် အနေအထားနှင့်ပတ်သက်ပြီး သတ်မှတ်ပြဋ္ဌာန်းပိုင်ခွင့်ပေးသင့်သည်။ ထိုကဲ့သို့သော စစ်ဆေးမှုများကို အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းများက လုပ်ဆောင်သင့်ပြီး၊ လျော်ကန်သည့် အနေအထားမျိုးတွင် ယင်းစစ်ဆေးမှုများကို လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေးနှင့်

ပတ်သက်ပြီး အတွေ့အကြုံရှိပြီး၊ အရည်အချင်းပြည့်ဝသည့် ကျန်းမာရေးဝန်ထမ်းများက လုပ်ဆောင်သင့်သည်။

၆။ အလုပ်သမားများထိတွေ့နေရသည့် အထူးထူးသော အန္တရာယ်ရှိမှုများနှင့် ယင်းအန္တရာယ်ရှိမှုများကို ဖယ်ရှားရန်အတွက် ကြိုတင်ကာကွယ်ခြင်းများ လုပ်ဆောင်ရန် အခွင့်ရအာဏာပိုင်သည် ဥပမာအားဖြင့် အလုပ်လုပ်ကိုင်သည့် နေရာများတွင် သတိပေးစာများထားရှိခြင်းအားဖြင့် အလုပ်ရှင်များနှင့် အလုပ်သမားများ အလေးထားအာရုံစိုက်စေရန် ဆောင်ရွက်သင့်သည်။

၇။ စာပိုဒ် ၂၊ ၃၊ ၄၊ ၅ နှင့် ၆ တို့တွင် ပါရှိသည့် သတ်မှတ်ပြဋ္ဌာန်းချက်များ အာဏာသက်ဝင်စေရန် ရည်ရွယ်လျက်၊ အခွင့်ရအာဏာပိုင်သည် အလုပ်သမားရေးရာ စစ်ဆေးရေးအဖွဲ့ သို့မဟုတ် အလုပ်လုပ်ကိုင်သည့် နေရာများရှိ အလုပ်သမားများ၏ ကျန်းမာရေးကာကွယ်စောင့်ရှောက်ရေးနှင့် သက်ဆိုင်သည့် အခြားသော အာဏာပိုင်နှင့် သက်ဆိုင်ရာ အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများအကြား တိုင်ပင်ဆွေးနွေးမှုပြုလုပ်ခြင်းနှင့် ပတ်သက်ပြီး သတ်မှတ်ပြဋ္ဌာန်းသင့်သည်။

## အပိုင်း (၂) – ကျန်းမာရေးစစ်ဆေးခြင်း

၈။ (၁) နိုင်ငံ၏ဥပဒေများသို့မဟုတ်စည်းမျဉ်းများတွင်ကျန်းမာရေးအတွက် အထူးထူးသောအန္တရာယ် ဖြစ်နိုင်မှုများရှိနေသည့် အလုပ်အကိုင်များတွင် လုပ်ကိုင်နေသည့် အလုပ်သမားများ၏ ကျန်းမာရေး စစ်ဆေးမှုများနှင့်စပ်လျဉ်းသည့် အထူးသတ်မှတ်ပြဋ္ဌာန်းချက်များ ပါဝင်သင့်သည်။

(၂) အောက်ပါတို့နှင့်စပ်လျဉ်း၍ ကျန်းမာရေးအတွက် အထူထူးသော အန္တရာယ်ဖြစ်နိုင်မှုများရှိနေသော အလုပ်အကိုင်များတွင် အလုပ်သမားများ အလုပ်လုပ်ကိုင်ခြင်းသည် –

(က) အလုပ်သမားအလုပ်ဝင်ရောက်မလုပ်ကိုင်မီ အချိန်ခဏအတွင်း

နှင့် အလုပ်ဝင်ရောက်လုပ် ကိုင်ပြီးနောက် အချိန်ခဏအတွင်း တွင် လုပ်ဆောင်ခဲ့သည့် ကျန်းမာရေးစစ်ဆေးမှုအပေါ် မူတည် သင့်သည်။

(ခ) အခါအားလျော်စွာ စစ်ဆေးသည့် ကျန်းမာရေးစစ်ဆေးမှုအ ပေါ်မူတည်သင့်သည်။ သို့မဟုတ်

(ဂ) အထက်အပိုဒ်ခွဲငယ် (က) နှင့် (ခ) တို့တွင် ဖော်ပြပါရှိသည့် ကနဦးကျန်းမာရေးစစ်ဆေးခြင်းနှင့် အခါအားလျော်စွာ စစ်ဆေး သည့်ကျန်းမာရေးစစ်ဆေးမှုတို့အပေါ်တွင် မူတည်သင့်သည်။

(၃) သက်ဆိုင်ရာ အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်း များနှင့်တိုင်ပင်ဆွေးနွေးပြီးနောက်တွင်နိုင်ငံ၏ဥပဒေများသို့မဟုတ် စည်းမျဉ်းများသည် အောက်ပါတို့နှင့်ပတ်သက်ပြီး ဆုံးဖြတ်သတ်မှတ် သင့်သည် သို့မဟုတ် အောက်ပါတို့နှင့်ပတ်သက်ပြီး ဆုံးဖြတ်သတ် မှတ်ရန် လျော်ကန်သည့်အာဏာပိုင်ကို လုပ်ပိုင်ခွင့်ပေးသင့်သည်။

(က) ကျန်းမာရေးစစ်ဆေးမှုများလုပ်ဆောင်သင့်သည့် အန္တရာယ်ရှိ မှုများနှင့် အခြေအနေများ၊

(ခ) ကနဦးကျန်းမာရေးစစ်ဆေးခြင်း သို့မဟုတ် အခါအားလျော် စွာကျန်းမာရေးစစ်ဆေးခြင်း သို့မဟုတ် ယင်းစစ်ဆေးမှု နှစ် မျိုးစလုံးလုပ်ဆောင်သင့်သည့် အန္တရာယ်ရှိမှုအခြေအနေများ၊

(ဂ) အန္တရာယ်ရှိမှုသဘောသဘာဝနှင့် အတိုင်းအတာအခြေအနေ နှင့် တစ်စုံတစ်ရာသော အခြေအနေများ၏ သဘောသဘာဝ နှင့် အတိုင်းအတာ အခြေအနေများနှင့်စပ်လျဉ်း၍၊ အခါအား လျော်စွာ ကျန်းမာရေးစစ်ဆေးမှုများ လုပ်ဆောင်သင့်သည့် အများဆုံးရှိရမည့်ကြားကာလအချိန်များ၊

၉။ အောက်ဖော်ပြပါတို့ကို ရည်ရွယ်လျက်၊ အထက်စာပိုဒ်ပါ ရည်ရွယ်ချက်များ အတွက် ကျန်းမာရေးစစ် ဆေးမှုများပြုလုပ်သင့်သည်။

(က) တစ်စုံတစ်ရာသော လုပ်ငန်းခွင်ဆိုင်ရာ ရောဂါ၏ ဖြစ်နိုင်ဖွယ်ရာ လက္ခဏာရပ်များ သို့မဟုတ် ထိုရောဂါများ အလွယ်တကူ ကူးစက်နိုင်သည့် လက္ခဏာရပ်များအား စောနိုင်သမျှစောစောသိရှိ ခြင်း၊

(ခ) တစ်စုံတစ်ရာသော အလုပ်အကိုင်ဆိုင်ရောဂါနှင့် ပတ်သက်သည့် အန္တရာယ်ရှိမှုကို စိုးရိမ်မှုရှိနေသမျှ၊ တစ်စုံတစ်ရာသော အလုပ်အကိုင်တွင် အလုပ်သမား အလုပ်လုပ်ကိုင်ခြင်း သို့မဟုတ် အလုပ်ဆက်လက်လုပ်ကိုင်ခြင်းနှင့်ပတ်သက်ပြီး ကျန်းမာရေးဆိုင်ရာ ကန့်ကွက်ချက်များ ရှိမရှိသေချာစေရန် လေ့လာစိစစ်ခြင်း၊

၁၀။ (၁) တစ်စုံတစ်ရာသော အလုပ်အကိုင်ဆိုင် ရောဂါနှင့် ပတ်သက်သည့် အန္တရာယ်ရှိမှုကို စိုးရိမ်မှုရှိနေသမျှ၊ တစ်စုံတစ်ရာသော အလုပ်အကိုင်တွင် အလုပ်သမား အလုပ်လုပ်ကိုင်ခြင်းနှင့်ပတ်သက်ပြီး ကျန်းမာရေးဆိုင်ရာ ကန့်ကွက်ချက်များမရှိသည့် အခြေအနေမျိုးတွင် ဤအကျိုးသက်ရောက်မှုနှင့်ပတ်သက်ပြီး အသိအမှတ်ပြုလက်မှတ်ကို အခွင့်ရအာဏာပိုင်က သတ်မှတ်ပြဋ္ဌာန်းထားသည့် ပုံစံဖြင့်ထုတ်ပေးသင့်သည်။

(၂) ထိုကဲ့သို့သော အသိအမှတ်ပြုလက်မှတ်ကို အလုပ်ရှင်က ဖိုင်တွဲဖြင့် သိမ်းဆည်းထားရမည်ဖြစ်ပြီး အလုပ်သမားရေးရာအရာရှိများ သို့မဟုတ် အလုပ်လုပ်ကိုင်သည့်နေရာများရှိ အလုပ်သမားများ၏ ကျန်းမာရေးနှင့် သက်ဆိုင်သည့် အခြားသောအာဏာပိုင်များ အလွယ်တကူ ကြည့်ရှုနိုင်ရန် လုပ်ဆောင်သင့်သည်။

(၃) ထိုသို့သောအသိအမှတ်ပြုလက်မှတ်ကို သက်ဆိုင်ရာ အလုပ်သမားများ အလွယ်တကူကြည့်ရှုနိုင်ရန် လုပ်ဆောင်သင့်သည်။

၁၁။ ကျန်းမာရေးစစ်ဆေးမှုများကို ဖြစ်နိုင်သမျှ လုပ်ငန်းခွင်ဆိုင်ရာကျန်းမာရေး အသိပညာဗဟုသုတရှိသည့် အရည်အချင်းပြည့်စုံသော ဆရာဝန်များက ဆောင်ရွက်သင့်သည်။

၁၂။ ကျန်းမာရေးစစ်ဆေးမှုအားလုံးနှင့် သက်ဆိုင်ရာအချက်အလက်များအား မှတ်

ပုံတင်ခြင်းနှင့် ဖိုင်တွဲထားရှိခြင်းနှင့်စပ်လျဉ်း၍၊ ဆေးကုသမှုဆိုင်ရာလျှို့ဝှက်ထားရှိမှုကို သေချာစွာလိုက်နာဆောင်ရွက်စေသည့် ဆောင်ရွက်မှုများကို လက်ခံအတည်ပြုသင့်သည်။

၁၃။ (၁) ဤအတည်ပြုတိုက်တွန်းချက်အရ လုပ်ဆောင်သည့် ကျန်းမာရေးစစ်ဆေးမှုများတွင် သက်ဆိုင်ရာ အလုပ်သမားက ကုန်ကျစရိတ်ကျခံခြင်းမရှိစေသင့်ပါသည်။

(၂) အမျိုးသားဥပဒေများ သို့မဟုတ် စည်းမျဉ်းများနှင့်သက်ဆိုင်သည့် ကိစ္စရပ်များတွင် ထိုကဲ့သို့သော ကျန်းမာရေးစစ်ဆေးမှုများအတွက် သွားရောက်ခြင်းကြောင့် ကုန်ဆုံးသွားသည့် အချိန်နှင့်ပတ်သက်ပြီး အခကြေးငွေများထဲမှ ဖြတ်တောက်ခြင်းမပြုသင့်ပါ။ စုပေါင်းသဘောတူညီချက်နှင့်သက်ဆိုင်သည့် ကိစ္စရပ်များတွင် ရပ်တည်ချက်အနေအထားသည် သဘောတူညီချက်တွင် ဆုံးဖြတ်သတ်မှတ်ထားသည့် အတိုင်းဖြစ်သင့်သည်။

## အပိုင်း (၃) – လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများနှင့် ပတ်သက်ပြီး အသိပေးအကြောင်းကြားခြင်း

၁၄။ (၁) နိုင်ငံ၏ ဥပဒေများ သို့မဟုတ် စည်းမျဉ်းများသည် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါဖြစ်ပွားသည့် ကိစ္စရပ်များနှင့် ယင်းရောဂါများနှင့် ပတ်သက်ပြီး သံသယဖြစ်ဖွယ်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး အသိပေးအကြောင်းကြားခြင်းကို သတ်မှတ်ပြဋ္ဌာန်းထားသင့်သည်။

(၂) အောက်ပါတို့ကို ရည်ရွယ်လျက် ထိုကဲ့သို့သော အသိပေးအကြောင်းချက်ခြင်းများကို သတ်မှတ်ပြ ဋ္ဌာန်းသင့်သည်။

(က) ကြိုတင်တားဆီးကာကွယ်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းနှင့် ယင်းတို့ကို ထိရောက်သေချာစွာ ကျင့်သုံးခြင်းနှင့်ဆိုင်သည့် ကနဦးဆောင်ရွက်မှုများ၊

(ခ) အလုပ်ကိုင်အခြေအနေများနှင့် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများ ဖြစ်ပွားစေသည့် သို့မဟုတ် ထိုကဲ့သို့ ရောဂါဖြစ်ပွါးစေရန် သံသယဖြစ်ဖွယ်ရှိသည့် အခြေအနေများကို စုံစမ်းစစ်ဆေးခြင်း၊

(ဂ) လုပ်ငန်းခွင်ကြောင့် ရောဂါဖြစ်ပေါ်သည့် ကိန်းဂဏန်းများ အချက်အလက်များအား စုစည်းထားရှိခြင်း၊

(ဃ) လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများခံစားနေရသူများ အနေဖြင့် ထိုကဲ့သို့သော ရောဂါများအတွက် လျော်ကြေးငွေများ သေချာစွာရရှိစေရန် ဒီဇိုင်းပုံဖော်ထားသည့် ကနဦးဆောင်ရွက်ချက်များ သို့မဟုတ် ဆောင်ရွက်မှုများ ရေးဆွဲဖော်ဆောင်ခြင်းကို ခွင့်ပြုခြင်း၊

(၃) အသိပေးအကြောင်းကြားစာကို အလုပ်သမားရေးရာ စစ်ဆေးရေးအဖွဲ့ သို့မဟုတ် အလုပ်လုပ်ကိုင်သည့် နေရာများရှိ အလုပ်သမားများ၏ ကျန်းမာရေးကာကွယ်စောင့်ရှောက်ရေးနှင့် သက်ဆိုင်သည့်အခြား သောအာဏာပိုင်များထံ ပေးပို့သင့်သည်။

၁၅။ နိုင်ငံ၏ဥပဒေများ သို့မဟုတ် စည်းမျဉ်းများသည် –

(က) လုပ်ငန်းခွင်ဆိုင်ရာ ရောဂါဖြစ်ပွားမှုကိစ္စရပ်များနှင့် သံသယဖြစ်ဖွယ်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသိပေးအကြောင်းကြားရန် တာဝန်ရှိသူများကို သတ်မှတ်ပြဋ္ဌာန်းသင့်သည်။

(ခ) လုပ်ငန်းခွင်ဆိုင်ရာ ရောဂါဖြစ်ပွားမှု ကိစ္စရပ်များနှင့်ပတ်သက်ပြီး အသိပေးအကြောင်းကြားသင့်သည့် ပုံစံနှင့် အသိပေးအကြောင်းကြားရမည့် အကြောင်းအချက်များနှင့်ပတ်သက်ပြီး သတ်မှတ်ပြဋ္ဌာန်းသင့်ပြီး၊ အထူးသဖြင့်၊ အောက်ပါတို့နှင့်ပတ်သက်ပြီး သတ်မှတ်ပြဋ္ဌာန်းသင့်သည် –

(၁) ချက်ချင်းအသိပေးအကြောင်းကြားရန် လိုအပ်သည့်ကိစ္စရပ်များနှင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် ကြားကာလများတွင်

အသိပေးအကြောင်းကြားလျှင်လုံလောက်သည့်ကိစ္စရပ်များ၊

(၂) ချက်ချင်းအသိပေးအကြောင်းကြားရန် လိုအပ်သည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါဖြစ်ပွားမှု ကိစ္စရပ်များ သို့မဟုတ် သံသယဖြစ်ဖွယ်ရာ ကိစ္စရပ်များကို သိရှိပြီးနောက် အသိပေးအကြောင်းကြားရန် လိုအပ်သည့် အချိန်ကာလကန့်သတ်ချက်၊

(၃) သတ်မှတ်ပြဋ္ဌာန်းထားသည့် ကြားကာလများတွင် အသိပေးအကြောင်းကြားလျှင် လုံလောက်သည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍၊ အသိပေး အကြောင်းကြားရန်လိုအပ်သည့် ကြားကာလအချိန်အတိုင်းအတာ၊

၁၆။ အသိပေးအကြောင်းကြားချက်တွင် အထူးသဖြင့် အောက်ပါအသေးစိတ်ဖော်ပြချက်များအပါအဝင်၊ တာဝန်ဝတ္တရားများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် အတွက်လျော်ကန်ပြီးလိုအပ်နိုင်သည်ဖြစ်သောကြောင့် ထိုကဲ့သို့သောသတင်းအချက်အလက်များကို အလုပ်လုပ်ကိုင်သည့်နေရာရှိ အလုပ်သမားများ၏ ကျန်းမာရေး ကာကွယ်စောင့်ရှောက်ရေးနှင့် သက်ဆိုင်သည့် အာဏာပိုင်အား ဖြည့်ဆည်းပံ့ပိုးသင့်သည်။

(က) သက်ဆိုင်ရာပုဂ္ဂိုလ်၏ အသက်နှင့် လိင်အမျိုးအစား

(ခ) နောက်ဆုံးအလုပ်လုပ်ကိုင်ခဲ့သည့် အလုပ်အကိုင်နှင့် လုပ်ဆောင်မှု သို့မဟုတ် လုပ်ငန်း

(ဂ) သက်ဆိုင်ရာပုဂ္ဂိုလ် အလုပ်လုပ်ကိုင်သည့်နေရာ သို့မဟုတ် နောက်ဆုံးအလုပ်လုပ်ကိုင်ခဲ့သည့်နေရာ အမည်နှင့် လိပ်စာ၊

(ဃ) ရောဂါ သို့မဟုတ် အဆိပ်အတောက်၏ သဘောသဘာဝအနေအထား၊

(င) ရောဂါများ သို့မဟုတ် အဆိပ်အတောက်များရှိနေသည့် အန္တရာယ်ရှိသော ရောဂါသယ်ဆောင်သည့်အရာများ၊

(စ) ရောဂါများ သို့မဟုတ် အဆိပ်အတောက်များရှိသည့် အန္တရာယ်ရှိသောအရာနှင့် ထိတွေ့ခဲ့ရသည်ဟု အလုပ်သမားက ယူဆသည့် လုပ်ငန်း၏အမည်နှင့် လိပ်စာ၊

(ဆ) အသိပေးအကြောင်းကြားမှု လုပ်ဆောင်သည့် ပုဂ္ဂိုလ်က သိရှိထားသ၍ သို့မဟုတ် သေချာအောင်အလွယ်တကူစိစစ်နိုင်သ၍၊ လျော်ကန်သည့် အနေအထားမျိုးတွင် စတင်ဖြစ်ပေါ်သည့် ရက်စွဲနှင့် အန္တရာယ်ရှိသည့်အရာနှင့်သက်ဆိုင်ရာအလုပ်သမားထိတွေ့ရသောသို့မဟုတ် ထိတွေ့ပြီးဖြစ်သော အလုပ်အကိုင်များ၊ လုပ်ဆောင်မှုများ သို့မဟုတ် လုပ်ငန်းများတစ်ခုစီတိုင်းတွင်ရှိသည့် အန္တရာယ်ရှိသောအရာနှင့် ထိတွေ့မှုကို ရပ်နားခြင်း၊

၁၇။ သက်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းများ၊ အလုပ်ရှင်အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးပြီး နောက်တွင် အခွင့်ရအာဏာပိုင်သည် ရှေ့ပြေးလက္ခဏာရပ်များနှင့်အတူ ဥပဒေအရ ကျန်းမာရေးဌာနသို့ အကြောင်းကြားရမည်ဖြစ်သော လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများ သို့မဟုတ် ဖြစ်ပေါ်သည့် ကိစ္စရပ်အမျိုးအစားများကို စာရင်းပြုစုရေးဆွဲထားရှိသင့်ပြီး၊ အခြေအနေများက လိုအပ်နိုင်သည့်အနေအထားတွင် ရှိနိုင်သောကြောင့် သို့မဟုတ် တွေ့ရှိရန်လိုလားဖွယ်ရာ ဖြစ်နိုင်သောကြောင့် အခါအားလျော်စွာ ဖြည့်စွက်ခြင်းများ သို့မဟုတ် ပြင်ဆင်ခြင်းများကို လုပ်ဆောင်သင့်သည်။

## အပိုင်း (၄) – ရှေးဦးသူနာပြုစုခြင်း

၁၈။ (၁) မတော်တဆဖြစ်မှုများ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများ၊ အဆိပ်အတောက်ဖြစ်ခြင်း သို့မဟုတ် မကျန်းမမာဖြစ်ခြင်း ကိစ္စရပ်များနှင့် ပတ်သက်ပြီး ရှေးဦးသူနာပြုစုခြင်းနှင့် အရေးပေါ်ကုသခြင်းများအတွက် လိုအပ်သည့်အထောက်အပံ့ပစ္စည်းများကို အလုပ်လုပ်ကိုင်သည့် နေရာများတွင် ဖြည့်ဆည်းပံ့ပိုးထားရှိသင့်သည်။

(၂) နိုင်ငံ၏ ဥပဒေများ သို့မဟုတ် စည်းမျဉ်းများသည် အထက်စာပိုဒ်ခွဲအား ကျင့်သုံးရမည့် နည်းဟန်နှင့် ပတ်သက်ပြီး ဆုံးဖြတ်သတ်မှတ်သင့်သည်။

## အပိုင်း (၅) – အထွေထွေသတ်မှတ်ပြဌာန်းချက်

၁၉။ ဤအကြံပြုတိုက်တွန်းချက်တွင် ဥပဒေများ၊ စည်းမျဉ်းများ သို့မဟုတ် အာဏာပိုင်များကို ရည်ညွှန်းရာ၌ အသုံးပြုသော အမျိုးသားဟူသော ဝေါဟာရသည် ဖက်ဒရယ်ပြည်နယ်အနေအထားမျိုးတွင် ယင်းသည် ဖက်ဒရယ်ပြည်နယ်၊ စီရင်စု၊ ဒေသစိတ်နယ်မြေ သို့မဟုတ် အခွင့်ရအစိုးရယူနစ်တို့ကို လျော်ကန်သလို ရည်ညွှန်းခြင်းဖြစ်ကြောင်း သိရှိနားလည်ရမည်။

# ၁၀။ လုပ်ငန်းခွင်ကြောင့်ဖြစ်ပေါ်သည့် ရောဂါစာရင်းဆိုင်ရာ အကြံပြုတိုက်တွန်းချက်၊ ၂၀၀၂ ခုနှစ် (အမှတ် – ၁၉၄)

## နိဒါန်း

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ အထွေထွေညီလာခံကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၏ အုပ်ချုပ်ရေးအဖွဲ့ကကြီးမှူးလျက်၊ ဂျီနီဗာမြို့တွင် ၂၀၀၂ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့တွင် အကြိမ် ၉၀ မြောက်ကျင်းပပြုလုပ်ရာ၊

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်နှင့် အကြံပြုတိုက်တွန်းချက် (၁၉၈၁ ခုနှစ်) နှင့် လုပ်ငန်းခွင်ကျန်းမာရေးဝန်ဆောင်မှုများဆိုင်ရာ ပြဋ္ဌာန်းချက်နှင့် အကြံပြုတိုက်တွန်းချက် (၁၉၈၅ ခုနှစ်) တို့တွင် ပါရှိသည့် သတ်မှတ်ပြဋ္ဌာန်းချက်များကို မှတ်သား၍လည်းကောင်း၊

လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရရှိမှုနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက် (၁၉၆၄ ခုနှစ်) အား ဖြည့်စွက်ထားပြီး ၁၉၈၀ ခုနှစ်တွင် ပြင်ဆင်ခဲ့သည့် လုပ်ငန်းခွင်ကြောင့်ဖြစ်ပေါ်သည့် ရောဂါစာရင်းကိုလည်း မှတ်သား၍လည်းကောင်း၊

လုပ်ငန်းခွင်ဆိုင်ရာ မတော်တဆဖြစ်မှုများနှင့် ရောဂါများဖြစ်ပေါ်သည့် အကြောင်းရင်းများကို ခွဲခြားသတ်မှတ်ဖော်ထုတ်ခြင်း၊ ကြိုတင်တားဆီးကာကွယ်ရေး ဆောင်ရွက်မှုများကို ချမှတ်ဆောင်ရွက်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် အသိပေးအကြောင်းကြားသည့်စနစ်များ သဟဇာတဖြစ်ရေးကို မြှင့်တင်ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းခွင်ဆိုင်ရာ မတော်တဆဖြစ်မှုများနှင့် လုပ်ငန်းခွင်ဆိုင်ရာရောဂါဖြစ်ပေါ်သည့် ကိစ္စရပ်

မျိုးတွင် လျော်ကြေးပေးဆောင်သည့် လုပ်ငန်းစဉ်တိုးတက်ကောင်းမွန်စေခြင်းတို့ကို ရည်ရွယ်လျက်၊ လုပ်ငန်းခွင်မတော်တဆဖြစ်မှုများနှင့် လုပ်ငန်းခွင်ရောဂါဖြစ်ပေါ်ခြင်းများအတွက် ခွဲခြားသတ်မှတ်ဖော်ထုတ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် အသိပေးအကြောင်းကြားသည့် လုပ်ထုံးလုပ်နည်းများအားကောင်းစေရန် လိုအပ်ကြောင်းကို အလေးထားလျက်လည်းကောင်း၊

လုပ်ငန်းခွင်ကြောင့်ဖြစ်ပေါ်သည့် ရောဂါစာရင်းများကို ခေတ်စနစ်နှင့်အညီ ပြုပြင်မွမ်းမံခြင်းအတွက် ရိုးရှင်းလွယ်ကူသည့် လုပ်ထုံးလုပ်နည်းတစ်ရပ် လိုအပ်ကြောင်းကို အလေးထားလျက်လည်းကောင်း အစည်းအဝေး၏ အစီအစဉ် (၅) တွင် ပါရှိသော လုပ်ငန်းခွင်ဆိုင်ရာ မတော်တဆဖြစ်မှုများနှင့် ရောဂါများနှင့်၊ လုပ်ငန်းခွင်ကြောင့်ဖြစ်ပေါ်သည့် ရောဂါစာရင်းကို ပုံမှန်ဆန်းစစ်ခြင်းနှင့် ခေတ်စနစ်နှင့်အညီ ပြုပြင်မွမ်းမံခြင်းတို့နှင့်သက်ဆိုင်သည့် အဆိုပြုချက်အချို့ကို လက်ခံအတည်ပြုရန် ဆုံးဖြတ်ချက်ချမှတ်၍ လည်းကောင်း၊

ဤအဆိုပြုချက်များအား အကြံပြုတိုက်တွန်းချက် ပုံစံတစ်ရပ်အဖြစ် ဆုံးဖြတ်ချက်ချမှတ်လျက်၊ ၂၀၀၂ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် လုပ်ငန်းခွင်ကြောင့် ဖြစ်ပေါ်သည့် ရောဂါစာရင်းဆိုင်ရာ အကြံပြုတိုက်တွန်းချက် (၂၀၀၂ ခုနှစ်) အဖြစ်ညွှန်းဆိုနိုင်သည့် အောက်ပါအကြံပြုတိုက်တွန်းချက်ကို လက်ခံအတည်ပြုလိုက်သည်။

၁။ လုပ်ငန်းခွင်ဆိုင်ရာ မတော်တဆဖြစ်မှုများနှင့် လုပ်ငန်းခွင်ဆိုင်ရာရောဂါများကို မှတ်တမ်းတင်ခြင်းနှင့် အသိပေးအကြောင်းကြားခြင်းဆိုင်ရာစနစ်များအား ချမှတ်ဆောင်ရွက်ခြင်း၊ ပြန်လည်ဆန်းစစ်ခြင်းနှင့် ကျင့်သုံးခြင်းတို့ကို လုပ်ဆောင်ရာတွင်၊ အခွင့်ရအာဏာပိုင်သည် လုပ်ငန်းခွင်ဆိုင်ရာမတော်တဆဖြစ်မှုများနှင့် လုပ်ငန်းခွင်ဆိုင်ရာရောဂါများကို မှတ်တမ်းတင်ခြင်းနှင့် အသိပေးအကြောင်းကြားခြင်းဆိုင်ရာ ကျင့်ဝတ်စည်းကမ်း (၁၉၉၆ ခုနှစ်) နှင့် ဤအကြောင်းအရာနှင့်ပတ်သက်ပြီး၊ အနာဂါတ်အတွက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့က အတည်ပြုထားသည့် အခြားသောကျင့်ဝတ်စည်းကမ်းများနှင့် လမ်းညွှန်ချက်များကို ထည့်သွင်းစဉ်းစားသင့်သည်။

၂။ ကိုယ်စားပြုမှုအများဆုံးဖြစ်သည့် အလုပ်ရှင်အဖွဲ့အစည်းများနှင့် အလုပ်သမား အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးလျက်၊ နိုင်ငံ၏ အခြေအနေများနှင့် အလေ့အကျင့်များနှင့်လျော်ကန်သည့် နည်းစနစ်များနှင့် လိုအပ်သလို ဆောင်ရွက်ရမည့် အဆင့်များအားဖြင့် ကြိုတင်တားဆီး ကာကွယ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ အသိပေးအကြောင်းကြားခြင်းနှင့် သက်ဆိုင်မှုရှိပါက၊ လျော်ကြေးငွေပေးဆောင်ခြင်းများ ပြုလုပ်ရန် ရည်ရွယ်ချက်အတွက် လုပ်ငန်းခွင်ကြောင့်ဖြစ်ပေါ်သည့် အမျိုးသားအဆင့် ရောဂါစာရင်းကို အခွင့်ရအာဏာပိုင်က ချမှတ်ဆောင်ရွက်သင့်သည်။ ဤရောဂါ စာရင်းသည် –

(က) ကြိုတင်တားဆီးကာကွယ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ အသိပေးအကြောင်းကြားခြင်းနှင့် လျော်ကြေးငွေပေးဆောင်ခြင်း ရည်ရွယ်ချက်များအတွက် အနည်းဆုံးအနေဖြင့် ၁၉၈၀ ခုနှစ်တွင် ပြင်ဆင်ခဲ့သည့် လုပ်ငန်းခွင်ဆိုင်ရာ ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့်များဆိုင်ရာ ပြဋ္ဌာန်းချက် (၁၉၆၄ ခုနှစ်) ၏ အစီအစဉ် (၁) တွင် စာရင်းပြုစုတတင်ပြထားသော ရောဂါများပေါင်းစည်း ပါဝင်သင့်သည်။

(ခ) ဖြစ်နိုင်သည့်အတိုင်းအတာအနေဖြင့် ဤအကြံပြုတိုက်တွန်းချက်၏ နောက်ဆက်တွဲအနေဖြင့်ပါရှိသောလုပ်ငန်းခွင်ကြောင့်ဖြစ်ပေါ်သည့် ရောဂါစာရင်းတွင်ပါဝင်သည့် အခြားသောရောဂါများအထိ ပေါင်းစည်းပါဝင်သင့်သည်။

(ဂ) ဖြစ်နိုင်သည့်အတိုင်းအတာအနေဖြင့် “လုပ်ငန်းခွင်ဆိုင်ရာ သံသယဖြစ်ဖွယ်ရာရောဂါများ” ခေါင်းစဉ်အပိုင်းအထိ ပေါင်းစည်းပါဝင်သင့်သည်။

၃။ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာရုံး၏အုပ်ချုပ်မှုအဖွဲ့က ကြီးမှူးလျက် သုံးပွင့်ဆိုင် ကျွမ်းကျင် ပညာရှင်များတွေ့ဆုံစည်းဝေးခြင်းအားဖြင့် ဤအကြံပြုတိုက်တွန်းချက်၏ နောက်ဆက်တွဲအဖြစ် စာရင်းပြုစုထားသည့် ရောဂါစာ

ရင်းများကို ပုံမှန်ဆန်းစစ်ခြင်းနှင့် ခေတ်စနစ်နှင့်အညီ ပြုပြင်မွမ်းမံခြင်းများ ပြုလုပ်သင့်သည်။ ပြုပြင်မွမ်းမံထားသည့် ရောဂါစာရင်း အသစ်မှန်သမျှကို အတည်ပြုချက်ရယူရန် အုပ်ချုပ်မှုအဖွဲ့ထံသို့ တင်ပြရမည်။ ထိုအတည်ပြုချက်အားဖြင့် ယခင်ရောဂါစာရင်းနေရာတွင် အစားထိုးကာ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများထံ ဆက်သွယ်ပေးပို့ရမည်။

၄။ အထက်ပါ စာပိုဒ် (၃) နှင့်အညီ ခေတ်စနစ်နှင့်အညီဆုံးဖြစ်စေရန် ပြုပြင်မွမ်းမံထားသည့် စာရင်းနှင့် စပ်လျဉ်း၍၊ လုပ်ငန်းခွင်ကြောင့်ဖြစ်ပေါ်သည့် အမျိုးသားအဆင့်ရောဂါစာရင်းကို ပြန်လည်ဆန်းစစ်ခြင်းနှင့် ခေတ်စနစ်နှင့် အညီ ပြုပြင်မွမ်းမံသင့်သည်။

၅။ ဤအကြံပြုတိုက်တွန်းချက်တွင်နောက်ဆက်တွဲဖော်ပြထားသည့်လုပ်ငန်းခွင်ကြောင့်ဖြစ်ပေါ်သည့် ရောဂါစာရင်းအား ပုံမှန်ဆန်းစစ်ခြင်းနှင့် ခေတ်စနစ်နှင့်အညီ ပြုပြင်မွမ်းမံခြင်းများ အဆင်ပြေချောမွေ့စေရန် ရည်ရွယ်လျက်၊ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ချမှတ်ထားပြီးသည်နှင့်တစ်ပြိုင်နက် သို့မဟုတ် ပြင်ဆင်တည်းဖြတ်ပြီးသည်နှင့်တစ်ပြိုင်နက် လုပ်ငန်းခွင်ကြောင့်ဖြစ်ပေါ်သည့် အမျိုးသားအဆင့်စာရင်းကို အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာရုံးသို့ ဆက်သွယ်ပေးပို့သင့်သည်။

၆။ လုပ်ငန်းခွင်ဆိုင်ရာ မတော်တဆဖြစ်မှုများနှင့် လုပ်ငန်းခွင်ဆိုင်ရာရောဂါများနှင့်စပ်လျဉ်းသည့် ကိန်းဂဏန်းအချက်အလက်များကို နိုင်ငံတကာအဆင့်တွင် ဖလှယ်ခြင်းနှင့်နှိုင်းယှဉ်ခြင်းများ ပြုလုပ်ရာတွင် အဆင်ပြေချောမွေ့စေရန် ရည်ရွယ်လျက်၊ အဖွဲ့ဝင်နိုင်ငံတိုင်းသည် လုပ်ငန်းခွင်ဆိုင်ရာ မတော်တဆဖြစ်မှုများ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများ၊ အန္တရာယ်ရှိသော ဖြစ်ရပ်များနှင့် အိမ်နှင့်လုပ်ငန်းခွင်အသွားအပြန် မတော်တဆ ဖြစ်မှုများနှင့် ပတ်သက်ပြီး ပြည့်စုံသည့်စာရင်းကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံးသို့ နှစ်စဉ်လျော်ကန်သလို ဖြည့်ဆည်းပံ့ပိုးပေးသင့်သည်။

# နောက်ဆက်တွဲ
# လုပ်ငန်းခွင်ကြောင့်ဖြစ်ပေါ်သည့် ရောဂါစာရင်း
# (၂၀၁၀ ခုနှစ်တွင် ပြင်ဆင်တည်းဖြတ်သည်)

(ဤရောဂါစာရင်းကို အသုံးပြုရာတွင် ရောဂါဖြစ်ပေါ်စေသည့်အရာများနှင့် ထိတွေ့မှု အတိုင်းအတာနှင့် ထိတွေ့မှုအမျိုးအစားနှင့် တစ်စုံတစ်ရာအန္တရာယ်ရှိသည့် အရာများနှင့်ထိတွေ့မှုများရှိသည့် အလုပ်အကိုင် သို့မဟုတ် အသက်မွေးဝမ်းကျောင်း အလုပ်တို့ကို လျော်ကန်သည့်အချိန်တွင် ထည့်သွင်းစဉ်းစားသင့်သည်။)

၁။ လုပ်ငန်းခွင်တွင် လုပ်ဆောင်မှုများမှထွက်ပေါ်လာသည့် ရောဂါသယ်ဆောင်သည့် အရာများနှင့် ထိတွေ့မှုကြောင့်ဖြစ်ပေါ်သည့် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများ –

၁.၁။ ရောဂါသယ်ဆောင်သည့် ဓာတုပစ္စည်းများကြောင့် ဖြစ်ပေါ်သည့်ရောဂါများ

၁.၁.၁။ မာကျောသော မီးခိုးရောင်သတ္တုဖြစ်သော ဘီရီလီယမ်သတ္တု သို့မဟုတ် ယင်း၏ ဒြပ်ပေါင်းကြောင့် ဖြစ်ပေါ်သည့်ရောဂါများ

၁.၁.၂။ ငွေရောင်တောက်သည့် အဖြူရောင်သတ္တုဖြစ်သော ကတ်မီယမ် သတ္တု သို့မဟုတ် ယင်း၏ ဒြပ်ပေါင်းကြောင့် ဖြစ်ပေါ်သည့် ရောဂါများ

၁.၁.၃။ ဖော့စဖောရပ်(စ်) သို့မဟုတ် ယင်း၏ ဒြပ်ပေါင်းကြောင့် ဖြစ်ပေါ်သည့် ရောဂါများ

၁.၁.၄။ အစွန်းခံသမဏိများနှင့် အခြားသော သတ္တုစပ်များတွင် အသုံးပြုသည့် ခရိုမီယမ်သတ္တု သို့မဟုတ် ယင်း၏ ဒြပ်ပေါင်းကြောင့် ဖြစ်ပေါ်သည့် ရောဂါများ

၁.၁.၅။ သံမဏိနှင့် ဖန်ချက်လုပ်ငန်းတွင် အသုံးပြုသည့် ဒြပ်စင်တစ်မျိုး ဖြစ်သော မန်ဂနိ သို့မဟုတ် ယင်း၏ဒြပ်ပေါင်းကြောင့် ဖြစ်ပေါ် သည့်ရောဂါများ

၁.၁.၆။ အာဆင်းနစ် သို့မဟုတ် ယင်း၏ ဒြပ်ပေါင်းကြောင့်ဖြစ်ပေါ် သည့် ရောဂါများ

၁.၁.၇။ မာကျူရီ သို့မဟုတ် ယင်း၏ဒြပ်ပေါင်းကြောင့်ဖြစ်ပေါ်သည့် ရောဂါများ

၁.၁.၈။ ခဲ သို့မဟုတ် ယင်း၏ ဒြပ်ပေါင်းကြောင့်ဖြစ်ပေါ်သည့် ရောဂါ များ

၁.၁.၉။ ဖလူအိုရင်းဒြပ်စင် သို့မဟုတ် ယင်း၏ ဒြပ်ပေါင်းကြောင့်ဖြစ်ပေါ် သည့် ရောဂါများ

၁.၁.၁၀။ ကာဗွန်ဒိုင်ဆာလဖိုက်ကြောင့်ဖြစ်ပေါ်သည့်ရောဂါများ

၁.၁.၁၁။ အလီဖက်တစ် ဟိုက်ဒရိုကာဗွန် သို့မဟုတ် မွှေးကြိုင်သော ဟိုက်ဒရိုကာဗွန်များ၏ ဟေလိုဂျင်ဆင့်ပွားများကြောင့်ဖြစ် ပေါ်သည့်ရောဂါများ

၁.၁.၁၂။ ရေနံနှင့် ကတ္တရာမှရသော ဘင်ဇင်းဓာတ်ဆေးရည်နှင့် ယင်း နှင့် အလားတူများကြောင့် ဖြစ်ပေါ်သည့်ရောဂါများ

၁.၁.၁၃။ ရေနံနှင့် ကတ္တရာမှရသော ဘင်ဇင်းဓာတ်ဆေးရည်နှင့် ယင်း နှင့်အလားတူများ၏နိုက်ထရိုနှင့်အမိုင်နိုဆင့်ပွားများကြောင့် ဖြစ်ပေါ်သည့် ရောဂါများ

၁.၁.၁၄။ ဓာတုဒြပ်ပေါင်းတစ်မျိုးဖြစ်သည့် နိုက်ထရိုဂရစ်ဆလင်း သို့မ ဟုတ် အခြားသော နိုက်ထရစ်အက်ဆစ် ဓာတုဒြပ်ပေါင်း ကြောင့် ဖြစ်ပေါ်သည့်ရောဂါများ

၁.၁.၁၅။ အရက်၊ ဓာတုဒြပ်ပေါင်းတစ်မျိုးဖြစ်သည့် ဂလိုင်ကော သို့မဟုတ် ခန္ဓာကိုယ်တွင် သကြားဓာတ်အဖြစ် ပြောင်းလဲစေရန် အသဲ က ထုတ်လုပ်ပေးသည့် ကီတုန်း (ketones) များကြောင့် ဖြစ် ပေါ်သည့် ရောဂါများ

၁.၁.၁၆။ ဟိုက်ဒရိုဂျင်ကာဗွန်မိုနောက်ဆိုဒ်၊ ဟိုက်ဒရိုဂျင်ဆာလဖိုက်၊ ဟိုက်ဒရိုက်ဂျင်ဆိုင်ယာနိုက် သို့မဟုတ် ယင်း၏ ဆင့်ပွားများကဲ့သို့သော အဆိပ်အတောက်ဖြစ်စေသည့် အက်စဖီဆီယမ်များကြောင့်ဖြစ်ပေါ်သည့် ရောဂါများ

၁.၁.၁၇။ ပလပ်စတစ်နှင့် ရာဘာများထုတ်လုပ်ရာတွင် အသုံးပြုသည့် အခရိုလိုနိုက်ထရိုင်းကြောင့် ဖြစ်ပေါ်သည့်ရောဂါများ

၁.၁.၁၈။ နိုက်ထရိုဂျင်အောက်ဆိုဒ်များကြောင့် ဖြစ်ပေါ်သည့်ရောဂါများ

၁.၁.၁၉။ မီးခိုးရောင်သမ်းပြီးပုံသွင်းနိုင်သည့် ဓာတုဒြပ်စင်တစ်မျိုးဖြစ်သော ဗနေဒီယမ် သို့မဟုတ် ယင်း၏ ဒြပ်ပေါင်းများကြောင့် ဖြစ်ပေါ်သည့် ရောဂါများ

၁.၁.၂၀။ ခနောက်စိမ်း သို့မဟုတ် ယင်း၏ ဒြပ်ပေါင်းများကြောင့်ဖြစ်ပေါ်သည့်ရောဂါများ

၁.၁.၂၁။ ဓာတုဒြပ်ပေါင်းတစ်မျိုးဖြစ်သော ဟက်ဇိန်းကြောင့်ဖြစ်ပေါ်သည့် ရောဂါများ

၁.၁.၂၂။ ရေတွင်အလွန်ပျော်ဝင်လွယ်သည့် ဓာတ်သတ္တုအက်ဆစ်များကြောင့်ဖြစ်ပေါ်သည့် ရောဂါများ

၁.၁.၂၃။ ဆေးဖော်စပ်ခြင်းနှင့်ဆိုင်သော ရောဂါသယ်ဆောင်နိုင်သည့် အရာများကြောင့် ဖြစ်ပေါ်သည့် ရောဂါများ

၁.၁.၂၄။ နီကယ် သို့မဟုတ် ယင်း၏ဒြပ်ပေါင်းကြောင့်ဖြစ်ပေါ်သည့် ရောဂါများ

၁.၁.၂၅။ သယ်လီယမ် သို့မဟုတ် ယင်း၏ ဒြပ်ပေါင်းများကြောင့်ဖြစ်ပေါ်သည့်ရောဂါများ

၁.၁.၂၆။ ငွေရောင်အဆင်းရှိပြီး ပလက်တီနမ်ဒြပ်စင်အုပ်စုဝင် တစ်ခုဖြစ်သော အောစ်မီယမ် သို့မဟုတ် ယင်း၏ ဒြပ်ပေါင်းကြောင့်

ဖြစ်ပေါ်သည့်ရောဂါများ

၁.၁.၂၇။ ဓာတ်သတ္တုတစ်မျိုးဖြစ်သော ဆယ်လီနီယမ် သို့မဟုတ် ယင်း၏ ဒြပ်ပေါင်းကြောင့် ဖြစ်ပေါ်သည့်ရောဂါများ

၁.၁.၂၈။ ကြေးနီ သို့မဟုတ် ယင်း၏ ဒြပ်ပေါင်းကြောင့်ဖြစ်ပေါ်သည့် ရောဂါများ

၁.၁.၂၉။ ပလက်တီနမ် သို့မဟုတ် ယင်း၏ ဒြပ်ပေါင်းကြောင့်ဖြစ်ပေါ် သည့်ရောဂါများ

၁.၁.၃၀။ သံဖြူဒြပ်စင် သို့မဟုတ် ယင်း၏ ဒြပ်ပေါင်းကြောင့်ဖြစ်ပေါ် သည့်ရောဂါများ

၁.၁.၃၁။ သွပ် သို့မဟုတ် ယင်း၏ ဒြပ်ပေါင်းကြောင့်ဖြစ်ပေါ်သည့် ရောဂါ များ

၁.၁.၃၂။ ဓာတုဒြပ်ပေါင်းတစ်မျိုးဖြစ်သည့် ဖော့စဂျင်း ကြောင့်ဖြစ်ပေါ် သည့်ရောဂါများ

၁.၁.၃၃။ ဓာတုဒြပ်ပေါင်းတစ်မျိုးဖြစ်ပြီး ပါရာကွီနုန်းဟု လူသိများသော ဘန်ဇိုကွီနုန်းကဲ့သို့သော မျက်ကြည်လွှာကို ဒုက္ခပေးခြင်းကြောင့် ဖြစ်ပေါ်သည့်ရောဂါများ

၁.၁.၃၄။ အမိုးနီးယားဓါတ်ငွေ့ကြောင့်ဖြစ်ပေါ်သည့်ရောဂါများ

၁.၁.၃၅။ အိမ်သုတ်ဆေးများ၊ အရောင်တင်ဆီများစသည်တို့ ထုတ်လုပ် ရာတွင် အသုံးပြုသည့် အိုင်ဆိုဆိုင်ယမ်နိတ်များကြောင့် ဖြစ် ပေါ်သည့်ရောဂါများ

၁.၁.၃၆။ ပိုးသတ်ဆေးများကြောင့်ဖြစ်ပေါ်သည့်ရောဂါများ

၁.၁.၃၇။ ဆာလဖာအောက်ဆိုဒ်များကြောင့်ဖြစ်ပေါ်သည့်ရောဂါများ

၁.၁.၃၈။ သဘာဝမြေဩဇာဖျော်ရည်များကြောင့်ဖြစ်ပေါ်သည့်ရောဂါ များ

၁.၁.၃၉။ ရာဘာစေး သို့မဟုတ် ရာဘာစေးပါဝင်သော ထုတ်ကုန်ပစ္စည်းများကြောင့်ဖြစ်ပေါ်သည့် ရောဂါများ

၁.၁.၄၀။ ရေသန့်စင်ရာတွင် အသုံးပြုသည့် ဓါတုဒြပ်စင်တစ်မျိုးဖြစ်သော ကလိုရင်းကြောင့် ဖြစ်ပေါ်သည့်ရောဂါများ

၁.၁.၄၁။ သိပ္ပံနည်းကျ ချမှတ်ဖော်ပြထားသည့် တိုက်ရိုက်ချိတ်ဆက်မှုရှိသော အထက်ဖော်ပြပါ အမျိုးအစားများတွင် ဖော်ပြထားရှိမရှိသော်လည်း လုပ်ငန်းခွင်တွင် ရောဂါသယ်ဆောင်သည့် အခြားသောဓာတုပစ္စည်းများကြောင့်ဖြစ်ပေါ်သောသို့မဟုတ် အလုပ်မှ ထွက်ပေါ်လာသည့် ရောဂါသယ်ဆောင်သော ဤဓာတုပစ္စည်းများအား ထိတွေ့ခြင်းနှင့် အလုပ်သမားကြောင့် ကူးစက်သည့် ရောဂါများအကြား နိုင်ငံ၏ အခြေအနေများနှင့် အလေ့အကျင့်များနှင့် လျော်ကန်သည့် နည်းစနစ်များအား ဖြင့် ဆုံးဖြတ်သတ်မှတ်ထားသည့် ရောဂါများ

၁.၂။ ရုပ်ပိုင်းဆိုင်ရာ ရောဂါသယ်ဆောင်သည့် အရာများကြောင့် ဖြစ်ပေါ်သည့် ရောဂါများ

၁.၂.၁။ ဆူညံသံများကြောင့် အကြားအာရုံမကောင်းခြင်း

၁.၂.၂။ တုန်ခါမှုများကြောင့်ဖြစ်ပေါ်သည့် ရောဂါများ (ကြွက်သားများ၊ အမျှင်တစ်ရှူးများ၊ အရိုးများ၊ အဆစ်များ၊ အရန်သွေးကြောများ သို့မဟုတ် အရန်အာရုံကြောများ နာမကျန်းဖြစ်ခြင်း)

၁.၂.၃။ လေဖိအားများခြင်း သို့မဟုတ် လေဖိအားနည်းခြင်းကြောင့် ဖြစ်ပေါ်သည့်ရောဂါများ

၁.၂.၄။ အိုင်ယွန်ရေဒီယိုသတ္တုကြွခြင်း (ရောင်ခြည်ဖြာထွက်ခြင်း) ကြောင့် ဖြစ်ပေါ်သည့်ရောဂါများ

၁.၂.၅။ လေဆာရောင်ခြည်အပါအဝင်၊အမြင်အာရုံဆိုင်ရာရောင်ခြည်များ (ခရမ်းလွန်ရောင်ခြည်၊ မြင်တွေ့နိုင်သောအလင်းရောင်၊ အ

နီရောင်အောက်ရောင်ခြည်) တို့ကြောင့် ဖြစ်ပေါ်သည့် ရောဂါများ

၁.၂.၆။ အလွန်အမင်းမြင့်မားသည့်အပူချိန်များနှင့်ထိတွေ့မှုကြောင့်ဖြစ်ပေါ်သည့်ရောဂါများ

၁.၂.၇။ သိပ္ပံနည်းကျချမှတ်ဖော်ပြထားသည့်တိုက်ရိုက်ချိတ်ဆက်မှုရှိသော အထက်ဖော်ပြပါ အမျိုးအစားများတွင် ဖော်ပြထားရှိမရှိသော်လည်း လုပ်ငန်းခွင်တွင် ရုပ်ပိုင်းဆိုင်ရာ ရောဂါသယ်ဆောင်သည့် အခြားသောအရာများကြောင့် ဖြစ်ပေါ်သော သို့မဟုတ် အလုပ်မှထွက်ပေါ်လာသည့် ၎င်းရုပ်ပိုင်းဆိုင်ရာ ရောဂါသယ်ဆောင်သောအရာများအား ထိတွေ့ခြင်းနှင့် အလုပ်သမားကြောင့် ကူးစက်သည့် ရောဂါများအကြား နိုင်ငံ၏ အခြေအနေများနှင့် အလေ့အကျင့်များနှင့် လျော်ကန်သည့် နည်းစနစ်များအားဖြင့် ဆုံးဖြတ်သတ်မှတ်ထားသည့် ရောဂါများ

၁.၃။ ဇီဝဆိုင်ရာ ရောဂါသယ်ဆောင်သည့်အရာများနှင့် ကူးစက်ရောဂါများ သို့မဟုတ် ကပ်ပါးရောဂါများ

၁.၃.၁။ တိရိစ္ဆာန်များမှကူးစက်သော ဘရူဆဲလား (brucella) ပိုင်းရပ်စ်ကြောင့်ဖြစ်ပေါ်သည့် ကူးစက်ရောဂါများ

၁.၃.၂။ သွေးတိုးရောဂါဗိုင်းရပ်ပိုးများ

၁.၃.၃။ ကိုယ်ခံအားကျဆင်းသည့် အိပ်(ချ)အိုင်ဗွီ ဗိုင်းရပ်ပိုး

၁.၃.၄။ အဆိပ်အတောက်ရှိသည့် ဘက်တီးရီးယားကြောင့် မေးရိုးကြွက်သားများအလွန်နာကျင်ကာ ပါးစပ်ဟရန် အလွန်ခက်ခဲသည်အထိ ပြင်းထန်းစွာခံစားရသည့် ရောဂါ

၁.၃.၅။ တီဘီရောဂါ

၁.၃.၆။ ဘက်တီးရီးယား သို့မဟုတ် မှိုနှင့် ဆက်စပ်နေပြီး အဆိပ်အ

တောက်ဖြစ်သောသို့မဟုတ် ရောင်ရမ်းသောရောဂါလက္ခဏာများ

၁.၃.၇။ ထောင့်သန်းနာ

၁.၃.၈။ ဆီးသို့မဟုတ်ရောဂါပိုးကူးစက်ခံရသည့်တိရစ္ဆာန်များကြောင့် မသန့်ရှင်းသည့်ရေ သို့မဟုတ် မြေကြီးတို့နှင့်ထိတွေ့ရမှ ကိုယ်ပူချိန်မြင့်မားခြင်း၊ ခေါင်းကိုက်ခြင်း၊ အော့အန်ခြင်း၊ မျက်လုံးများနီလာခြင်း၊ ကြွက်သားများ နာကျင်ခြင်းစသည်တို့ကို ခံစားဖြစ်ပေါ်စေသည့် ရောဂါ

၁.၃.၉။ သိပ္ပံနည်းကျချမှတ်ဖော်ပြထားသည့်တိုက်ရိုက်ချိတ်ဆက်မှုရှိသော အထက်ဖော်ပြပါ အမျိုးအစားများတွင်ဖော်ပြထားရှိမရှိသော်လည်း လုပ်ငန်းခွင်တွင် ဇီဝဆိုင်ရာ ရောဂါသယ်ဆောင်သည့် အခြားသောအရာများကြောင့်ဖြစ်ပေါ်သော သို့မဟုတ် အလုပ်မှ ထွက်ပေါ်လာသည့် ဤဇီဝဆိုင်ရာ ရောဂါသယ်ဆောင်သောအရာများအားထိတွေ့ခြင်းနှင့်အလုပ်သမားကြောင့်ကူးစက်သည့်ရောဂါများအကြား နိုင်ငံ၏ အခြေအနေများနှင့် အလေ့အကျင့်များနှင့် လျော်ကန်သည့် နည်းစနစ်များအားဖြင့် ဆုံးဖြတ်သတ်မှတ်ထားသည့် ရောဂါများ

၂။ သတ်မှတ်ထားရှိသည့် အင်္ဂါအစိတ်အပိုင်းစနစ်များကြောင့် ဖြစ်ပေါ်သည့် လုပ်ငန်းခွင်ဆိုင်ရာရောဂါများ

၂.၁။ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ

၂.၁.၁။ ဖိုင်ဘရိုဂျဲန်းနစ် (fibrogenic) ဓာတ်သတ္တုမှုန်များ ကိုရှူရှိုက်မိသောကြောင့်ဖြစ်ပေါ်သည့် အဆုတ်ရောင်ရောဂါ (ပုံဆောင်ခဲအသွင်ဆောင်သည့်ဆီလီကာအမှုန်များကိုရှူရှိုက်မိသောကြောင့်ဖြစ်ပေါ်သည့် အဆုတ်ရောဂါ၊ ကျောက်မီးသွေး၊ ကာဗွန်စသည့် ဆီလီကာအမှုန်များကို ရှူရှိုက်မိသောကြောင့်ဖြစ်

ပေါ်သည့် အဆုတ်ရောဂါ ကျောက်ဂွမ်းမှုန်းများကို ရှူရှိုက်မိ သောကြောင့်ဖြစ်ပေါ်သည့် အဆုတ်ရောဂါ)

၂.၁.၂။ ဆီလီကာအမှုန်များကို ရှူရှိုက်မိသောကြောင့်ဖြစ်ပေါ်သည့် တီဘီရောဂါ

၂.၁.၃။ ဖိုင်ဘာရိုဂျဲန်းနစ် ဓါတ်သတ္တုမဟုတ်သော အမှုန်များကို ရှူရှိုက်မိသောကြောင့်ဖြစ်ပေါ်သည့် အဆုတ်ရောဂါ

၂.၁.၄။ ကိုယ်ခန္ဓာရှိတစ်ရှူးများတွင်သံဓါတ်လွန်ကဲမှုကြောင့်ဖြစ်ပေါ် သည့် အဆုတ်ရောင်ရောဂါ

၂.၁.၅။ မာကျောသည့်ဓါတ်သတ္တုမှုန်များကြောင့်ဖြစ်ပေါ်သည့် နာတာရှည်အဆုတ်ရောဂါ

၂.၁.၆။ ချည်အမှုန်များ၊ နမ်းကြတ်ပင်လျှော်၊ ပိုက်ဆံလျှော်၊ နာနတ် လျှော် သို့မဟုတ် ကြံဖတ်အမှုန်များကြောင့် ဖြစ်ပေါ်သည့် နာတာရှည်အဆုတ်ရောဂါ။

၂.၁.၇။ အသိအမှတ်ပြုထားသည့် တုန့်ပြန်မှုလွယ်ကူသော ရောဂါသယ် ဆောင်သည့်အရာများ သို့မဟုတ် လုပ်ကိုင်သည့် အလုပ်လုပ် ကိုင်သည့်လုပ်ငန်းစဉ်တွင်နဂိုကတည်းကရှိထားသည့်အရာ များကြောင့်ဖြစ်ပေါ်သည့် ရင်ကြပ်ရောဂါ

၂.၁.၈။ လုပ်ငန်းခွင်ရှိလုပ်ဆောင်မှုများမှ ထွက်ပေါ်လာသည့် အော်ဂဲန်းနစ်အမှုန်များ သို့မဟုတ် နိုင်းယှဉ်၍မရအောင် ညစ်ညမ်း သည့် ဖျန်းဆေးများ (spray) သို့မဟုတ် အော်ဂဲန်းနစ်အမှုန် များဖြစ်သည့် ပြင်ပမှအရာများကြောင့်ဖြစ်ပေါ်သည့် အဆုတ် ရောဂါ

၂.၁.၉။ လုပ်ငန်းခွင်တွင်အလုပ်လုပ်ဆောင်ခြင်းမှထွက်ပေါ်လာသည့် ကျောက်မီးသွေးအမှုန်များ၊ ကျောက်မိုင်းများမှ ထွက်ပေါ်လာ သည့်အမှုန်များ၊သစ်သားမှုန်များ၊ကောက်နှံပင်များနှင့်လယ်

ယာလုပ်ငန်းများမှ ထွက်ပေါ်လာသော အမှုန်များ၊ တိရစ္ဆာန်များ၏ စားကျက်ကွင်းများမှ ထွက်ပေါ်လာသော အမှုန်များ၊ အထည်အလိပ်များမှ ထွက်ပေါ်လာသည့်အမှုန်များ၊ စက္ကူဖုန်မှုန့်များကြောင့် ဖြစ်ပေါ်သည့် နာတာရှည်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ

၂.၁.၁၀။ အလူမီနီယမ်ကြောင့်ဖြစ်ပေါ်သည့်အဆုတ်ရောဂါများ

၂.၁.၁၁။ အသိအမှတ်ပြုထားသည့် တုန့်ပြန်မှုလွယ်ကူသော ရောဂါသယ်ဆောင် သည့်အရာများ သို့မဟုတ် အလုပ်လုပ်ကိုင်သည့် လုပ်ငန်းစဉ်တွင် နဂိုကတည်းကရှိထားသော အရာများကြောင့် အပေါ်ပိုင်းအသက်ရှူလမ်းကြောင်း ပုံမှန်မဟုတ်ခြင်းများ

၂.၁.၁၂။ သိပ္ပံနည်းကျချမှတ်ဖော်ပြထားသည့် တိုက်ရိုက်ချိတ်ဆက်မှုရှိသော အထက်ဖော်ပြပါ အမျိုးအစားများတွင် ဖော်ပြထားရှိမရှိသည့် အခြားသောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ သို့မဟုတ် အလုပ်လုပ်ကိုင်ရာမှ ထွက်ပေါ်လာသည့် အန္တရာယ်ရှိသည့် အခြင်းအရာများနှင့် ထိတွေ့မှုနှင့် အလုပ်သမားကြောင့် ကူးစက်သည့် ရောဂါများအကြား နိုင်ငံ၏အခြေအနေများနှင့် အလေ့အကျင့်များနှင့် လျော်ကန်သည့်နည်းစနစ်များအားဖြင့် ဆုံးဖြတ်သတ်မှတ်ထားသည့် ရောဂါများ

၂.၂။ အရေပြားရောဂါများ

၂.၂.၁။ အခြားရောဂါအမျိုးအမည်များတွင် ပါဝင်ခြင်းမရှိဘဲ၊ အလုပ်လုပ်ကိုင်ရာမှ ထွက်ပေါ်လာသည့် ဓါတ်မတည့်မှုကို နှိုးဆွပေးသော ရောဂါသယ်ဆောင်သည့်အရာများကြောင့် ဖြစ်ပေါ်လာသည့် အနီရောင်ယားနာများနှင့် အနီရောင်ရှိသည့် ရောင်ယမ်းမှုများ

၂.၂.၂။ အခြားရောဂါအမျိုးအမည်များတွင် မပါဝင်ဘဲ၊ အလုပ် လုပ်ကိုင်ရာမှထွက်ပေါ်လာသည့်အသိအမှတ်ပြုထားသောရောဂါသယ်ဆောင်သည့် အရာများအား ထိတွေ့မှုကြောင့်ဖြစ်ပေါ်လာသည့် အနီရောင်ယားနာများ

၂.၂.၃။ အခြားရောဂါအမျိုးအမည်များတွင် မပါဝင်ဘဲ၊ အလုပ်လုပ်ကိုင်ရာမှ ထွက်ပေါ်လာသည့် အသိအမှတ်ပြုထားသောရောဂါသယ်ဆောင်သည့်အရာများကြောင့်ဖြစ်ပေါ်သည့် ခရုသင်းရောဂါ

၂.၂.၄။ သိပ္ပံနည်းကျချမှတ်ဖော်ပြထားသည့် တိုက်ရိုက်ချိတ်ဆက်မှုရှိသော အထက်ဖော်ပြပါ အမျိုးအစားများတွင် ဖော်ပြထားရှိ မရှိဘဲ၊ ရုပ်ပိုင်းဆိုင်ရာ၊ ဓာတုပစ္စည်းများဆိုင်ရာ သို့မဟုတ် ဇီဝဆိုင်ရာ ရောဂါသယ်ဆောင်သည့် ကြားခံအရာများကြောင့်ဖြစ် ပေါ်သည့် အခြားသော အရေပြားရောဂါများ သို့မဟုတ် အလုပ် လုပ်ကိုင်ရာမှ ထွက်ပေါ်လာသည့် အန္တရာယ်ရှိသည့် အခြင်းအရာများနှင့် ထိတွေ့မှုနှင့် အလုပ်သမားကြောင့် ကူးစက် သည့် အရေပြားရောဂါများအကြား နိုင်ငံ၏ အခြေအနေများနှင့် အလေ့အကျင့်များနှင့် လျော်ကန်သည့် နည်းစနစ်များအားဖြင့် ဆုံးဖြတ်သတ်မှတ်ထားသည့် အခြားသော အရေပြားရောဂါများ

၂.၃။ ကြွက်သားများနှင့် အရိုးများ နဂိုပုံမှန်အနေအထားတွင်မရှိခြင်းများ

၂.၃.၁။ လက်ကောက်ဝတ်ကို အကြိမ်ကြိမ်ရွေ့လျား ပြောင်းလဲမှုပြုလုပ်ခြင်း၊ အားစိုက်လုပ်ကိုင်ရခြင်း၊ ပုံစံအနေအထားအမျိုးမျိုးကို အလွန်အမင်းလုပ်ဆောင်ရခြင်းကြောင့် လက်ကောက်ဝတ်အရွတ်များဒဏ်ဖြစ်ခြင်း၊ ရောင်ယမ်းနာကျင်ခြင်း

၂.၃.၂။ လက်ကောက်ဝတ်ကို အကြိမ်ကြိမ်ရွေ့လျားပြောင်းလဲမှုပြုလုပ်ခြင်း၊ အားစိုက်လုပ်ကိုင်ရခြင်း၊ ပုံစံအနေအထား အမျိုးမျိုးကို အလွန်အမင်းလုပ်ဆောင်ရခြင်းကြောင့် လှုပ်ရှားမှုပြုသည်နှင့် လက်နှင့်လက်ကောက်ဝတ်ရှိ အရွတ်များရောင်ယမ်းနာကျင်သည့် နာတာရှည်ရောဂါ ခံစားရခြင်း

၂.၃.၃။ တံတောင်ဆစ်နေရာတစ်ဝိုက်ဖြင့် အချိန်ကြာမြင့်စွာ ဖိခြင်း၊ တွန်းခြင်းများကြောင့် တံတောင်ဆစ်ထိပ်ပိုင်းတွင် နီရဲပြီး ရောင်ယမ်းနာကျင်မှုများ ဖြစ်ပေါ်ခံစားရခြင်း

၂.၃.၄။ အချိန်ကြာမြင့်စွာ ဒူးထောက်အနေအထားဖြင့် နေခြင်းကြောင့် ဂုံညင်းရိုးရောင်ရမ်းနာကျင်ဝေဒနာခံစားရခြင်း

၂.၃.၅။ အကြိမ်ကြိမ်အားစိုက်လုပ်ကိုင်ရခြင်းကြောင့် တံတောင်ဆစ်ရောင်ရမ်းနာကျင်မှုခံစား ရခြင်း

၂.၃.၆။ ဒူးထောက်အနေအထားပုံစံ သို့မဟုတ် ဆောင့်ကြောင့်ထိုင်သည့် အနေအထားပုံစံဖြင့် အလုပ်ကိုအချိန်ကြာမြင့်စွာလုပ်ကိုင်ရခြင်းကြောင့် ဒူးနာခြင်းဝေဒနာများခံစားရခြင်း

၂.၃.၇။ အကြိမ်ကြိမ်အားစိုက်လုပ်ကိုင်ရခြင်း၊ တုန်ခါမှုများရှိနေသည့် အနေအထားဖြင့် လုပ် ကိုင်ရသည့် အလုပ်အကိုင်၊ လက်ကောက်ဝတ်ပုံစံအနေအထားအမျိုးမျိုးကို အလွန်အမင်းလုပ်ဆောင်ရခြင်း၊ သို့မဟုတ် ထိုကဲ့သို့သော အနေအထား ၃ မျိုးစလုံးကို စုပေါင်းလုပ်ကိုင်ရခြင်းကြောင့် လက်မျက်ရိုး ရောဂါများ ခံစားရကာ လက်မ၊ လက်ခလယ်နှင့် လက်သူကြွယ်များတွင် နာကျင်ခြင်း၊ ထုံခြင်း စသည်တို့ ဖြစ်ပေါ်ခံစားရခြင်း

၂.၃.၈။ သိပ္ပံနည်းကျချမှတ်ဖော်ပြထားသည့် တိုက်ရိုက်ချိတ်ဆက်မှုရှိသော အထက်ဖော်ပြပါ အမျိုးအစားများတွင် ဖော်ပြထားရှိမရှိဘဲ၊ အခြားသောကြွက်သားနှင့် အရိုးများနဂိုပုံမှန်မဟုတ်

သည့် ရောဂါများ သို့မဟုတ် အလုပ်လုပ်ကိုင်ရာမှထွက်ပေါ် လာသည့် အန္တရာယ်ရှိသည့်အခြင်းအရာများနှင့်ထိတွေ့ မှုနှင့် အလုပ်သမားကြောင့် ဖြစ်ပေါ်ခံစားရသည့် ကြွက်သားနှင့် အရိုးများနဂိုပုံမှန်မဟုတ်သည့် ရောဂါများအကြား နိုင်ငံ၏ အခြေအနေများနှင့် အလေ့အကျင့်များနှင့်လျော်ကန်သည့် နည်းစနစ်များအားဖြင့် ဆုံးဖြတ်သတ်မှတ်ထားသည့် အခြား သောအခြားသောကြွက်သားနှင့် အရိုးများ ပုံမှန်မဟုတ်သည့် ရောဂါများ

၂.၄။ စိတ်ပိုင်းဆိုင်ရာနှင့် အပြုအမူပိုင်းဆိုင်ရာ ပုံမှန်မဟုတ်ခြင်းများ

၂.၄.၁။ ကြောက်မက်ဖွယ်ရာဖြစ်ရပ်များ၊ အိပ်မက်များ၊ အလွန်အမ င်းစိုးရိမ်ပူပန်မှုများကြောင့် နောက်ပိုင်းတွင် စိတ်ဒဏ်ရာများ ဖြစ်ပေါ်ခံစားရခြင်း

၂.၄.၂။ သိပ္ပံနည်းကျချမှတ်ဖော်ပြထားသည့်တိုက်ရိုက်ချိတ်ဆက်မှုရှိ သော အထက်ဖော်ပြပါ အမျိုးအစားများတွင်ဖော်ပြထားရှိမ ရှိဘဲ၊ အခြားသောစိတ်ပိုင်းဆိုင်ရာနှင့် အပြုအမူပိုင်းဆိုင်ရာ ပုံမှန်မဟုတ်ခြင်းများ သို့မဟုတ် အလုပ်လုပ်ကိုင်ရာမှ ထွက် ပေါ်လာသည့် အန္တရာယ်ရှိသည့်အခြင်းအရာများနှင့် ထိတွေ့ မှုနှင့် အလုပ်သမားကြောင့် ဖြစ်ပေါ်ခံစားရသည့် စိတ်ပိုင်းဆိုင် ရာနှင့် အပြုအမူပိုင်းဆိုင်ရာ ပုံမှန်မဟုတ်ခြင်းများအကြား၊ နိုင်ငံ၏ အခြေအနေများနှင့် အလေ့အကျင့်များနှင့် လျော်ကန် သည့်နည်း စနစ်များအားဖြင့် ဆုံးဖြတ်သတ်မှတ်ထားသည့် အခြားသော စိတ်ပိုင်းဆိုင်ရာနှင့် အပြုအမူပိုင်းဆိုင်ရာ ပုံမှန် မဟုတ်ခြင်းများ

၃။ လုပ်ငန်းခွင်ကြောင့်ဖြစ်ပေါ်သည့် ကင်ဆာရောဂါများ

၃.၁။ အောက်ဖော်ပြပါ ရောဂါသယ်ဆောင်သည့်အရာများကြောင့် ကင်ဆာရောဂါဖြစ်ပေါ်ခံစားရခြင်း၊

၃.၁.၁။ ကျောက်ဂွမ်းမှုန့်များ

၃.၁.၂။ ဘင်ဇီဒိုင်းနှင့် ယင်း၏ဆားများ

၃.၁.၃။ ကော်စေ့များ၊ အထည်အလိပ်များပြုလုပ်ရာတွင် အသုံးပြုသည့် အော်ဂဲန်းနစ်ဒြပ်ပေါင်းဖြစ်သော ကလိုရိုမီသိုင်း အီးသာ အရည်

၃.၁.၄။ ခရိုမီယမ် (၆) ဒြပ်ပေါင်း

၃.၁.၅။ ကတ္တရာစေးများ၊ သို့မဟုတ် ယင်းမှထွက်သည့် ကျပ်ခိုးများ

၃.၁.၆။ ဆိုးဆေးများနှင့်လယ်ယာစိုက်မပျိုးရေးဆိုင်ရာဓာတုဆေးဝါးများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဘီတာနဖသိုင်လမင်း (ယင်းသည် အဖြူရောင်မှ အနီရင့်ရောင်အဆင်းရှိကာ ရေနွေးတွင် အလွယ်တကူပျော်ဝင်နိုင်သည့် အစိုင်အခဲ အရာဝတ္ထုဖြစ်သည်)။

၃.၁.၇။ စက်မှုလုပ်ငန်းများအတွင်း အသုံးပြုသည့်ဓာတုပစ္စည်းတစ်မျိုးဖြစ်ပြီး၊ အရောင်အဆင်းမရှိသည့် ဒြပ်ပေါင်းဖြစ်သော ဗွီနိုင်းကလိုရိုက်

၃.၁.၈။ ဘင်ဇင်း (ရေပေါ်တွင်ပေါ်နိုင်သော အဝါနုရောင်ဓာတုဆေးရည်)

၃.၁.၉။ ဘင်ဇင်း သို့မဟုတ် ယင်း၏အလားတူများ၏ အဆိပ်အတောက်ရှိသော နိုက်ထရိုဆင့်ပွားများနှင့် အမိုင်နိုဆင့်ပွားများ

၃.၁.၁၀။ အိုင်ယွန်ရေဒီယိုသတ္တုကြွခြင်းများ

၃.၁.၁၁။ ကတ္တရာစေး၊ ကတ္တရာ၊ ရေနံကတ္တရာ၊ တွင်းထွက်ရေနံစိမ်း၊ အရောင်အဆင်းမရှိဘဲ အစိုင်အခဲပုံစံဖြင့်ရှိသည့် အန်သရာစင်း (ယင်းကိုဓာတုပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြု သည်)၊ ယင်းတို့၏ ဒြပ်ပေါင်းများ၊ သို့မဟုတ် ယင်းအရာဝတ္ထုများမှ

ထုတ်လုပ်သည့် ပစ္စည်းများ သို့မဟုတ် ယင်းတို့၏ အကြွင်းအကျန်များ၊

၃.၁.၁၂။ ကုတ်မီးသွေးမီးဖိုများမှ ထုတ်လွှတ်သည့်မီးခိုးငွေ့များ

၃.၁.၁၃။ နီကယ်လ်ဒြပ်ပေါင်းများ

၃.၁.၁၄။ သစ်မှုန်များ

၃.၁.၁၅။ အာဆင်းနစ်နှင့် ယင်း၏ဒြပ်ပေါင်းများ

၃.၁.၁၆။ လေယာဉ်မလူးအောင်ထိန်းသည့် ကိရိယာများ၊ စပရင်များ၊ ထုတ်လုပ်ခြင်းနှင့် လျှပ်စစ်ဆက်သွယ်ခြင်းတွင် နီကယ်လ်နှင့် ရော၍ အသုံးပြုသည့် ဘယ်ရီလီယမ်နှင့် ယင်း၏ ဒြပ်ပေါင်းများ

၃.၁.၁၇။ ငွေရောင်တောက်သည့် အဖြူရောင်သတ္တုဖြစ်သော ကတ်မီယမ်သတ္တု သို့မဟုတ် ယင်း၏ဒြပ်ပေါင်းများ

၃.၁.၁၈။ သဘာဝအားဖြင့် အမျှင်ပုံစံများဖြင့်ရှိပြီး ကင်ဆာရောဂါဖြစ်စေသည့် ဓါတ်သတ္တု (အရီယွန်နိုက်)

၃.၁.၁၉။ အီသိုင်လင်းအောက်ဆိုဒ်

၃.၁.၂၀။ အသဲရောင်အသားဝါ ဘီပိုးနှင့် အသဲရောင်အသားဝါ စီပိုး

၃.၁.၂၁။ သိပ္ပံနည်းကျချမှတ်ဖော်ပြထားသည့် တိုက်ရိုက်ချိတ်ဆက်မှုရှိသော အထက်ဖော်ပြပါ အမျိုးအစားများတွင် ဖော်ပြထားရှိမရှိဘဲ၊ လုပ်ငန်းခွင်တွင်ရောဂါသယ်ဆောင်သည့်အခြားသောအရာများကြောင့်ဖြစ်ပေါ်သည့်ကင်ဆာရောဂါများ သို့မဟုတ် အလုပ်လုပ်ကိုင်ရာမှထွက်ပေါ်လာသည့်ဤရောဂါသယ်ဆောင်သည့်အရာများနှင့်ထိတွေ့မှုနှင့် အလုပ်သမားကြောင့်ဖြစ်ပေါ်ခံစားရသည့် ကင်ဆာရောဂါများအကြား နိုင်ငံ၏ အခြေအနေများနှင့် အလေ့အကျင့်များနှင့်လျော်ကန်သည့် နည်းစနစ်များ

အားဖြင့် ဆုံးဖြတ်သတ်မှတ်ထားသည့် ကင်ဆာရောဂါများ

၄။ အခြားရောဂါများ

၄.၁။ သတ္တုမိုင်းတွင်းလုပ်သားများ တွေ့ကြုံခံစားရသည့် မျက်လုံးဂဏာမငြိမ်ဖြစ်ခြင်း၊ အမြင်အာရုံများထိခိုက်ခြင်း၊ ညဘက်မမြင်ရခြင်းများ

၄.၂။ သိပ္ပံနည်းကျချမှတ်ဖော်ပြထားသည့် တိုက်ရိုက်ချိတ်ဆက်မှုရှိသော အထက်ဖော်ပြပါ အမျိုးအစားများတွင် ဖော်ပြထားရှိမရှိဘဲ၊ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များ သို့မဟုတ် အလုပ်အကိုင် လုပ်ငန်းစဉ်များတွင် ဖြစ်ပေါ်သည့် အခြားသော ရောဂါများ သို့မဟုတ် အလုပ်လုပ်ကိုင်ရာမှ ထွက်ပေါ်လာသည့် ရောဂါသယ်ဆောင်သည့် အရာများနှင့် ထိတွေ့မှုများနှင့် အလုပ်သမားကြောင့်ဖြစ်ပေါ်သည့် ရောဂါများအကြား၊ နိုင်ငံ၏ အခြေအနေများနှင့် အလေ့အကျင့်များနှင့် လျော်ကန်သည့် နည်း စနစ်များအားဖြင့် ဆုံးဖြတ်သတ်မှတ်ထားသည့် အခြားသော ရောဂါများ

**အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ရုံး မြန်မာ**
အမှတ် ၁ (က)၊ ကန်ဘဲ့လမ်း (သစ္စာလမ်း)၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။
ဖုန်း +၉၅ ၁ ၇၃၃၆၅၃၈၊ ၇၃၃၆၅၃၉